မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၉၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်နေ့ ၂၀၁၄ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ တနင်္လာနေ့။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး လားရှိုးမြို့ ရိုးရာမဟာသင်္ကြန်ဖွင့်ပွဲ တက်ရောက်အားပေး

လားရှိုး ဧပြီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမရှေ့ရှိ ရေသဘင်မဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှန်တို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က နှစ်သစ်အကြိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်အေး၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းမွန်းနှင့် ဦးလွယ်မောင်းတို့က မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို

စာမျက်နှာ ၇ ကော်လံ ၁ ✻

နေပြည်တော်မဟာသင်္ကြန် ပဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၃

မြန်မာတို့၏ ယဉ်ကျေးမှုနှင့် ဘာသာတရားကို အခြေခံထားသည့် နှစ်သစ်ကူးပွဲတော် မဟာသင်္ကြန်ကို နှစ်စဉ်နှစ်တိုင်း တန်ခူးလ၌ ကျင်းပကြသည်။ နှစ်ဟောင်းမှ ကိုယ်ဖြင့်၊ နှုတ်ဖြင့်၊ စိတ်ဖြင့်ပြုခဲ့မိသည့် အကုသိုလ် အညစ်အကြေးများကို အတာသင်္ကြန်ရေဖြင့် ဆေးကြော၍ နှစ်သစ်သို့ ကူးပြောင်းကြသည်။ ထိုအချိန်၌ သတ္တဝါများဘေးမဲ့ပေးခြင်း၊ ရဟန်းခံ၊ ရှင်ပြုပွဲများကျင်းပခြင်း၊ ဘိုးဘွားများအား ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်း၊ စတုဒိသာများကျွေးမွေးခြင်းတို့ကို ပြုလုပ်လေ့ရှိသည်ကို ကြည့်ရှုပါက မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့နူးညံ့သည့် ဓလေ့စရိုက်သဘာဝကို ရိုးရှင်းစွာ တွေ့မြင်နိုင်ပေမည် ဖြစ်သည်။

နှစ်သစ်စ တန်ခူးလ၏ ပူပြင်းသော နွေရာသီအပူဒဏ်ကို ခံနိုင်ရန်၊ အေးချမ်းမှုတို့ကိုပေးစေရန်၊ နှစ်ဟောင်းက အညစ်အကြေးများကင်းစင်လွင့်ပျောက်စေပြီး နှစ်သစ်သို့ ပါမလာစေရန်ရည်ရွယ်၍ ရေစင်သွန်းလောင်းခြင်းဖြစ်သည်နှင့်အညီ နှစ်ဟောင်းက မတော်တဆပြုမိခဲ့ကြသည့် အမှားအယွင်းများ၊ မကောင်းမှုများနှင့် အာဃာတများကို ကြည်လင်အေးမြသည့် သီတာရေစင်ဖြင့် တစ်ဦးကိုတစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြောသင်ပုန်းချေကြပြီး တစ်ဦး၏အပြစ်ကို တစ်ဦးက ခွင့်လွှတ်ကာ

စာမျက်နှာ ၈ ကော်လံ ၄ ■

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူလေးများ ပါဝင်ဖျော်ဖြေတင်ဆက်ကြစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၃

၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် နံနက် ၈ နာရီက မြို့တော်ခန်းမရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ၊ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

မဟာသင်္ကြန်အကြိုနေ့က မြန်မာတို့၏ ရေကစားပွဲတော်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆင်နွှဲကြပြီး ရန်ကုန်မြို့တွင်း ရေပက်ကစားနေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မိုးကြိုးအန္တရာယ် သတိပြုဖွယ်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဧပြီလနှင့် မေလအတွင်း မိုးဦး လေဦး စတင်ဝင်ရောက်လာပြီး အပူရှိန်လွန်ကဲ၍ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းနှင့် မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားတတ်ပါသည်။ ဤသို့ မိုးဦးလေဦးကျရောက်စဉ် ပြည်သူများအနေဖြင့် မိုးကြိုးပစ်ခြင်းနှင့် ပတ်သက်၍ ရှောင်ရန်ဆောင်ရန် ဗဟုသုတများ သိရှိထားသင့်ပေသည်။

လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းများ စတင်ဖြစ်ပေါ်နေချိန် နေအိမ်အပြင်ဘက်သို့ ရောက်ရှိနေမည်ဆိုပါက အိမ်ထဲသို့ ချက်ချင်း ပြေးသင့်ပါသည်။ သံသတ္တုပစ္စည်းများ လက်ထဲတွင်ကိုင်မထားသင့်ပါ။ သစ်ပင်ဓာတ်တိုင်နှင့် သံသတ္တုပစ္စည်းများအနီးတွင် မနေသင့်ပါ။ နိမ့်သောနေရာများ၌သာ နေသင့်ပါသည်။ မြစ်ချောင်း၊ အင်းအိုင်များနှင့် ကွင်းပြင်လွင်တီးခေါင်အရပ်တို့၌ နေရန်မသင့်ပါ။ ရှောင်ကြဉ်သင့်ပါသည်။

လျှပ်စီးလက်သည်ကို မြင်သည်နှင့် ၁ မှ ၃၀ အထိ ရေတွက်ကြည့်ပါ။ ၃၀ မပြည့်မီ မိုးကြိုးပစ်သံကြားရပါက အမြန်ဆုံး အိမ်ထဲသို့ ပြေးဝင်သင့်ပါသည်။ မိုးကြိုးလျှပ်စီးဖြစ်ပေါ်ချိန် ဆံပင်များထောင်လာပါက မိုးကြိုးပစ်ခံရတော့မည့်လက္ခဏာဖြစ်ပါသည်။ ထိုအချိန်တွင် ပြားပြားဝပ်မနေသင့်ပါ။ ဒူးထောက်ချပြီး လက်နှစ်ဖက်ကို ဒူးပေါ်သို့ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွှတ်ထားသင့်ပါသည်။

မိုးကြိုးလျှပ်စီးများ ဖြစ်ပေါ်နေချိန် နေအိမ်အတွင်း ရောက်ရှိနေပါက အဆောက်အအုံ၏ အလယ်တည့်တည့်၌သာ နေသင့်ပါသည်။ မိုးကြိုးလျှပ်စီးများ ဖြစ်ပေါ်နေချိန်တွင် တယ်လီဖုန်းဆက်သွယ်ပြောဆိုခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုခြင်း၊ ရေဒီယိုနားထောင်ခြင်းတို့ကို ခေတ္တမျှ ရှောင်ကြဉ်သင့်ပါသည်။ ယင်းတို့မှတစ်ဆင့် လျှပ်စီးဝင်ပြီး မိုးကြိုးပစ်နိုင်ပါသည်။ မိုးကြိုးစက်ကွင်း ရှောင်ကွင်းနိုင်ရန်အတွက် အထပ်မြင့်အဆောက်အအုံတိုင်းတွင် မိုးကြိုးလွှဲများ တပ်ဆင်ထားသင့်ပါသည်။

မိုးကြိုးပစ်မှုဖြစ်ပွားလေ့ရှိသော ဒေသများ၌ စတီးဖြင့်ပြုလုပ်ထားသော ကားအမိုးများ သတိပြုသင့်ပါသည်။ ပြောင်လက်သော သံထည်ပစ္စည်းများ မိုးကြိုးလျှပ်စီးဝင်ပြီး မိုးကြိုးပစ်ခံရနိုင်ပါသည်။ မိုးကြိုးလျှပ်စီးဖြစ်ပေါ်နေချိန် ကားကို အရှိန်လျှော့မောင်းသင့်ပါသည်။ လမ်းဘေးအန္တရာယ်ကင်းလွတ်ရာနေရာ၌ ရပ်နားထားလျှင် အကောင်းဆုံးဖြစ်ပါသည်။

သို့ရာတွင် မိုးကြိုးပစ်မှုဖြစ်ပွားရာ အများဆုံးဒေသများမှာ ကျေးလက်များ၌ဖြစ်သည်ကို သတိပြုမိပါသည်။ လွင်တီးခေါင်၌ သွားလာသူများ ဖြစ်ပွားတတ်ပါသည်။ လျှပ်စီးသည် လွင်တီးခေါင်အရပ်၌ မြင့်သောအဆောက်အအုံများအတွင်း စီးဝင်ရန် နေရာမရှိသဖြင့် လူနှင့် ကျွဲ၊ နွားများကို မိုးကြိုးပစ်တတ်ပါသည်။ သို့ပါ၍ ဤမိုးဦးလေဦးအချိန်အခါတွင် မိုးကြိုးအန္တရာယ်နှင့် ပတ်သက်၍ လူတိုင်း သိရှိလိုက်နာကြမည်ဆိုလျှင် မိုးကြိုးအန္တရာယ်ကျရောက်ခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက်လုပ်ငန်းများဆက်လက်ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၁၃

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းတို့သည် မေ ၁၀ ရက် နံနက်ပိုင်းက ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ၌ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အထောက်အကူပြု ကော်မတီဝင်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဘဏ်အကူအညီဖြင့် လူထုဗဟိုပြုဖွံ့ဖြိုးရေး စီမံကိန်းကို တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ် ၁၅ မြို့နယ်တွင် သုံးနှစ်ဆက်တိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနှစ်အနေဖြင့် မြို့နယ်သုံးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ချင်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်က လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ မိမိတို့ဘက်မှလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပြီး စဉ်ဆက်မပြတ် စိတ်ပါဝင်စားစွာ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ် အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အတွက် လိုအပ်ချက်များတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာဝန်ကြီးနှင့်အတူ ဖလမ်းမြို့သို့ ထွက်ခွာလာရာ လမ်းခရီးတွင် ဟားခါးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူးရုံးရှိ ဝန်ထမ်းများ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ချွမ်းကျုန်းကျေးရွာ၊ ရမ်ထလိုကျေးရွာ၊ တလန်းဇာရ်ကျေးရွာ၊ တားလ်ကျေးရွာရှိ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံကာနိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ဖလမ်းမြို့ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို လူထုဗဟိုပြုနည်းလမ်းကို အသုံးပြု၍ အကောင်အထည်ဖော်မည်ဖြစ်သည့်အတွက် ရပ်ရွာလူထုကိုယ်တိုင် ဦးဆောင်ပါဝင် အကောင်အထည်ဖော်ဖော်ခွင့်ရမည်ဖြစ်သကဲ့သို့ လူထု၏ လုပ်ဆောင်နိုင်စွမ်းများ တိုးတက်လာစေရန်လည်း လေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ပြီးနောက် ရရှိလာသည့် ရလဒ်များကို ပြန်လည်ဆန်းစစ်ခြင်းအားဖြင့် စီမံကိန်းအကျိုးခံစားခွင့်ရသူအားလုံးအတွက် အမှန်တကယ်ထိရောက်မှုရှိ/မရှိ တိုင်းတာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသမြို့နယ်ဖွံ့ဖြိုးရေးအတွက် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် မြေပြို၍ ရွှေ့ပြောင်းခဲ့သော ဇာလိုင်ကျေးရွာစာသင်ကျောင်း ပြန်လည်တည်ဆောက်ရန် ထောက်ပံ့ငွေများ၊ ရန်ပုံငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကလေးမြို့သို့ထွက်ခွာလာရာ လမ်းတစ်လျှောက်ရှိ ဖလမ်းမြို့နယ် ဇာရ်လမ်းဆုံရွာ၊ လုမ်ဘန်ရွာ၊ လုံးဟော့ကျေးရွာနှင့် ဇားလုံကျေးရွာ၊ သိုင်းငင်းဆောက်လုပ်ရေးရိပ်သာတွင် တီးတိန်မြို့နယ် ဇောင်ငေါင်ရွာနှင့် ခိုင်ကမ်းကျေးရွာရှိ အထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးရွာများ၏ လိုအပ်ချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်စနစ်နှင့် မွေးမြူရေးဘဏ်စနစ်တို့ဖြင့် ဆောင်ရွက်နိုင်ရန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လူငယ်များအား ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် ကလေးမြို့၌ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအား ဆွေးနွေးကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သောရန်ပုံငွေများ ထောက်ပံ့ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖောင်းပြင်မြို့၌ မြို့ဆိပ်ကမ်းသာယာလှပရေးဆောင်ရွက်

ဖောင်းပြင် မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့ဆိပ်ကမ်း၌ မေ ၁၁ ရက် နံနက် ၇ နာရီက မြို့ဆိပ်ကမ်း သာယာလှပရေးအတွက် မြို့နယ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်သရိုက်များကို မီးရှို့ပြီး သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဓဲပုံ)**

ရင်းအပြင် မြို့နယ်စည်ပင်သာယာရေးဌာနမှ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း မြို့ပေါ်ရပ်ကွက်အတွင်းရှိ လမ်းများသို့ အမှိုက်ကားဖြင့် အမှိုက်သိမ်းပေးခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

သောကြာရွှေငါး

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဝိုင်းမော် မေ ၁၃

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လွှတ်တော်ရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၅)ရွာတို့တွင် လမ်း၊ တံတားပြုပြင်ဆောင်ရွက်ရေး ၁၉ ခု၊ စာသင်ကျောင်းများမွမ်းမံပြင်ဆင်ရေးလုပ်ငန်း ၁၂ ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ငါးခု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယိန်းဘော့မ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂမ်ဆိုင်းနှင့် အဖွဲ့သည် မေ ၄ ရက်မှ ၁၁ ရက်အထိ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



သမ္မတ	အချစ်များနှင့်ဝန်ဆင်းမယ်	[illegible]
သွင်	အချစ်များနှင့်ဝန်ဆင်းမယ်	[illegible]
[illegible]	အချစ်များနှင့်ဝန်ဆင်းမယ်	[illegible]
Top Royal	အချစ်များနှင့်ဝန်ဆင်းမယ်	[illegible]
နေပြည်တော်	NOAH 3D	Russell Crowe, Jennifer Connelly, Anthony Hopkins, Emma Watson
ရွှေဘောင်(၁)	CAPTAIN AMERICA THE WINTER SOLDIER 3D	CHRIS EVANS SAMUEL L. JACKSON SCARLETT JOHANSSON
ရွှေဘောင်(၂)	STILL 2	[illegible]
[illegible]	CAPTAIN AMERICA THE WINTER SOLDIER 3D	CHRIS EVANS SAMUEL L. JACKSON SCARLETT JOHANSSON

Mingalar Cinemas

မိဘမေတ္တာကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲကျင်းပ

ပုသိမ် ဧပြီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ယိုးဒယားတက်ကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် မိဘမေတ္တာကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။**(ယာပုံ)**

အဆိုပါ မိဘမေတ္တာကုသိုလ်ဖြစ်ဆေးခန်းအား ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦး မိသားစုက ငွေကျပ်သိန်း ၁၆၀၊ အမှတ်(၉၅၅) ဆောက်လုပ်ရေး၊ အင်ဂျင်နီယာတပ်ခွဲတပ်မှူး ဗိုလ်မှူးထွန်းလွင်မိသားစုက ငွေကျပ် သိန်း ၅၀ ဖြင့် ပြည့်မဟာကုမ္ပဏီ ဦးမင်းအောင်နှင့်မိသားစုက ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး မိုးကြယ်စင်ကုမ္ပဏီဒါရိုက်တာ ဦးပြည့်ဖြိုးအောင်မိသားစုက ငွေကျပ် သိန်း ၂၀၀၊ ဗိုလ်မှူးကြီးကျော်စိုးနှင့် ဇနီး ဒေါက်တာဝါဝင်းထိုက် မိသားစုက ငွေကျပ် ၁၀ သိန်း၊ MTS က ငွေကျပ် သိန်း ၁၀၀ တို့ကို ထာဝရဆေးပဒေသာပင် စိုက်ထည့်လှူဒါန်းခဲ့ကြသည်။

ဆေးခန်းအတွက် စုစုပေါင်း အလှူခံရရှိငွေကျပ် ၃၅၇ သိန်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဆေးခန်းအတွက် တစ်နှစ်စာဆေးဖိုး အလှူငွေကျပ် ၃၆ သိန်း၊ ဦးဝင်းဆွေ-ဒေါ်မွန်မွန်ကြည် မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးမျိုးဝင်း-ဒေါ်ဆန်းဆင့် မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးမြင့်နိုင်-ဒေါ်ခင်မာချို မိသားစုက ငွေကျပ်ခြောက်သိန်း ထည့်ဝင်လှူဒါန်းခဲ့ကာ ကျေးရွာအဝင်လမ်းအတွက် Max Myanmar ကုမ္ပဏီမှ ဦးဇော်ဇော်နှင့် ဦးအုန်းကျော်မိသားစုတို့က ငွေကျပ်သိန်း ၆၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်မိသားစုများသည် မွန်းလွဲပိုင်းတွင် ဟံသာသီရိမွှာရုံတွင် အသက် ၈၀ နှစ်ထက် အဘိုးအဘွား ၁၁၇ ဦး အတွက် သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ဂါရဝပြုခြင်း၊ ယိုးဒယားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အတွက် ကွန်ပျူတာနှစ်စုံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆေးခန်း အဆောက်အအုံသည် အလျား ၄၂ ပေ၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေ၊ RC တစ်ထပ်၊ သွပ်မိုး အဆောက်အအုံဖြစ်ပြီး ကုန်ကျငွေမှာ ငွေကျပ်သိန်း ၂၂၀ ဖြစ်သည်။ ယခုဆေးခန်းကို ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ယခင်က ကျောင်းကုန်း၊ ပုသိမ်မြို့တို့သို့ သွားရောက်ဆေးကုသရမည့်အစား ယခုဖွင့်သည့်ဆေးခန်းတွင် အချိန်ကုန်၊ ငွေကုန်သက်သာစေပြီး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

နိုင်ငံခြားရေးဝန်ကြီးဌာန မြက်ခင်းပြင်၌ရေသဘင်ပွဲတော်ကျင်းပ၊ နိုင်ငံခြားသံတမန်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၃

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (Myanmar ISIS)နှင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း(D.S.T.O)တို့က ကြီးမှူးကျင်းပသည့် ပထမအကြိမ်မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော် ၂၀၁၄ ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန မြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ မြန်မာနိုင်ငံဆိုင်ရာသံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Robert Chua၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏မိသားစုများ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်းများ အသင်းတို့မှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းသားအသင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်နှင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်းများအသင်းဥက္ကဋ္ဌ ဦးရဲထွန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက နှစ်သစ်တွင်ရွှင်လန်းချမ်းမြေ့ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မဟာသင်္ကြန်အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဇနီးနှင့် သံတမန်များက အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့နာယကက စင်ကာပူသံအမတ်ကြီးတို့အား သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းများအသင်းဥက္ကဋ္ဌ ဦးရဲထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်မြသီတာဆွေတင်တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် သံတမန်အဖွဲ့နာယကနှင့် သံတမန်များ(Myanmar ISIS)နှင့် (D.S.T.O) အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရေသဘင်မဏ္ဍပ်သို့ ဆက်လက်သွားရောက်၍ အတာရေသဘင်ပွဲကို

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် မိသားစုများအား သင်္ကြန်အတာရေပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ဆင်နွှဲကြသည်။

သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်မြသီတာဆွေတင်က ယခုသင်္ကြန်ပွဲကို (Myanmar ISIS) နှင့် (D.S.T.O)အဖွဲ့တို့ ပူးတွဲကျင်းပတာ ပထမအကြိမ် ဖြစ်ပါတယ်။ ဒီလိုမဟာသင်္ကြန်ပွဲတော်ကို ကျင်းပနိုင်တဲ့အတွက် သင်တန်းဆင်းတွေ စုစည်းပြီးသားလည်းဖြစ်သွားပြီး အာဆီယံက ကျင်းပတဲ့ပွဲတော်တွေ၊ နိုင်ငံတော်က ကျင်းပတဲ့ပွဲတော်တွေနဲ့ လူမှုရေးလုပ်ငန်းတွေမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (Myanmar ISIS)နှင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းများအသင်း (D.S.T.O)တို့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော်တွင် တက်ရောက်ကြသူများနှင့် သံတမန်မိသားစုများ ပျော်ရွှင်စွာဆင်နွှဲကြစဉ်။ (သတင်းစဉ်)

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်များရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက် လျှောက်ထားကြရန်နှိုးဆော်

ရန်ကုန် ဧပြီ ၁၃

အသားစားကြူးသော အာဖရိကငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်များ၊ ချောင်းများနှင့်သဘာဝရေပြင်များတွင် ပျံ့နှံ့သွားပါက အခြား ငါး၊ ပုစွန် စသောရေနေသတ္တဝါများ မျိုးပြုန်းတီးမှုဖြစ်ပေါ်စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၁)ဖြင့် အာဖရိကငါးခူမျိုးများ မွေးမြူခြင်း၊ စုဆောင်းခြင်း၊ မျိုးပြန့်ပွားစေခြင်းမပြုရန် တားမြစ်ထားသည်။ သို့ဖြစ်၍ နှစ်စဉ်နှစ်တိုင်း သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိကငါးခူသားပေါက်များကို ရောင်းချခြင်း၊ ဝယ်ယူခြင်းများ မပြုလုပ်ကြရန်နှင့် ဇီဝိတဒါနငါးလွှတ်ပွဲတွင် ငါးသားပေါက်ရောင်းချလိုသူများသည် ငါးလုပ်ငန်းဦးစီးဌာနတွင် ကြိုတင်ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်ထားသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များကို ရောင်းချပေးမည်ဖြစ်သဖြင့် ငါးသားပေါက်များဝယ်ယူလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရေဆင်းငါးလုပ်ငန်းစခန်း(နေပြည်တော်)၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကားငါးလုပ်ငန်းစခန်း၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းနှင့် နီးစပ်ရာ သက်ဆိုင်ရာမြို့နယ်ငါးလုပ်ငန်းစခန်းများနှင့် ဖုန်း ၀၆၇-၄၀၈၄၇၆၊ ၀၆၇-၄၁၆၅၄၉၊ ၀၁-၆၃၅၁၉၆၊ ၀၁-၆၁၁၁၂၀၊ ၀၁-၇၀၈၄၁၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ထို့အပြင် အများပြည်သူနှင့်သက်ဆိုင်သောနေရာ၊ ဌာနများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ဘေးမဲ့ငါးလွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ်မှာကြားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်ရွှင်စွာ သင်္ကြန်ရေကစား

ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)က ရန်ကုန်မြို့ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ရေကစားမဏ္ဍပ်များ၌ ရေပက်ခံကားများ ရေကစားကြသူများဖြင့် ပျော်ရွှင်စွာ သင်္ကြန်ရေကစားနေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-စိန်လွင်အောင်)

ယူကရိန်းအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုပြုလုပ်နိုင်ရန် အမေရိကန်ဒုသမ္မတ သွားရောက်မည်

ဝါရှင်တန် ဧပြီ ၁၃

ဧပြီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သော လူထုစည်းဝေးပွဲသို့ တက်ရောက်ရန်အတွက် ယူကရိန်းနိုင်ငံမြို့တော်ကိယက်ဗ်မြို့သို့ အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သွားရောက်မည်ဖြစ်ကြောင်း စနေနေ့က ဝါရှင်တန်ရှိ အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ကိယက်ဗ်မြို့၌ ဒုသမ္မတသည် နိုင်ငံတကာ အဖွဲ့အစည်းအသိုင်းအဝိုင်းများရှိ အစိုးရအရာရှိများနှင့် တွေ့ဆုံမည်ဖြစ်ပြီး ယူကရိန်းနိုင်ငံစွမ်းအင်လုံခြုံရေးတိုးမြှင့်မှု အပါအဝင် ယူကရိန်းနိုင်ငံစီးပွားရေး တည်ငြိမ်မှုရှိစေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ခြေလှမ်းတိုးတက်ရေး၊ ဗဟိုအုပ်ချုပ်ရေးစနစ်မှသည် ဒေသအသီးသီးသို့ အာဏာခွဲဝေအုပ်ချုပ်ရေးစနစ်ရှိရေး၊ အကျင့်ပျက် ခြစားမှုတိုက်ဖျက်ရေးနှင့် မေ ၂၅ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးတို့အတွက် တိုင်ပင်ဆွေးနွေးကြမည်ဖြစ်သည်ဟု သိရသည်။

၎င်းအပြင် အမေရိကန် ဒုသမ္မတသည် ယူကရိန်းဒေသတွင် အခြေအနေယိမ်းယိုင်းစေရန် အဖျက်လုပ်ငန်းနှင့်သွေးထိုးလှုံ့ဆော်မှု ဆက်လက်လုပ်ဆောင်လျက်ရှိပြီး မော်စကိုလိုလားသူများရှိသည့် ယူကရိန်းအရှေ့ပိုင်းရှိ နောက်ဆုံးအခြေအနေများကိုလည်း ဆွေးနွေးမည်ဖြစ်သည်။

(ဆင်ဟွာ)

ရုရှားလိုလားသော စစ်သွေးကြွများ ယူကရိန်းအရှေ့ပိုင်းရှိ ခရာမာတော့(ခ်) ရဲဌာနချုပ်ကို ဝင်ရောက်စီးနင်းသိမ်းပိုက်

ခရာမာတော့(ခ်) ဧပြီ ၁၃

ရုရှားလိုလားသော စစ်သွေးကြွများက ယူကရိန်းအရှေ့ပိုင်း ခရာမာတော့(ခ်)မြို့ ရဲဌာနချုပ်ကို ဝင်ရောက်စီးနင်းသိမ်းပိုက်လိုက်ကြောင်း ဒေသဆိုင်ရာ မီဒီယာနှင့်မျက်မြင်တွေ့ရှိသူများက ပြောသည်။

အဆိုပါ ရဲကာကွယ်ရေးအဆောက်အအုံကို ဦးစွာသေနတ်ဖြင့် ပစ်ခတ်လိုက်ချိန်မှာပင် တိုက်ခိုက်ရေးသမားများက ဝင်ရောက်စီးနင်းလိုက်သည်။

ဒိုးနက်ဒေသရှိ အစိုးရအဆောက်အအုံအချို့ကိုလည်း စနေနေ့တွင် သိမ်းပိုက်လိုက်ကြောင်း သတင်းများက ဆိုသည်။

အဆိုပါထိပ်တိုက်ရင်ဆိုင်မှုသည် အစိုးရသစ်နှင့် ရုရှားလိုလားသူဆန္ဒပြသူများအကြား တင်းမာမှုများမြင့်တက်နေချိန် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယူကရိန်းအရှေ့ပိုင်းတွင် ရုရှားစကားပြောသူ အများအပြားနေထိုင်လျက်ရှိရာ ဖေဖော်ဝါရီလက ရုရှားလိုလားသူ သမ္မတ ဗစ်တာ ယာနူကိုဗစ်ချ်အား ဖြုတ်ချလိုက်ပြီးနောက် ဆန္ဒပြမှုများ ဆက်တိုက်မြင့်တက်ခဲ့သည်။

ယူကရိန်းအရှေ့ပိုင်းကို မငြိမ်မသက်ဖြစ်အောင် မော်စကိုက အားပေးအားမြှောက် ပြုလုပ်နေကြောင်း ကိယက်ဗ်အစိုးရသစ်က စွပ်စွဲလိုက်သည်။ သို့သော်လည်း ရုရှားက ငြင်းဆိုထားသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကလည်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဘာဂျီလက်ရော့ဗ်အား အဆိုပါအခြေအနေနှင့်ပတ်သက်ပြီး အလွန်တရာ စိုးရိမ်ပူပန်နေမိကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။

ယူကရိန်းအနေဖြင့် ၎င်း၏ ကံကြမ္မာကို တာဝန်ယူနိုင်စွမ်းမရှိခြင်းကိုပြသနေကြောင်း မစ္စတာ လက်ရော့ဗ်က ပြောသည်။

လာမည့် သီတင်းပတ် ဂျီနီဗာ ဆွေးနွေးပွဲအပါအဝင် ပူးပေါင်းဆောင်ရွက်မှု အလားအလာရှိနေချိန် ယူကရိန်းအရှေ့ပိုင်း ရုရှားအမတ်များကို မည်သည့်တပ်မျှ အသုံးပြု တိုက်ခိုက်ခြင်းမလုပ်ရန် သူက သတိပေးလိုက်သည်။

(ဘီဘီစီ)

နိုင်ဂျီးရီးယား၌တိုက်ခိုက်မှုဖြစ်ပွားရာမှ သေဆုံးသူ ၁၃၅ဦးအထိရှိ

နိုင်ဂျီးရီးယား ဧပြီ ၁၃

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့မှစတင်ကာ သေနတ်သမားများ၏တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ၁၃၅ဦး သေဆုံးရကြောင်း အဆိုပါဒေသရှိ အထက်တန်းအရာရှိတစ်ဦးကပြောကြားခဲ့သည်။

၎င်းကဲ့သို့ အပြစ်မဲ့ပြည်သူအများအပြားသေဆုံးရမှုသည် Borno ပြည်နယ်ဒေသအတွင်း အနည်းဆုံးသုံးနေရာဖြစ်ပွားသည့် တိုက်ခိုက်မှုများမှဟု သိရသည်။ တိုက်ခိုက်သူသေနတ်သမားများမှာ ဘိုကိုဟာရမ် အစ္စလာမ္မစ်လှုပ်ရှားသူအဖွဲ့က ဖြစ်သည်ဟုယူဆထားကြသည်။

ယခုနှစ်အတွင်း စုစုပေါင်းဆိုရလျှင်၎င်းနိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းဒေသ၌ ဖြစ်ပွားခဲ့သော မတည်ငြိမ်မှုများကြောင့် အနည်းဆုံးလူ ၁၅၀၀ခန့် သေဆုံးရပြီးဖြစ်သည်ဟု နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောကြားထားသည်။

၎င်းဒေသ၌ သေဆုံးသူဦးရေများပြားရခြင်းမှာ ဘိုကိုဟာရမ်အဖွဲ့၏ တိုက်ခိုက်မှုများပြားခြင်းနှင့် လက်စားချေမှုကို တုံ့ပြန်မှုကဲ့သို့သော မှုခင်းများအား နိုင်ဂျီးရီးယားလုံခြုံရေးတပ်ဖွဲ့မှ ထိန်းချုပ်နိုင်မှုမရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သုံးသပ်ထားကြသည်။

(ဘီဘီစီ)

အိန္ဒိယအလယ်ပိုင်း ရွေးကောက်ပွဲကိုဆန့်ကျင်၍ ပုံးကြဲတိုက်ခိုက် ရွေးကောက်ပွဲတာဝန်ရှိသူများအပါအဝင် အနည်းဆုံး ၁၅ဦးသေဆုံး

နယူးဒေလီ ဧပြီ ၁၃

အိန္ဒိယနိုင်ငံ အလယ်ပိုင်းတွင် စနေနေ့က လက်ဝဲသူပုန်တို့၏ မြေမြှုပ်မိုင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေးနှင့်ရွေးကောက်ပွဲတာဝန်ရှိသူများအပါအဝင် အနည်းဆုံး ၁၅ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် ရွေးကောက်ပွဲကျင်းပစဉ်ကြာသပတေးနေ့က ဘီဟာပြည်နယ် အရှေ့ပိုင်းနာဆာလိုက် သူပုန်များကတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးရာ ယခုတိုက်ခိုက်မှုမှာ ဒုတိယအကြိမ် တိုက်ခိုက်မှုဖြစ်သည်။ အစိုးရက သူပုန်ထူပြောသောပြည်နယ်ငါးခုဖြစ်သည့် ချတ်တီဂတ်၊ ဂျာခန်း၊ ဩရိသ၊ဘီဟာနှင့် အလိုဘက်ဘင်ဂေါတို့၌ မေလ အစောပိုင်းတိုင်အောင် ထောင်ပေါင်းများစွာသော လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြန့်ကျက်ထားသည်။

သူပုန်များက ရွေးကောက်ပွဲတွင် ပါဝင်မဲပေးသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ရွေးကောက်ပွဲတာဝန်ရှိသူများအားလုံးကို တိုက်ခိုက်သွားရန်သံန္နိဋ္ဌာန်ချထားကြောင်း ခြိမ်းခြောက်ပြောဆိုလိုက်သည်။

ပထမဆုံးတိုက်ခိုက်မှုသည် သူပုန်များက တပ်ဖွဲ့ဝင်ရှစ်ဦးအားတင်ဆောင်လာသောအရေးပေါ်ယာဉ်ကို တိုက်ခိုက်ခြင်းဖြစ်သည်။ ဒုတိယတိုက်ခိုက်မှုသည်ဘီဂျာပါခရိုင်၌သူပုန်များက ရွေးကောက်ပွဲတာဝန်ထမ်းဆောင်အပြီး ပြန်လာသော ရွေးကောက်ပွဲတာဝန်ရှိသူများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

မှောင်ခိုဈေးကွက်အတွင်း ဆွီဒင်နိုင်ငံကူး လက်မှတ်များ အရောင်းအဝယ်ဖြစ်နေ

ဆွီဒင် ဧပြီ ၁၃

ဆွီဒင်နိုင်ငံကူးလက်မှတ်များသည် မှောင်ခိုဈေးကွက်တွင် ငွေမာအဖြစ်ရှိနေကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်က တရားဝင်နိုင်ငံကူးလက်မှတ် ၁၇၇၀၀၀ ကျော်ပျောက်ဆုံးမှုများရှိခဲ့ကြောင်း သတင်းရပ်ကွက်တစ်ခုက ဖော်ပြခဲ့သည်။

မှောင်ခိုဈေးကွက်တွင် ဆွီဒင်နိုင်ငံကူးလက်မှတ်တစ်စောင်လျှင် ဆွီဒင် ငွေကြေး ၈၀၀၀၀ အထက်(အမေရိကန်ဒေါ်လာ ၁၂၂၀၀ ခန့်)ရှိကြောင်း၊ အမှန်တကယ်ပျောက်ဆုံးနေသော ဆွီဒင်နိုင်ငံကူးလက်မှတ်အရေအတွက်သည် ဖော်ပြထားသည်ထက်ပိုများနိုင်ကြောင်း ဆွီဒင် Dn နေ့စဉ်သတင်းစာတွင် ဖော်ပြခဲ့သည်။ အများအားဖြင့် ဆွီဒင်နိုင်ငံကူးလက်မှတ်များကို လူကုန်ကူးမှုကဲ့သို့သော တရားမဝင်လှုပ်ရှားမှုများတွင် အသုံးပြုကြသည်ဟု ဆိုသည်။

ဆွီဒင်နိုင်ငံကူးလက်မှတ်များသည် ၂၀၁၂ ခုနှစ် နောက်ပိုင်း ခေတ်မီနည်းစနစ်များဖြင့်ထုတ်လုပ်ထားသဖြင့် ကမ္ဘာ့မိတ္တူပွားရန်အခက်အခဲဆုံး နိုင်ငံကူးလက်မှတ်များအနက်တစ်ခုဖြစ်သည်။ သို့သော် ဆွီဒင်နိုင်ငံသားများသည် ၎င်းကိုထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခြင်းနှင့် ခိုးယူသူများရှိခြင်းကြောင့် ယခုကဲ့သို့ ပြဿနာများပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဆွီဒင် Dn နေ့စဉ်သတင်းစာ၏ဖော်ပြချက်အရ သိရသည်။

(ဆင်ဟွာ)

တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်၌ ရထားလမ်းချော်မှုဖြစ်ပွား

ဟာဗင် ဧပြီ ၁၃

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်၌ ဧပြီ ၁၃ ရက်နံနက်စောစောပိုင်းက ခရီးသည်တင်ရထားလမ်းချော်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၅ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

ဖြစ်စဉ်မှာ K ၇၀၃၄ ရထားသည် Heihe မှ ပြည်နယ်မြို့တော် ဟာဘင်သို့ မောင်းနှင်လာရာ လမ်းခရီး Hailun ကောင်တီ၌ နံနက် ၃ နာရီ ၁၇ မိနစ်က လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရခရီးသည်များကို ရှာဖွေနေဆဲဖြစ်ပြီး သေဆုံးသူမရှိခဲ့ကြောင်းဖော်ပြခဲ့သည်။

(ဆင်ဟွာ)

ထူးဆန်းသော အမည်းရောင်ခရမ်းချဉ်သီး အနီရောင်ထက် ကျန်းမာရေးအတွက်ကောင်း

ဝါရှင်တန် ဧပြီ ၁၃

Indig Rose ဟုခေါ်သော ထူးဆန်းသည့် အရောင်အသွေးရှိ ခရမ်းချဉ်သီး အမျိုးအစားသစ်သည် သာမန်အနီရောင် ခရမ်းချဉ်သီးများထက် ကျန်းမာရေးကို အထောက်အကူဖြစ်စေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောသည်။

အမေရိကန်သိပ္ပံပညာရှင်များက အဆိုပါခရမ်းချဉ်သီးအမျိုးအစားသစ်ကို အမေရိကန်နိုင်ငံ အော်ရီဂွန်တက္ကသိုလ်မှ ပါမောက္ခ ဂျင်မေယာက စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ပညာတတ်ကျောင်းသားတစ်ဦးက ခရမ်းချဉ်သီးနှင့်ပတ်သက်ပြီး ကျန်းမာရေးအကျိုးရှိပုံကို လေ့လာနေရာမှ ၎င်းခရမ်းချဉ်သီး အမျိုးအစားသစ်ကို စိုက်ပျိုးရန် အကြံဉာဏ်ရခဲ့သည်ဟု ဆိုသည်။

သိပ္ပံပညာရှင်များက ခရမ်းနုရောင်ရှိ ခရမ်းချဉ်သီးအချို့ကို စမ်းသပ်ခဲ့ရာ ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေသည့် ဒြပ်ပစ္စည်းများစွာပါဝင်နေကြောင်း စမ်းသပ်တွေ့ရှိထားသည်ဟု ဆိုသည်။ ယင်းခရမ်းနုရောင် ခရမ်းချဉ်သီးများကို ခရမ်းချဉ်အရိုင်းသီးအချို့နှင့် မျိုးစပ်လိုက်သောအခါ အမည်းရောင် ခရမ်းချဉ်သီးများ ထွက်ပေါ်လာသည်ဟု ဆိုသည်။

အဆိုပါ ခရမ်းချဉ်သီးသည် မူလက အားလုံးအစိမ်းရောင်ဖြစ်သည်။ အသီးပေါ် နေရောင်ခြည်ကျရောက်၍ အနီထက်အနက်ရောင်သို့ ပြောင်းသွားသည်ဟု ဆိုသည်။ ယင်းအမည်းရောင် ခရမ်းချဉ်သီးသည် သာမန်အနီရောင် ခရမ်းချဉ်သီးများကဲ့သို့ အချိုဓာတ်မပါသော်လည်း စားကောင်းပြီး အနံ့အရသာရှိသည်ဟု ဆိုသည်။

အမေရိကန်အာဟာရပညာရှင်များက အဆိုပါအမည်းရောင် ခရမ်းချဉ်သီးများကို ပြည်သူများ ကျန်းမာရေးအတွက် ပိုမိုစားသုံးသင့်ကြောင်း အကြံပြုထားသည်။ ဆီးချို၊ သွေးချိုနှင့် အဝလွန်သူများ ပိုမိုစားသုံးသင့်သည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

ပြည်ပသတင်းဌာနများမှ မြန်မာ့အကြောင်း

ဘာသာပြန်-ဒေါက်တာသာစိန်နှင့်အဖွဲ့

ပြည်ပသတင်းဌာနများတွင် ဖော်ပြခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းအချို့ကို ယမန်နေ့ကဖတ်ရှုလိုက်ရသည်။ အဆိုပါသတင်းများအနက် "အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် နိုင်ငံတကာအကူအညီပေးရေး အေဂျင်စီများ လုပ်ငန်းပြန်လည်စတင်ရန် အစိုးရကလိုအပ်သည်များကူညီဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပြု"ဟူသည့် ခေါင်းစဉ်ဖြင့် အမေရိကန်နိုင်ငံထုတ် ဝေါလ်စထရိဂျာနယ်တွင် ဧပြီ ၁၀ ရက်က ဖော်ပြခဲ့သည့် သတင်း၌ မကြာသေးမီက ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီအဖွဲ့များအပေါ် တိုက်ခိုက်မှုများပြီးဆုံးသွားပြီးနောက်ပိုင်းတွင် မြန်မာအစိုးရက ယင်းအကူအညီပေးရေးအေဂျင်စီများ ရခိုင်ပြည်နယ်တွင် လုပ်ငန်းပြန်လည်စတင်ရန် လိုအပ်သောအကူအညီများပေးအပ်မည်ဟု ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့ကြောင်း၊ လွန်ခဲ့သော သီတင်းပတ်က ဖြစ်ပွားခဲ့သော အုပ်စုဖွဲ့တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီရုံးများ ပျက်စီးသွားခဲ့ရပြီး ပျက်စီးသွားသည့် ရုံးများတွင် အိုင်စီအာရ်စီ၊ ကုလသမဂ္ဂစားနပ်ရိက္ခာ အကူအညီပေးရေးအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ရုံးများလည်း ပါဝင်ခဲ့ကြောင်းဖြင့် ဖော်ပြထားသည်။

ထို့ပြင် ဘယ်လ်ဂျီယံနိုင်ငံ သတင်းစာတစ်စောင်မှ ဧပြီ ၁၀ ရက်က ဖော်ပြခဲ့သော သတင်းတစ်ပုဒ်ဖြစ်သည့် **"မြန်မာနိုင်ငံတွင် အရာရာတိုင်းက မြန်မြန်ဆန်ဆန်ရွေ့လျားလျက်ရှိ"** သတင်းတွင် မြန်မာနိုင်ငံရှိ စီးပွားရေးတိုးတက်မှုမှာ လွန်ခဲ့သောနှစ်နှစ်မှစတင်၍ အရှိန်မြင့်မားလာကြောင်း၊ နိုင်ငံအတွင်း စိန်ခေါ်မှုများ အများအပြားရှိသေးသော်လည်း နိုင်ငံအတွင်းရှိ အရာတိုင်းသည် တိုးတက်မှုမြန်ဆန်လာကြောင်း၊ လာမည့်နှစ် ၂၀ အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ဆက်လက်ဖြစ်ပေါ်လာမည်ဟု ယုံကြည်ကြောင်းဖြင့် အနောက်အင်ဒိုချိုင်းနား ညှိနှိုင်းရေးရုံးမှ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ Lue de weegh က ပြောကြားခဲ့ကြောင်း၊ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီ Medec သည် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ စီးပွားရေးပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် မြန်မာနိုင်ငံတွင် စီးပွားရေးခြေကုပ်တစ်ခုရရှိရန် လောလောဆယ်အခက်အခဲရှိကြောင်းဖြင့် ဖော်ပြခဲ့သည်။

အလားတူ နယ်သာလန်နိုင်ငံထုတ် သတင်းစာတစ်စောင်ဖြစ်သည့် Het Financieele Dagblad ၌ ဖော်ပြခဲ့သည့် **"AlpInvest ကုမ္ပဏီက မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ထက်သန်လျက်ရှိ"** သတင်းတွင် ကမ္ဘာ့အကြီးမားဆုံး ငွေကြေးဆိုင်ရာရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအနက် တစ်ခုအပါအဝင်ဖြစ်သော AlpInvest ကုမ္ပဏီသည် ထွန်းသစ်စဈေးကွက်များရှိ ၎င်း၏ရင်းနှီးမြှုပ်နှံမှုများကို ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ပို၍နီးစပ်အောင် ချိတ်ဆက်ထားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးညွှန်ကြားရေးမှူး ပေါလ်ဒီကလာ့ခ်က ငွေကြေးဆိုင်ရာ သတင်းစာတစ်စောင်ဖြစ်သည့် Het Financieele Dagblad သတင်းစာသို့ ပြောကြားခဲ့ကြောင်း။

AlpInvest ကုမ္ပဏီက ပြုလုပ်နိုင်ခြေရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ယခုမှစတင်၍ စမ်းသပ်ကျင့်ဝတ်တစ်ခုအဖြစ် ထည့်သွင်းတော့မည်ဖြစ်ကြောင်း၊ ဒီကလာ့ခ်သည် နိုင်ငံရေးအခြေအနေ မငြိမ်မသက်ဖြစ်မှုကြောင့် မြန်မာနိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစာချုပ် ပိတ်ပင်ခံခဲ့ရမှုနှင့်ပတ်သက်၍ ပြန်လည်သတိရပြောကြားခဲ့ပြီးနောက် AlpInvest ကုမ္ပဏီသည် ယခုအခါ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း ထူထောင်ရန် ပြင်ဆင်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်းဖြင့် ဖော်ပြထားသည်။

အတာရေလို အေးမြစေသား

❖ နွေတန်ခူးလ၊ ရွှေဖူးမြရဲ
မြူးကြွဟန်မျိုး၊ သင်္ကြန်မိုးနှင့်
လျှံဖြိုးပွင့်လာ၊ ပိတောက်ဝါထိန်
ငုဝါသိင်္ဂီ၊ သရဖီတည့်
ရွှေရည်ပျံ့မော်၊ ပန်းကုံ့ကော်တို့
ပွဲတော်သင်္ကြန်၊ နွှဲပျော်ရန်အတွက်
တမန်စေလာ၊ ရွှေမြန်မာတည်း……။
❖ နံ့သာရေချမ်း၊ သပြေပန်းနှင့်
ဝေလျှန်းကျက်သရေ၊ ဖျန်းပက်နေကြ
အမွေလှပေး၊ တို့ဘိုးဘေးများ
ကျေးဇူးကြီးပေ့၊ ခါတော်နေ့တိုင်း
မမေ့ရိုးရာ၊ တေးလင်္ကာဖြင့်
ညင်ညာရွရွ၊ ယဉ်စွာကခုန်
မိဘဘိုးဘွား၊ သက်ကြီးများပါ
လေးစားပူဇော်၊ ကန်တော့ပျော်ရွှင်
ခေါင်းလျှော်ရေချိုး၊ လှုဖွယ်မျိုးစုံ
အိုးစည်ဒိုးပတ်၊ ကျောင်းဇရပ်ညံ
ပေါင်းစပ်ညီတူ၊ ဒါနလှူကြ
နတ်လူသာခ၊ မြန်မာမှုတည်း……။
❖ မြန်မာ့သင်္ကြန်ပွဲ၊ အလှမှန်မြဲစေ
သံကွဲသံကြောင်၊ ဆိုကမောင်မယ်
ရှောင်ဖယ်ဝတ်ဆင်၊ သရုပ်ပျက်ပြင်ကြ
ယဉ်ကျေးသိမ်မွေ့၊ ကိုယ့်ဓလေ့ကို
မမေ့စဉ်သာ၊ ထိန်းသိမ်းရာပေ
အတာရေလို အေးမြစေသတည်း……။ ။

ပျဉ်းမနားမြင့်လှိုင်

သင်္ကြန်ဖျော်ဖြေရေးတိုင်းရင်းသားများ၏ စကားသံများ

ရန်ကုန် ဧပြီ ၁၃

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၏ ပထမဆုံးအကြိုနေ့အဖြစ် ရန်ကုန်မြို့တော်ကြီးအတွင်း မဏ္ဍပ် ကြီးများ၌ ယနေ့နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာဖွင့်ပွဲကျင်းပခဲ့ကြသည်။

တိုင်းရင်းသား လူမျိုးများ၏ လူငယ်အကအဖွဲ့၊ ယိမ်းအဖွဲ့များကလည်း ရိုးရာအကအလှများဖြင့် သင်္ကြန်အကြိုနေ့ မဏ္ဍပ်ဖွင့်ပွဲများ၌ ဖျော်ဖြေကပြခဲ့ကြရာ ရန်ကုန်မြို့တော်ဝန်ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေရန်ရောက်ရှိလာကြသည့် မြန်မာနိုင်ငံအရပ်ရပ်မှ တိုင်းရင်းသား လူငယ်လေးများ၏ သင်္ကြန်စကားသံများကို စုစည်းဖော်ပြပေးလိုက်ပါသည်။

မပန်းအိစံ(ကချင်တိုင်းရင်းသူ)

မြို့တော်ဝန်မဏ္ဍပ်မှာ လာရောက်ဖျော်ဖြေခွင့်ရတာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ကချင်ရိုးရာတေးသီချင်းတစ်ပုဒ်နဲ့ ကပြဖျော်ဖြေမှာဖြစ်ပြီး ကျွန်မတို့ကချင်တိုင်းရင်းသားလူငယ် ၁၈ ဦးက စုပေါင်းကပြမှာပါ။ ရန်ကုန်မှာရှိတဲ့ ကချင်လူမျိုးတွေအပြင် ကချင်ပြည်နယ်က ကချင်လူမျိုးတွေလည်းပါဝင်ပါတယ်။ သင်္ကြန်မှာရေကစားတာအပြင် ကိုယ့်လူမျိုးရိုးရာအကနဲ့ ဖျော်ဖြေခွင့်ရလို့ ကျေးဇူးတင်ပါတယ်။

မညန်စန်းကျိန်(ဇိုမီးတိုင်းရင်းသူ)

ရိုးရာအကနဲ့ ဖျော်ဖြေမှာပါ။ ကျွန်မကဇိုမီးလူမျိုးပါ။ ကျွန်မတို့ ဇိုမီးဘာသာစကားနဲ့ သီဆိုထားတဲ့ စည်းစည်းလုံးလုံးနဲ့ နေထိုင်ရင် အရာရာ အောင်မြင်နိုင်တယ်ဆိုတဲ့ သီချင်းလေးနဲ့ဖျော်ဖြေသွားမှာ ဖြစ်

ပါတယ်။ အခုလို ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်ကြီးမှာ ဇိုမီးတိုင်းရင်းသားတွေ ဖျော်ဖြေနေကြတာကိုမြင်ရင် ကျွန်မတို့လူမျိုးတွေဝမ်းသာကြမှာပါ။ အမျိုးသမီး ၁၀ ဦး၊ အမျိုးသား ၁၀ ဦး စုပေါင်းထားတဲ့ ဇိုမီးတိုင်းရင်းသားအဖွဲ့ရဲ့ ဖျော်ဖြေမှုကို အားပေးပါလို့ ပြောချင်ပါတယ်။

ဦးထွေးယဲ(ကရင်တိုင်းရင်းသား)

ကျွန်တော်တို့က လှိုင်းဘွဲ့မြို့နယ်ကလာရောက်ဖျော်ဖြေတာ ဖြစ်ပါတယ်။ အဖွဲ့ဝင် ၂၄ ဦးပါဝင်ပြီး ကရင်ဒုံးယိမ်းအကနဲ့ မြန်မာရိုးရာသင်္ကြန်ပွဲတော်ကြီးကို ဂုဏ်ပြုမှာပါ။

ကျွန်တော်က နဲ့တီးမှုတ်သူဖြစ်ပြီး ကျွန်တော်တို့အဖွဲ့ဝင်တွေက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေကစားမဏ္ဍပ်နဲ့ ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်တွေမှာ လာရောက်ဖျော်ဖြေတာပါ။ ရန်ကုန်သင်္ကြန်ကို ပထမဆုံးဆင်နွှဲရတာမို့ အဖွဲ့ဝင်ကရင်လူမျိုးတွေအားလုံး ပျော်ရွှင်နေကြပါတယ်။

မောင်သန့်ကျော်စိုး
(မူကြို -၂ နေ့ကလေးထိန်းကျောင်း)

ကျွန်တော့်အသက်က လေးနှစ်ရှိပါပြီ။ ဒီနှစ်သင်္ကြန်မတိုင်ခင်ကတည်းက ကျွန်တော်တို့အကတိုက်ထားရတာ အများကြီး ကတတ်နေပါပြီ။ "ရွှေမင်းသားတို့ကတဲ့သင်္ကြန်"သီချင်းနဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေ ဖျော်ဖြေသွားမယ်။ သင်္ကြန်မှာ ရေပက်ရတာကို သဘောကျပါတယ်။ အကဖျော်ဖြေတာပြီးရင် ရေပက်မယ်။

သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မရတနာ(မွန်တိုင်းရင်းသူ)

မွန်ဘာသာနဲ့ သီဆိုထားတဲ့ ရိုးရာသင်္ကြန်သီချင်းနဲ့ ကပြဖျော်ဖြေသွားဖို့ရှိပါတယ်။ ကျွန်မတို့အဖွဲ့မှာ မွန်လူငယ် ၁၈ ဦးပါဝင်ပါတယ်။ ကျွန်မတို့ဖျော်ဖြေမယ့် သီချင်းရဲ့အဓိပ္ပာယ်က မွန်အမျိုးသားက အမျိုးသမီးလေးကို သင်္ကြန်ရေပက်ဖို့ခွင့်တောင်းပြီး ရေပက်တဲ့သီချင်းဖြစ်ပါတယ်။ အကတိုက်တာ အချိန်နည်းခဲ့လို့ စိတ်ပူခဲ့ကြပေမယ့် ငယ်ငယ်ကတည်းက အလေ့အကျင့်ရှိခဲ့လို့ ရိုးရာအကကပြရတာ အခက်အခဲတော့မရှိပါဘူး။ မြနန္ဒာသီချင်းနဲ့ တိုင်းရင်းသားတွေကပြပြီး မဏ္ဍပ်ဖွင့်ပွဲပြုလုပ်ပေးတာကို ဝမ်းသာမိပါတယ်။

နေပြည်တော် တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးချုပ်မိသားစုရေသဘင်ပွဲဆင်နွှဲကျင်းပ

နေပြည်တော် ဧပြီ ၁၃

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၏ နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်သို့ကူးပြောင်းသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် အကြိုနေ့ဖြစ်သည်။ ဧပြီ ၁၃ ရက် နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားတောင်ညိုလမ်းမကြီး သပြေကုန်းအဝိုင်းအနီး နေပြည်တော်တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးချုပ်ရှေ့ရှိ မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ငြိမ်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နေပြည်တော်တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး သင်္ကြန်ယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် မြန်မာ့ရိုးရာသင်္ကြန်ကိုပေါ်လွင်အောင် ဖော်ကျူးကပြဖျော်ဖြေတင်ဆက်ကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ယိမ်းအဖွဲ့ဝင် လှပျိုဖြူလေးများအား ငွေဖလားတွင် အမွှေးနံ့သာရည်ထည့်ပြီး သပြေခက်ဖြင့် ရေပက်ဖျန်းကြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရွှေရင်အေး၊ ရေခဲမုန့်၊ အချိုရည်၊ အအေးတို့ဖြင့် ဒါနပြုဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ယဉ်ကျေးသောအနှစ်သာရများနှင့်တန်ခူးလသင်္ကြန်အခါ

ဒေါက်တာမောင်ဖြေ

"သင်္ကြန်တာကူး နှစ်ဦးညောင်ရေ စာပုလွေခင်း ပဋ္ဌင်းတော်စံ စာရေးတံနှင့် မြစ်ယံပွဲကြီး ဆီမီးထွန်းချိန် ကထိန်နတ်ကျင်း မြင်းခင်းထွက်ဝင် သဘင်မီးအုံး ဂူလုံးသဲပုံ စေ့စုံစီလျှဉ် ဤသို့ယှဉ်သား လစဉ်စမြဲ ဆယ့်နှစ်ပွဲတည်"ဟူ၍ကုန်းဘောင်ခေတ် သက္ကရာဇ် ၁၁၄၅ ခုနှစ် ဘိုးတော်ဘုရားလက်ထက် အမတ်ကြီး သရေသင်္ခယာခေါ် စာဆိုတော်လက်ဝဲသုန္ဒရက "သာဓိန" ပျို့တွင် စပ်ဆိုထားသည်။ "သင်္ကြန်တာကူး" စာဆိုနှင့်အညီ သင်္ကြန်ပွဲတော်သည် လွန်စွာစိတ်ကြည်နူးဖွယ်ကောင်းသည့် တန်ခူးလ၏ ရိုးရာရေသဘင်ပွဲတော်ပင်ဖြစ်သည်။

"သင်္ကြန်"ဟူသော ဝေါဟာရသည် "သင်္ကြန္တ"ဟူသော သက္ကတ္တစကားဖြစ်၍ "သကန္တ"ဟူသော ပါဠိစကားမှလာသောပုဒ်ဖြစ်သည်။ နှစ်ပုဒ်စလုံး၏ အဓိပ္ပာယ်မှာ ကူးပြောင်းခြင်း၊ ပြောင်းရွှေ့ခြင်းဖြစ်သည်။ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခြင်းဟူ၍ အဓိပ္ပာယ်ရရှိလေသည်။

နွေရာသီ၏နှစ်ဦးဖြစ်သော လတန်ခူးအချိန်ကာလသမယသည် ကြည်နူး၍ စိတ်ဘဝင်မြူးဖွယ်ကောင်းသောလဖြစ်သည်။ တန်ခူးလရာသီတွင် တောင်လေသုတ်ဖြူး၊ မိုးသားကျူးသည်၊ ရင်ခတ်ကံ့ကော်တို့ သင်းလှိုင်ကြသည်။တန်ခူးလသို့ရောက်လျှင် ပိတောက်ခက်၊ ဥသြငှက်၊ ရော်ရွက်ဝါတို့ဖြင့် သာယာကြည်နူးရွှင်မြူးဖွယ်ကောင်းလှသည်။ တန်ခူး၏အလှထူးပုံကို ရှေးခေတ်ကျမ်းဂန်များက "ရမ္မက"ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်ကိုတွေ့ရ၏။ အဓိပ္ပာယ်မှာ အထူးထူးသော အပွင့်အသီးတို့ဖြင့် ရှုချင်စဖွယ်ကောင်းသောလ၊ သာယာပျော်ရွှင်ကြည်နူးဖွယ်ကောင်းသောလဟူ၍ဖြစ်သည်။

သင်္ကြန်ပွဲတော်သည် ပုဂံခေတ်အခါကပင် စတင်ခဲ့ကြောင်း အခိုင်အမာမှတ်သားခဲ့သော်လည်း သာသနာဝင်ကျမ်းတို့၌ အတာကူးသည့် တန်ခူးလအခါတွင် ကပ္ပိလဝတ်ပြည်၌ နေထိုင်ကြကုန်သော သကျသာကီဝင်မင်းတို့သည် သာယာရှုမောဖွယ်သော ဒေဝဒဟရေအိုင်ကြီးအနီး မင်းတဲများတည်ဆောက်၍ ရေဖျန်းသဘင်ပျော်ရွှင်စွာကစားခဲ့သည့် အထောက်အထားများလည်းရှိခဲ့သည်။ "ရေသဘင်အစ ဒေဝဒဟက"ဟူ၍ ရှေးပညာရှိတို့က အဆိုအမိန့်ထားရှိခဲ့လေသည်။

နက္ခတ်ဝေဒပညာရှိတို့က တနင်္ဂနွေဂြိုဟ်နေမင်းသည် မိဿရာသီ တန်ခူးလမှစ၍ မိန်ရာသီတပေါင်းလ၏ အဆုံးလပေါင်း ၁၂ လ၊ ရက်ပေါင်း ၃၆၅ ရက်ကြာ နက္ခတ်နဝင်းပေါင်း ၁၀၈ နဝင်းပြည့်၍ တစ်ပတ်ပြည့်လည်ခဲ့ပြီး တနင်္ဂနွေဂြိုဟ်မိန်ရာသီမှ မိဿရာသီသို့ကူးပြောင်းချိန်ကျရောက်သည်ကို သင်္ကြန်ကျသည်ဟု တွက်ယူကြသည်။

နှစ်သစ်ကူးသို့ ကူးပြောင်းရမည့်သင်္ကြန်ကျချိန်ကို ရဟန်းပညာရှိ၊ လူပညာရှိများက တွက်ချက်၍သင်္ကြန်စာဖြင့် အကြိုရက်၊ အကျရက်၊ အကြတ်ရက်၊ အတက်ရက်ဟူ၍ သတ်မှတ်ကာ သင်္ကြန်ပွဲတော်ကို ကျင်းပလာခဲ့သည်။ ထိုပညာရှိများတွက်ရာတွင် အကြတ်နှစ်ရက်ပါဝင်တတ်သည်။ ထိုအခါမျိုးတွင် ပိုမို၍ပျော်ရွှင်စွာကစားကြရသည်။ ထိုပညာရှိများ တွက်ချက်သတ်မှတ်ပေးသော သင်္ကြန်စာသည် တိုင်းရေးပြည်ရေးမှစ၍ လယ်ယာလုပ်ငန်းရှင်များနှင့်တကွ ပြည်သူပြည်သားအများစုက စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုလိုက်နာကြသည်။ ရှေးကာလကရှိလာသော သင်္ကြန်စာကို ပြည်သူအများ ကြီးပွားတိုးတက်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်လမ်းညွှန် စာတမ်းပင်ဖြစ်သည်။

တန်ခူးလနှင့် သင်္ကြန်အကြောင်းရေးကြရာတွင် ပိတောက်ပန်းသည် ပါဝင်မြဲဖြစ်သည်။ ပိတောက်ပန်းဟုဆိုလျှင် မြန်မာတိုင်းသိကြသည်။ နှစ်ဆန်းပန်းဟုအသိအမှတ်ပြုထားကြသည်။ လတန်ခူးသို့ရောက်လျှင် ပိတောက်ခက်တို့က တဝါဝါ၊ ဥသြငှက်ကတစာစာ၊ ရော်ရွက်တို့ကတဖြာဖြာနှင့်သာယာကြည်နူးဖွယ်ကောင်းလှသည်။ ပိတောက်ပန်းနှင့်ပတ်သက်၍ စာတော်ဖတ်ဦးကြော့၊ စုံနံ့သာမြိုင် ဦးကြော့၊ စာရေးတော်ကြီးဦးကြော့၊ တောင်တွင်းကြီးဦးကြော့ဟူ၍နာမည်အမျိုးမျိုးဖြင့် ကျော်ကြားခဲ့သော စာဆိုဦးကြော့က "လမ်းလျှောက် သင်းပါဘိ၊ ဆန်းသလောက်မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်း"ဟူ၍ ပိတောက်ပန်း၏ ခမ်းနားမှုကိုဖွဲ့ဆိုခဲ့၏။ ကြည်နူးချမ်းမြေ့ဖွယ်ရာ သင်းပျံ့ဝင်းဖန့် အံ့လောက်ဖွယ်ရာ ကျက်သရေဆောင်သည့်ပန်းဖြစ်၏။

ဝေါဟာရတ္ထပကာသနီကျမ်းနှင့်အချို့သော ပညာရှင်တို့က "တာကူးလ" ကိုတာဝန်လွှဲပြောင်းသောလအဖြစ် မှတ်ယူကြပြန်သည်။ ကမ္ဘာဦးကာလ သိကြားမင်းနှင့်အာသီအမည်ရှိ ဗြဟ္မာကြီးတို့ သချ်ာပုစ္ဆာအငြင်းပွားမှုတွင် "ကဝိလမိုင်း" ဆရာကြီးက သိကြာမင်းမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးလေရာ အဓိဋ္ဌာန်အတိုင်း ဗြဟ္မာမင်းဦးခေါင်းပြတ်သွားတော့၏။ ထိုဗြဟ္မာဦးခေါင်းသည် လူ့ပြည်သို့ရောက်ပါက လူ့လောကကြီးပြာကျသွားမည်။ ပင်လယ်သမုဒ္ဒရာအတွင်းသို့ကျရောက်ပါက ပင်လယ်ရေများခန်းခြောက်မည်။ သို့ဖြစ်၍ နတ်သမီးခုနစ်ဖော်တို့ တစ်ရက်လျှင်တစ်ကြိမ် အလှည့်ကျ ကိုင်ဆောင်ထားကြရသည်။ နတ်ပြည်တွင် တစ်ရက်သည် လူ့ပြည်တစ်နှစ်ဖြစ်သောကြောင့် လူ့သက်တစ်နှစ်စီကိုင်ဆောင်ထားကြရသည်ဖြစ်ရာ ဗြဟ္မာမင်း ဦးခေါင်းကိုတစ်ယောက်တစ်လက်တာဝန်လွှဲပြောင်းသောလ ဖြစ်သည့်အတွက် တာကူးလဟူ၍အဓိပ္ပာယ်ဆိုကြသည်။ အချို့သော ဗြဟ္မဏဝါဒီပညာရှင်ကြီးများက "ပိင်္ဂလဆင်"၏ ဦးခေါင်းကို သိကြားမင်းက နတ်ရေစင်ပက်ဖျန်းပေးကာ ဗြဟ္မာမင်းကြီးကိုယ်တွင် တပ်ဆင်ပေးလိုက်ရာ မဟာပိန္နဲနတ်အဖြစ် အသက်ရှင်လာခဲ့သည်ဟုဆိုသည်။ ဤယူဆမှုများကြောင့် သင်္ကြန်ရေသည် အသက်ကိုရှင်စေသည်။ ရှည်စေနိုင်သော စွမ်းရည်ရှိသည့် အာယုဒီကာဘိသိတ်ရေစင်ဖြစ်သည်ဟူ၍ ယူဆကြသည်။ လူသားအပေါင်းတို့ကျန်းမာ၍ အသက်ရှည်ကြစေရန်အတွက် သင်္ကြန်ရေသွန်းလောင်းပက်ဖျန်းကြခြင်းဖြစ်သည်ဟု ယုံကြည်လျက်ရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ ခရစ်နှစ် ၁၇၉၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၅၇၊ ပဲခူးမြို့၌ဖြစ်သည်။ ထိုအချိန်က ရန်ကုန်သည် ပဲခူးမြို့တော်ဝန်၏ အုပ်ချုပ်မှုအောက်တွင် ရှိသည်။ ဗြိတိသျှသံအရာရှိ ကပ္ပတိန် မိုက်ကယ်ဆိုင်းနှင့် ပဲခူးမြို့တော်ဝန်နှင့်အတူ နှစ်ကူးအတာသင်္ကြန်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ရာတွင် ပဲခူးမြို့တော်ဝန်၏ သမီးပျိုကလေးက မိဘနှစ်ပါးအား စန္ဒကူးနံ့သာဖြင့် ရေပက်ဖျန်း၍ ရိုသေစွာကန်တော့ပုံများကို မှတ်တမ်းတင်ထားသည်။ မြန်မာတို့၏ဂုဏ်ယူဖွယ်ရာမှတ်တမ်းတစ်ခုပင်ဖြစ်သည်။

အစဉ်အလာအားဖြင့် ယဉ်ကျေးသိမ်မွေ့လှသည့် သင်္ကြန်ပွဲတော်ဖြစ်စေရန် ကုန်းဘောင်ခေတ်ဘိုးတော်ဘုရားလက်ထက်ကလည်း သင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ အမိန့်တော်များထုတ်ပြန်ကာ စီစဉ်ခဲ့၏။ "သင်္ကြန်ခါတော်ကြားသည်နှင့်တစ်ပြိုင်နက် ရွှေမြို့တော်ရှေ့မျက်နှာတော်ဦးထိပ်တံခါးတော်ကစ၍ တစ်ဆယ့်နှစ်ရပ်တံခါးတော်ကုန်လက်ယာရစ် အစဉ်အတိုင်း အခါတော်ကြား၊ အမြောက်သံသုံးချက်စီပေးရသည်။ ပြည်သူတို့မှာလည်း အခါသုံးရက်အတွင်း အစဉ်ထုံးစံရှိသည့်အတိုင်း ရေဖျန်းပက်ရန်ရှိသည်မှာ နံနက်၊ ညနေအချိန်တွင် ရေကြည်၊ ရေအေးအထုံရေများနှင့်သာ ဖျန်းပက်စေရမည့်အကြောင်းကို မြို့တွင်းမြို့ပြင်ရပ်စုရပ်ကွက်စုများမှာ သင်္ကြန်မကျမီမောင်းကြေးနင်းခတ်စေရမည်"ဟူ၍ ကြေညာချက်ကို လေ့လာမိကြပေမည်။

> ▌▌နှစ်သစ်ကူးသို့ ကူးပြောင်းရမည့်သင်္ကြန်ကျချိန်ကို ရဟန်းပညာရှိ၊ လူပညာရှိများကတွက်ချက်၍ သင်္ကြန်စာဖြင့် အကြိုရက်၊ အကျရက်၊ အကြတ်ရက်၊ အတက်ရက်ဟူ၍ သတ်မှတ်ကာ သင်္ကြန်ပွဲတော်ကို ကျင်းပလာ ▌▌
>
> ပညာရှိများ တွက်ချက်သတ်မှတ်ပေးသော သင်္ကြန်စာသည် တိုင်းရေးပြည်ရေးမှစ၍ လယ်ယာလုပ်ငန်းရှင်များနှင့်တကွ ပြည်သူပြည်သားအများစုက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှု

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၅ ရက်နေ့မှ ဦးတန်ခူးလဆုတ် ၂ ရက်နေ့သည် နှစ်ဟောင်းမှနှစ်သစ်သို့ပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

ကျင်းပမြဲဖြစ်သော မဟာသင်္ကြန်သည် ကိုယ်စိတ်နှစ်ပါးတို့၌ နှစ်ဟောင်းမှအညစ်အကြေးများကိုဆေးကြောသန့်စင်သည့်ရေဖြင့် ပက်ဖျန်းကြမည်ဖြစ်၏။ တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့်ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပေသည်။ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်တွင်အောက်ပါရည်ရွယ်ချက်တို့နှင့် ကျင်းပသွားရန်ဖြစ်ပါသည်။

(၁) မြန်မာ့ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊
(၂) ပြည်သူများကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာပါဝင်ဆင်နွှဲနိုင်ရန်၊
(၃) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေ ပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်နှင့်
(၄) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြစေရန်တို့ဖြစ်သည်။

မြန်မာ့ရိုးရာသင်္ကြန်ယဉ်ကျေးမှုပွဲတော်ကြီးတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မတင့်တယ်သည့်နေထိုင်မှု၊ ပြုမူမှုများရှောင်ကြဉ်ကြပါရန်၊ ဘာသာတရား၏အဆုံးအမနှင့် မလျော်ညီသည့် ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊ အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှုများရှောင်ကြဉ်ကြပါရန်၊ အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြား ထိခိုက်စေရန် ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊ အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် ဝတ်စားဆင်ယင်မှုများ မဖြစ်စေရေးဆင်ခြင် ရှောင်ကြဉ်ကြပါရန် စသည်တို့ကိုလည်း နှိုးဆော်ထားပြီးဖြစ်ပေသည်။

ကုန်းဘောင်ခေတ်သီပေါမင်းလက်ထက်တွင် "အခါတော်ရက်များအတွင်း ထုံးနန္ဒင်း၊ အိုးမဲတို့ဖြင့် မသုတ်လိမ်းစေရ၊ မသန့်ပျံ့သောရေတို့ဖြင့် မဖျန်းပက်စေရ၊ အမွှေးအထုံရေကြည်ရေသန့်များဖြင့် နံနက်ခင်း၊ ညနေခင်းတို့၌သာ ဖျန်းပက်စေ"ဟူ၍ အမိန့်တော်ကြေညာကာ သင်္ကြန်ပွဲတော်ကြီးကို ယဉ်ကျေးအောင်ထိန်းသိမ်းခဲ့သော အစဉ်အလာကို တာဝန်ရှိသူတို့အပိုင်းမှလည်း စနစ်တကျပျော်ရွှင်ကြရန် သတိပေးမှုများ ရှေးအခါကလည်းရှိခဲ့သည်။

သို့ဖြစ်ပါ၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှထုတ်ပြန်သော မြန်မာ့သင်္ကြန်ပွဲတော်၏ ရည်ရွယ်ချက်များနှင့်နှိုးဆော်ချက်များကို လိုက်နာကြရန်တာဝန်ရှိသည်။

မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့စွာဖြင့် မေတ္တာအရင်းခံလျက် သန့်စင်စွာရေကစားခြင်းမှာ အံ့သြစရာကောင်းလောက်အောင် ထူးခြားလှကြောင်းကို မှတ်တမ်းတင်ခဲ့ကြသည်ကို လေ့လာသိရှိရပေမည်။

သင်္ကြန်ရေပက်ဖျန်းခြင်းဓလေ့ကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြရာတွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကြခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်စင်ခြင်း၊ ရေကိုတား၍ အကြားမထင်ဘဲ တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်နေသည့်အလားဖြစ်၏။ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်ခြင်း၊ ချစ်ခင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတည်းဟူသော ရေနိမိတ်သုံးပါးကိုမှတ်ယူလျက် ယဉ်ကျေးသောအနှစ်သာရများဖြင့် ခေတ်အဆက်ဆက်ကို ဖြတ်သန်းကျော်လွှားခဲ့ရာ ယနေ့တိုင်ပင်ဖြစ်သည်။ ။

ရခိုင်ပြည်နယ်အတွင်း ကျေးရွာများရှိ ပြည်သူများအား ကျန်းမာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့က တောင်ငူမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပရာ ယိမ်းအဖွဲ့လှပျိုဖြူများ ကပြဖျော်ဖြေနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - သူရ(တောင်ငူ)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အမေရိကန်နိုင်ငံ APR Energy ကုမ္ပဏီမှ တည်ဆောက်လျက်ရှိသောသဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်များတပ်ဆင်ပြီး ဓာတ်အားထုတ်လုပ်မှုကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကျောက်ဆည်စက်မှုဇုန်နယ်မြေရှိ အမေရိကန်နိုင်ငံ APR Energy ကုမ္ပဏီက တည်ဆောက်နေသည့် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်များ စတင်မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၃

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သည် ယနေ့နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် စက်မှုဇုန်နယ်မြေရှိ အမေရိကန် နိုင်ငံ APR Energy ကုမ္ပဏီက တည်ဆောက်နေသည့်သဘာဝဓာတ်ငွေ့ သုံးအင်ဂျင်စက်များဖြင့် စတင် မောင်းနှင်ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ၈၂ မဂ္ဂါဝပ် ဓာတ်အား ပေးစက်ရုံစီမံကိန်းကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အပြည် ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ကာ အမေရိကန်နိုင်ငံအခြေစိုက် APR Energy ကုမ္ပဏီမှ တင်ဒါအောင်မြင် ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ စီမံကိန်း လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ယနေ့တွင် စတင်ဓာတ်အား ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ စက်တပ်ဆင်အင်အားမှာ အင်ဂျင်စက်တစ်လုံးလျှင် ၁ ဒသမ ၄၇၅ မဂ္ဂါဝပ်ဖြစ်ပြီး Gas Engine ၆၈ လုံးဖြစ်၍ စုစုပေါင်း ၁၀၀ ဒသမ ၃ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ Gas Engine အမျိုးအစားမှာ CATERPILLAR အမျိုးအစား ဖြစ်ပြီး ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းမှရရှိသည့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း၂၀ ကို အသုံးပြုကာ လျှပ်စစ်ဓာတ်အား ၈၂ မဂ္ဂါဝပ် ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။

ကျောက်ဆည် စက်မှုဇုန်နယ်မြေ ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အား များကို ဓာတ်အားလိုင်း ၇ ဒသမ ၅ မိုင်တည်ဆောက်၍ ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံသို့ ပို့လွှတ် ပြီး နိုင်ငံတော်ဓာတ်အားကွန်ရက် အတွင်းသို့ဖြန့်ဖြူး၍ နိုင်ငံတော် အတွက် နွေရာသီတွင် ပြည်သူများ သုံးစွဲရန်လိုအပ်လျက်ရှိသော လျှပ်စစ် ဓာတ်အားကို ဖြည့်ဆည်းပေးရန် အတွက် အမြန်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော စီမံကိန်းတစ်ခု ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဌာနဆိုင်ရာနှင့် ရပ်ကွက် (၁၂)ရပ်ကွက်တို့မှ ယိမ်းအဖွဲ့တို့က လားရှိုးမြို့ရဲ့မဟာ သင်္ကြန် သီချင်းဖြင့် သံပြိုင်သီဆိုကပြဖျော်ဖြေကြသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မဟာသင်္ကြန် ယိမ်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

လေပြင်းတိုက်ခတ်၍ ရန်ကုန်-ပြည်ကားလမ်းပေါ် သစ်ပင်များလဲကျ မော်တော်ယာဉ်များပေါ် ပိမိသဖြင့် သုံးဦးသေဆုံးပြီး၊ သုံးဦးဒဏ်ရာရ

ရွှေတောင် ဧပြီ ၁၃

လေပြင်းတိုက်၍ သစ်ပင်လဲကျမှုကြောင့် ပျက်စီးသွားသောမော်တော်ယာဉ်။

ပြည်ခရိုင် ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအနီး၌ လေပြင်း တိုက်ခတ်စဉ် ရန်ကုန်-ပြည် ကားလမ်း မိုင်တိုင်အမှတ် (၁၆၈/၂) နှင့် (၁၆၈/၅)အကြား လမ်းဘေးရှိသစ်ပင် များပြိုလဲကျပြီး ဖြတ်သန်းသွားသော မော်တော်ယာဉ်များပေါ်သို့ လဲကျ ပိမိသဖြင့် သုံးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကာ ယာဉ်ထိခိုက်ပျက်စီးမှု များရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

လေပြင်း တိုက်ခတ်မှုကြောင့် ရန်ကုန်ဘက်မှ ပြည်ဘက်သို့မောင်းနှင် လာသော လိုက်ထရပ်အဖြူရောင် ယာဉ်ပေါ်သို့ အော်ရေးရှား ပိတောက်ပင်လဲကျပိမိပြီး မင်းလှ မြို့နယ် ဝက်လှလေးကျေးရွာနေ ဦးဘိုတင်မြ (၅၉ နှစ်)၊ ပုသိမ်မြို့နေ ဦးဇော်ဝင်းထွန်း (၃၁ နှစ်)တို့နှစ်ဦး မှာ အခင်းဖြစ်နေရာတွင် သေဆုံး ခဲ့သည်။

ထို့ပြင် အဆိုပါယာဉ်ပေါ်၌ လိုက်ပါလာသော လက်ပံတန်းမြို့နယ် ရုံးပင်ကွင်းကျေးရွာနေ ဦးကျော်ငြိမ်း (၄၉ နှစ်) မှာ ဒဏ်ရာရရှိခဲ့သဖြင့် ရွှေတောင်မြို့နယ် ပြည်သူ့ဆေးရုံမှ ပြည်မြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်း ကုသမှုခံယူရန် ပို့ဆောင်စဉ် လမ်း ခရီး၌ သေဆုံးသွားခဲ့သည်။

အဆိုပါ ယာဉ်ပေါ်ပါ ဝက်လှ လေးကျေးရွာနေ မောင်ညီညီစိုး (၁၄ နှစ်)၊ လက်ပံတန်းမြို့ ရုံးပင်ကွင်း ကျေးရွာနေ ကိုနိုင်လင်းခိုင် (၂၂ နှစ်)၊ ဝက်လှလေးကျေးရွာနေ ယာဉ်မောင်း ဦးဝင်းနိုင်စိုး (၄၅ နှစ်)တို့ သုံးဦးမှာ ဒဏ်ရာများရရှိခဲ့ကြသည်။

အလားတူ ပြည်ဘက်မှ ရန်ကုန် ဘက်သို့မောင်းနှင်လာသည့် ခရီး သည်တင် ဂျေဂျေမှန်လုံယာဉ်ပေါ်သို့ အော်ရေးရှားပိတောက်ပင် လဲကျပိမိ သဖြင့် ယာဉ်၏ခေါင်မိုးပျက်စီးမှု အချို့ရှိခဲ့သော်လည်း လူထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း၊ ပြည်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် ဟာရီယာ အဖြူရောင်ယာဉ်ပေါ်သို့ အော်ရေးရှားပိတောက်ပင် လဲကျပိ မိသဖြင့် ယာဉ်ခေါင်းခြမ်းချိုင့်ဝင်သွား ခဲ့ကြောင်းနှင့် အဆိုပါနေရာသို့ ရွှေတောင်မြို့နယ်မှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ၊ ရပ်မိရပ်ဖများ ရောက်ရှိ ပြီး သစ်ပင်များရှင်းလင်းခြင်း၊ အခြား လိုအပ်သည်များ ကူညီဆောင် ရွက်ခြင်းများ ဆောင်ရွက်ပေးခဲ့သဖြင့် လမ်းပိတ်ဆို့မှုမရှိခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ရွှေတောင်မြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်

ရွှေတောင် ဧပြီ ၁၃

ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ ဧပြီ ၁၂ရက် ညနေပိုင်းက မိုးသက် လေပြင်းများ တိုက်ခတ်မှုကြောင့် သက်ငယ်မိုး၊ ထရံကာနေအိမ် ၃၇ လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း ပြိုကျပျက်စီးခဲ့ကြောင်း သိရ သည်။ **(အောက်ပုံ)**

ညနေ ၆ နာရီခန့်မှ ၆ နာရီ ၁၀မိနစ်ခန့်အထိ ယင်းမိုးသက် လေပြင်းတိုက်ခတ်မှုကြောင့် ကသစ် တိုင်းကျေးရွာအုပ်စု ကသစ်တန်း ကျေးရွာရှိ သက်ငယ်မိုး၊ ထရံကာ နေအိမ် ၁၄လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ မာလကာကုန်းကျေးရွာ တွင် နေအိမ်သုံးလုံး၊ စမ်းရွာကျေးရွာ တွင် နေအိမ် ၁၆လုံး၊ မဲတောကျေးရွာ အုပ်စု ရှင်ညီကျေးရွာတွင် နေအိမ် တစ်လုံး၊ ဆည်ကြီးကုန်းကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာတွင် နေအိမ် တစ်လုံး၊ ဇယ်မကျေးရွာအုပ်စု ရွာကုန်း ကျေးရွာတွင် နေအိမ်တစ်လုံး၊ အိုးထိန်းကုန်းကျေးရွာအုပ်စု ရှင်ငယ်ရွာ သစ်ကျေးရွာတွင် နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း၊ လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း၊ ပြိုကျ ပျက်စီးသည့် နေအိမ်များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များနှင့် ရွာသူ ရွာသားများ စုပေါင်း၍ ပြန်လည် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေးဟောပြော

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)နှင့် အရှေ့ပိုင်းမြို့နယ် များအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များနှင့် ဓာတ်ငွေ့အရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို ဧပြီ ၁၁ ရက် ညနေ ၄ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မီးသတ် တပ်ဖွဲ့စခန်း၌ကျင်းပရာ တောင်ဥက္ကလာပဇုန်နယ်မြေ မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကိုကိုကြီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်သုံးဆီအရောင်း ဆိုင်များ၊ ဓာတ်ငွေ့အရောင်းဆိုင်တာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက် ကြသည်။

ရှေးဦးစွာ ဇုန်နယ်မြေမီးသတ်ဦးစီးဌာနမှူးက မီးဘေးကြိုတင်ကာကွယ် ရေးဟောပြောရှင်းလင်းပြီးဆိုင်တာဝန်ခံများမှ သိလိုသည်များကို ပြန်လည် မေးမြန်းကာ မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှုနှင့် ဓာတ်ငွေ့မီးလောင်မှု များ၊ ရှေးဦးမီးငြိမ်းသတ်ရေးကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။

(သတင်းစဉ်)

✽ ကျောဖုံးမှ

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို အရောက်လှမ်းနိုင်ပါစေလို့ ဆုတောင်း ပေးပါတယ်။

ရွှေရည်ဖြိုးမောင်

သင်္ကြန်မရောက်ခင်ကတည်းက ရင်ခုန်စောင့်စားနေရတာပါ။ ဒီနှစ် သင်္ကြန်မှာ သီချင်းတွေလိုက်ဆိုပြမယ်။ ရေပက်ခံတော့ မထွက်ဖြစ်ပါဘူး။ အသားအရေပျက်စီးနိုင်ပြီး ယာဉ် အန္တရာယ်ကိုလည်း ကြောက်မိလို့ပါ။ ပရိသတ်ကြီးအားလုံးလည်း အန္တရာယ် ကင်းရှင်းကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေလို့ ဆုတောင်းပေး ပါတယ်။ သီချင်းအသစ်တွေလည်း သီဆိုသွားဖို့ရှိသလို ရွှေရည်ဖြိုးမောင် ကို ပရိသတ်ကြီးသိခဲ့တဲ့ ကိုယ်ရံတော် သီချင်းကိုတော့ မဏ္ဍပ်တိုင်းမှာ သီဆို ဖြစ်မှာပေါ့။

နန်းသူဇာ

ဒီနှစ်သင်္ကြန်က ထူးခြားတယ်။ မဏ္ဍပ်တိုင်းလူပြည့်ပြီး အကြိုနေ့က တည်းက ရေပက်ကြတယ်။ နောက် ဆိုရင် အကြိုနေ့ကနေစပြီး ပက်ကြဖို့ သေချာသွားပြီ။ ရန်ကုန်သင်္ကြန် မနှစ်ကထက်ပိုပြီး စည်ကားမှာပါ။ ရန်ကုန်က မဏ္ဍပ်တွေမှာ နှစ်ရက် နေပြီး အကြတ်နေ့ကျရင်တော့ ခရီးသွားဖို့ရှိပါတယ်။ နေပြည်တော် သင်္ကြန်ရော၊ ချောင်းသာသင်္ကြန်ရော သွားချင်ပါတယ်။ ရေကစားကြသူ တွေကို မှာချင်တာက ကျန်းမာရေး ကအရေးကြီးပါတယ်။ အပျော်အပါး ဆိုတာထက် အမှားမဖြစ်ဖို့က ပိုအရေးကြီးလို့ ထိန်းထိန်းသိမ်း သိမ်းပျော်ပေးကြပါလို့ ပြောချင် ပါတယ်။ ဒီနှစ်စည်းကမ်းထိန်းသိမ်း ရေးတွေ ထားရှိပေးမယ်ကြားလို့ ဝမ်းသာမိပါတယ်။

နေခြည်လင်းလက်

MEC နဲ့ Huawei ရဲ့ မဏ္ဍပ်မှာ သင်္ကြန်ရက်အတွင်း ရှိနေမှာပါ။ သီချင်းလည်းဆိုဖြစ်မယ်၊ ရေလည်း ပက်မှာဖြစ်ပါတယ်။ နေခြည်တို့ အနေနဲ့ သင်္ကြန်ကို ပျော်စရာပွဲတော် တစ်ခုလို့ မှတ်ယူထားပါတယ်။ အနု ပညာရှင်ဖြစ်လာတော့ အရင်ကလို မလွတ်လပ်တော့ဘူး။ သင်္ကြန်ဆိုတာ မြန်မာနိုင်ငံသားအားလုံးနဲ့ သက်ဆိုင် လို့ အားလုံးပျော်ပျော်ရွှင်ရွှင်ဆင်နွှဲ ကြပါလို့ ဆုတောင်းပေးလိုက်ပါတယ်။

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး

ပြည်တွင်းသတင်း

နေပြည်တော်မြို့တော်ဝန် ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲတွင် ယိမ်းအဖွဲ့များအား သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးနေစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ပျော်ရွှင်စွာရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သော မဟာသင်္ကြန်ပွဲတော်သည်ကား မြန်မာလူမျိုးတိုင်း၏ နှလုံးသည်းပွတ် ယဉ်ကျေးမှုပွဲတော်လည်း ဖြစ်ပေသည်။

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၏ နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်သို့ကူးပြောင်းသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် အကြိုနေ့ဖြစ်သည်။ ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်မဟာသင်္ကြန် ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့ မျက်နှာစာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများ၊ ဟိုတယ်လုပ်ငန်းများနှင့်ကုမ္ပဏီများမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ အဆိုတော်များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် သင်္ကြန်ပွဲ ဆင်နွှဲနေကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်မြို့တော်ဝန် ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စောမင်းနောင်က ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ မြူမှောင်ဝေကင်းသီချင်းကိုသီဆိုရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့၊ ဝန်ကြီးဌာနများ၊ ဟိုတယ်လုပ်ငန်းများနှင့်ကုမ္ပဏီများမှ ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအဖွဲ့ ၂၉ ဖွဲ့တို့မှ လှပျိုဖြူလေးများက ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန သင်္ကြန်ယိမ်းအဖွဲ့၊ ဝန်ကြီးဌာနများ၊ ဟိုတယ်လုပ်ငန်းများနှင့် ကုမ္ပဏီများမှ ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအဖွဲ့ ၂၉ ဖွဲ့တို့မှ လှပျိုဖြူလေးများက တူးပို့တူးပို့၊ ရွှေမန်းမာလာ၊ ရွှင်လန်းချမ်းမြေ့ပါစေ သီချင်းများဖြင့် မြန်မာ့ရိုးရာသင်္ကြန်ကို ဖော်ကျူးကပြဖျော်ဖြေတင်ဆက်ကြသည်။

နေပြည်တော် ဗဟိုမဏ္ဍပ်၌ စန္ဒရားကွန်းဇော်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ရုပ်ရှင်သရုပ်ဆောင်များနှင့်အဆိုတော်များက သင်္ကြန်တေးသီချင်းများ၊ အကအလှများဖြင့် ၁၃၇၅ ခုနှစ် အကူးအပြောင်းဖြစ်သော မဟာသင်္ကြန် အခါသမယကို ပျော်ရွှင်စွာကြိုဆိုခဲ့ကြသည်။ **(သတင်းစဉ်)**

❐ **ရှေ့ဖုံးမှ**

ရှေးဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်) ဦးလှမြင့်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားကာ ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်သည်တော်များသည် သင်္ကြန်ယိမ်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်) တို့က ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဇနီးနှင့်ဧည့်သည်တော်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝန်ထမ်းများက သပြေခက်ဖြင့် ရေပက်ကြသည်။

ဖျော်ဖြေမည်

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်တွင် ယနေ့မှ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့အထိ နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း ဝန်ထမ်းမိသားစုများ၊ ပြည်သူများက ပျော်ရွှင်စွာရေကစားကြမည်ဖြစ်ပြီး ဧည့်ပရိသတ်များအား ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ၊ ယိမ်းအဖွဲ့များက အဆိုအကများဖြင့် နေ့စဉ် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်သည်တော်များသည် နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးက ကြီးမှူး၍ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီက စီစဉ်ကျင်းပသည့် (၁၁) ကြိမ်မြောက် ရခိုင်ရိုးရာ နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီးရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် လေးဝတီရခိုင်တေးဂီတအဖွဲ့က ရခိုင်ရိုးရာယိမ်းအက၊ ရခိုင်သင်္ကြန်သရုပ်ဖော်ယိမ်းအကများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်းကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာရည်များဖြင့် ရေသပ္ပာယ်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်သည်တော်များသည် နံနက် ၁၀ နာရီတွင် ဒဂုံမြို့နယ် ပြည်လမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ Myanmar Event Park (Forever Group) ၌ Forever Group Co.,Ltd. က ကြီးမှူးကျင်းပသော Myanmar Summer Festival 2014 မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

၁၃၇၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

✳ **ကျောဖုံးမှ**

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ညနေပိုင်းတွင် မွန်ဂိုလီးယားနိုင်ငံ "Khotula" Tour Camp ရှိ မွန်ဂိုလီးယားရိုးရာ တဲအိမ်များဖြင့် ခရီးသွားဧည့်သည်များ တည်းခိုနိုင်ရန် ဆောင်ရွက်ထားရှိမှုနှင့် Tour Camp အတွင်း ကြည့်ရှုလေ့လာကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား မွန်ဂိုလီးယားနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့်ဟိုတယ်ခရီးဝန်ကြီး Mrs. Ts. Oyungerel က "Khotula" Tour Camp ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နံနက် ၉ နာရီက ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် "Chinggis Khaan" ပြတိုက်သို့ သွားရောက်လေ့လာပြီး "13th Century" ပြတိုက်ကိုလည်း သွားရောက်လေ့လာခဲ့သည်။

ကြည့်ရှုလေ့လာ

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် "Gandantegchinlen" ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး မွန်ဂိုလီးယားနိုင်ငံ ဗုဒ္ဓဘာသာစင်တာ ဒုတိယအကြီးအကဲ ဘုန်းတော်ကြီး Mr.Kh. Byambajau နှင့်တွေ့ဆုံကာ ဘုန်းတော်ကြီးကျောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ **ကျောဖုံးမှ**

လှပျိုဖြူများ၊ မဟာသင်္ကြန်မဏ္ဍပ်ရှေ့တွင် ကြိုတင်နေရာယူထားကြသည့် မန္တလေး ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ အောင်မြေသာစံ၊ မဟာအောင်မြေနှင့် ပြည်ကြီးတံခွန်မြို့နယ် အခြေခံပညာကျောင်းများမှတူညီရောင်စုံဝတ်ယိမ်းအကအဖွဲ့ဝင်ကျောင်းသူ ၃၀၀၀ ကျော်တို့က မန်းတောင်ရိပ်ခိုသင်္ကြန်သီချင်းနှင့် ထာဝရမြန်မာ တေးသီချင်းတို့ကို သံပြိုင်သီဆိုကြပြီး ယိမ်းအဖွဲ့များက တူညီကကြိုးများဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ မန်းစည်ပင်ခေတ်ပေါ် တေးဂီတအဖွဲ့၊ မြန်မာ့ဆိုင်းဝိုင်းတော်ကြီး၊ မင်္ဂလာစည်တော်ကြီးအဖွဲ့တို့နှင့် တွဲဖက်၍ နာမည်ကျော် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ တေးသံရှင်အဆိုတော်ကြီးများ၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှ သင်္ကြန်ယိမ်းလှပျိုဖြူများက အဆို၊ အက၊ အလှတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနား ကျင်းပနေသည်ကို တွေ့ရစဉ်။

မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်အကြိုနေ့တွင် ကျုံးတောင်ဘက် ၂၆ လမ်း တစ်လျှောက်ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်နှင့် သင်္ကြန်ရေကစားမဏ္ဍပ်၊ သင်္ကြန်ချစ်သူပြည်သူများ အကြိုက်နာမည်ကြီး တီးဝိုင်းနှင့် တေးသံရှင်အဆိုတော်များဖြင့် ဖျော်ဖြေပေးသည့် အစည်ကားဆုံးသော Alpine သောက်ရေသန့်သင်္ကြန်မဏ္ဍပ် သင်္ကြန်အလှပြမဏ္ဍပ်တို့က နာမည်ကြီးအဆိုတော်တို့နှင့် တွဲဖက်ကာ အဆို၊ အတီး၊ အကများဖြင့်အပြိုင်အဆိုင်ဖျော်ဖြေ တင်ဆက်ကြ၍ ပျော်ရွှင်စွာရေကစား ဆင်နွှဲလျက်ရှိကြရာ သင်္ကြန်ချစ်သူပြည်သူများကလည်း ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း ရေပက်ခံထွက်သူများ၊ ရေကစားကြသည့် သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း တွေ့ရှိရပြီး မန္တလေးမြို့တစ်ခွင်လုံး သင်္ကြန်တေးသံသာများဖြင့် ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

လေယာဉ် ၁၂ စင်း၊ သင်္ဘော ၁၄ စင်းဖြင့် ပျောက်ဆုံးမလေးရှားလေယာဉ်ကို အင်တိုက်အားတိုက်ရှာဖွေနေကြဆဲ

ကွာလာလမ်ပူ ဧပြီ ၁၃

ဩစတြေးလျဦးဆောင်သော နိုင်ငံတကာရှာဖွေရေးအဖွဲ့သည် ပျောက်ဆုံးမလေးရှားလေယာဉ်ရှာဖွေမှုကို အရှိန်လျှော့ခဲ့ခြင်းမရှိဘဲ ဆက်လက်၍ ဧပြီ ၁၃ ရက်တွင် စစ်ဘက်လေယာဉ် ၁၀ စင်း၊ အရပ်ဘက်လေယာဉ်တစ်စင်းနှင့် သင်္ဘော ၁၄ စင်းတို့၏အကူအညီဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်း ရှာဖွေမှုပြုလုပ်နေကြကြောင်း ဩစတြေးလျပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ဧပြီ ၁၃ ရက်က ထုတ်ပြန်ကြေညာသည်။

ဩစတြေးလျဝန်ကြီးချုပ်တိုနီအက်ဗော့က ဩစတြေးလျကမ်းလွန် အိန္ဒိယသမုဒ္ဒရာအတွင်းလေကြောင်းနှင့်ရေကြောင်းမှ ရှာဖွေမှုသည် အချိန်အတော်ကြာဆက်လက်ကြာမြင့်နိုင်ဖွယ်ရှိပြီး လုပ်ငန်းပမာဏအရလည်းကြီးမားနေဆဲဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ထောက်လှမ်းရရှိသော အချက်ပြမှုများမှာ ပျောက်ဆုံးမလေးရှားလေယာဉ်၏ Black Box မှလာသောအချက်ပြမှုများဖြစ်သည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

ဘာသာပြန်-ကျော်သဲအိမ်

မလေးရှားခေတ္တပို့ဆောင်ရေးဝန်ကြီး ဟီရှန်မုဒ္ဒင်ဟူစိန်က ပျောက်ဆုံးလေယာဉ်အနိမ့်ပိုင်းသို့ပျံသန်းလာစဉ် တွဲဖက်လေယာဉ်မှူးက ဖုန်းတစ်ချက်ခေါ်ခဲ့သေးသည်ဆိုသော မလေးရှားသတင်းစာတစ်စောင်၏ ထုတ်ဖော်ရေးသားချက်မှာ မဟုတ်မမှန်ပါကြောင်း ငြင်းဆိုထားသည်။ ဟီရှန်မုဒ္ဒင်ဟူစိန်က ၎င်းကိစ္စသည်ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာနိုင်ငံတကာအေဂျင်စီများနှင့် တိုက်ရိုက်ပတ်သက်သောကိစ္စဖြစ်၍ အချိန်တန်မှသာ သတင်းထုတ်ပြန်ပေးမှာဖြစ်ကြောင်း ဆိုသည်။

ထို့ပြင် ဟီရှန်မုဒ္ဒင်ဟူစိန်က လက်ရှိစုံစမ်းစစ်ဆေးမှုများအရ လေယာဉ်ပေါ်စီးနင်းလိုက်ပါသူခရီးသည်အားလုံးမှာ ပြစ်မှုကင်းရှင်းကြောင်း စိစစ်ပြီးဖြစ်ရာ ယခုအခါလေယာဉ်မှာ အပိုင်စီးခံရမှု၊ အကြမ်းဖက်ဖျက်ဆီးခံရမှု၊ ပုဂ္ဂိုလ်ရေးပြဿနာနှင့် စိတ်ဖောက်ပြန်မှုအပါအဝင်စိတ်ပိုင်းဆိုင်ရာပြဿနာစသောအချက်လေးချက်ထဲမှ တစ်ချက်သို့မဟုတ် တစ်ချက်ဖြစ်နိုင်ခြေရှိမရှိ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေဆဲပင်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

ရေအောက်အသံရှာဖွေထောက်လှမ်းသောကိရိယာ တင်ဆောင်သည့် ဩစတြေးလျသင်္ဘော Ocean Shield သည် ပတ်သ်မြို့အနောက်မြောက်ဘက် ကီလိုမီတာ ၁၆၇၀ အကွာရှိ ရှာဖွေနယ်နိမိတ်ငယ်အတွင်း ရောက်ရှိနေပြီး ယင်းရှာဖွေနယ်နိမိတ်ငယ်မှာ ၆၀၀ စတုရန်းကီလိုမီတာ လောက်သာ ကျယ်ဝန်းသည်။

ဩစတြေးလျဝန်ကြီးချုပ်တိုနီအက်ဗော့က ရှာဖွေရေးနယ်နိမိတ်ကို ကျဉ်းသထက် ကျဉ်းအောင်ချုံ့ပစ်နိုင်ခဲ့ကြောင်း၊ သို့သော်လည်းကုန်းတွင်းပိုင်းမှကီလိုမီတာ ထောင်ချီဝေးကွာသော သမုဒ္ဒရာအတွင်းရေမျက်နှာပြင်အောက် ၄ ဒသမ ၅ ကီလိုမီတာအနက်ကိုအခြေခံပြီး ရှာဖွေထောက်လှမ်းပြုရတာထင်သလောက်မလွယ်ကူကြောင်း၊ ယခုအခါ ရှာဖွေနယ်နိမိတ်ကို ပတ်သ်မြို့အနောက်မြောက်ဘက် ကီလိုမီတာ ၂၂၀၀ ကို ဗဟိုပြုပြီး စတုရန်းကီလိုမီတာ ၅၇၅၀၆ အတွင်းထားရှိပြီး ရှာဖွေမှုများ ပြုလုပ်နေကြကြောင်း၊ ပျောက်ဆုံးလေယာဉ်တည်ရှိသည့်နေရာအတိအကျကို ဆုံးဖြတ်ပြီးပါက သမုဒ္ဒရာကြမ်းပြင်သို့ စက်ရုပ်ငယ်တစ်မျိုးဖြစ်သော Autonomous Underwater Vehicle ကို စေလွှတ်ကာ ရှာဖွေမှုများပြုလုပ်မည်ဖြစ်ကြောင်း သတင်းထောက်များကိုပြောကြားသည်။ **(ရိုက်တာ)**

ပြည်တွင်းသတင်း

ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဧပြီ ၁၃ ရက်က ဖွင့်လှစ်ရာ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့နယ်အသီးသီးမှ ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြိုနေ့ မြင်ကွင်းစုံ

၁၃၇၅ ခုနှစ် မြင်းမူမြို့နယ်၏ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က မုံရွာ-မန္တလေး ကားလမ်းဘေး မြင်းမူ အထကကျောင်းရှေ့ ဗဟိုရေသဘင်မဏ္ဍပ်၌ ကျင်းပရာ ယိမ်းအဖွဲ့လှပျိုဖြိုးများမှ မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုကပြဖျော်ဖြေစဉ်။ ကိုကိုနိုင်

၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က ချင်းပြည်နယ် ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ အနီး ဗဟိုမဏ္ဍပ်၌ ကျင်းပစဉ်။ (ပြည်နယ် ပြန်/ဆက်)

၁၃၇၅ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က ထားဝယ်မြို့၌ ကျင်းပရာ ယိမ်းအဖွဲ့လှပျိုဖြိုးများ သီဆိုကပြဖျော်ဖြေစဉ်။ (တိုင်းဒေသကြီး ပြန်/ဆက်)

မဟာသင်္ကြန်အကြိုနေ့ ညနေပိုင်းက တာချီလိတ်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်တွင် ပျော်ရွှင်စွာ ရေကစားနေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ မောင်ယဉ်ကျေး

ညောင်လေးပင်မြို့ ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာ ရေသဘင် ပွဲတော်ကို ဧပြီ ၁၃ ရက်က ဗဟိုမဏ္ဍပ် ရှေ့၌ စည်ကား သိုက်မြိုက်စွာကျင်းပစဉ်။ နေလင်း

ဧပြီ ၁၃ ရက်က မကွေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ မြန်မာ့ ရိုးရာ မဟာ သင်္ကြန် ဗဟို မဏ္ဍပ်၌ ယိမ်း အဖွဲ့ လှပျိုဖြိုး များ သီဆို ကပြ ဖျော် ဖြေ နေ သည်ကို တွေ့ ရစဉ်။ ဇူလိုင်မိုး

ဧပြီ၁၃ ရက်က ရန်ကုန်မြို့ ပြည် လမ်း ရှိ မဟာ သင်္ကြန် မဏ္ဍပ် တွင် ရေပက် ကစား ကြသူများ၊ ရေ ပက် ခံ သူ များ ဖြင့် စည်ကား စွာ တွေ့ရစဉ်။ တင်စိုး (မြန်မာ့အလင်း)

ပြည်တွင်းသတင်း

မြန်မာ့ရိုးရာမဟာသင်္ကြန်အတာရေသဘင်ပွဲ ပျဉ်းမနားမြို့တွင် ပျော်ရွှင်မြူးထူးစွာ ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၃

မဟာသင်္ကြန်အကြိုနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ ရပ်ကွက်၊ ကျေးရွာများ၌ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်ယင်နွှဲပျော်ကြသော သင်္ကြန်ချစ်လူငယ်လူရွယ်များ၊ ကလေးသူငယ်များဖြင့် လှုပ်ရှားတက်ကြွစွာ သက်ဝင်စည်ကားလျက်ရှိသည်။

ပျဉ်းနားမြို့ပေါ်ရှိ ရွှေချို၊ ပေါင်းလောင်း၊ ပန်းခင်း၊ ရန်အောင်စသည့် ရပ်ကွက်များတွင် အိမ်ရှေ့၊ ခြံရှေ့ လမ်းမပေါ်၌ ရေစည်ပိုင်းများ၊ ရေတိုင်ကီများချကာရေပိုက်၊ ရေခွက်များဖြင့် ကလေးသူငယ်များ အစုအဖွဲ့လိုက်ပျော်ရွှင်မြူးထူးစွာ ရေကစားနေကြကြောင်းသိရသည်။**(ယာပုံ)**

သူဇာလှိုင်(စက်မှု)

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း (၅၆) ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ (၅၆) ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလား (Gold Cup) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၆ နာရီက ပြင်ဦးလွင်ဂေါက်ကွင်း အမှတ်(၁)တီခုံ၌ကျင်းပရာ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း နာယကများဖြစ်သော အမှတ်(၁)စစ်ဆေးရုံ(ခုတင် ၇၀၀) တပ်မှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ တပ်မတော်အုပ်ချုပ်မှုကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်း၊ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် Main Sponsor Kaung Group (KM Golf Centre) မှ နာယက ဦးချစ်ဆွေတို့က ဖွင့်ပွဲအထိမ်းအမှတ် Smoke Ball နှင့် ဂေါက်သီးများ အသီးသီးရိုက်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ကြေးအဆင့်အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲ၊ သက်ကြီးတန်းနှင့်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ၏ ပထမနေ့ပွဲစဉ်များ စတင်ကျင်းပသည်။

ယနေ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဂေါက်ကလပ်များမှ ကြေးအဆင့်အသင်းလိုက်ပြိုင်ပွဲဝင် ၁၈ သင်း၊ ကြေးအဆင့်တစ်ဦးချင်းပြိုင်ပွဲဝင် ၁၄၄ ဦး၊ သက်ကြီးတန်းပြိုင်ပွဲဝင် ၅၆ ဦးနှင့် အမျိုးသမီးပြိုင်ပွဲဝင် ၂၃ဦး စုစုပေါင်း ၂၂၃ ဦးအကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိသည်။ သက်ကြီးတန်းပြိုင်ပွဲဝင်များတွင် ဂျပန်နိုင်ငံမှ ဂေါက်သီးဝါသနာရှင် (Mr. Oada) ၆၅ နှစ်လည်း ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ (၅၆)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား (Gold Cup) ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ Main Sponsor အဖြစ် Kaung Myat Group (KM Golf Centre) နှင့် RPMM Co.,Ltd.၊ MBL Co., Ltd. DAGON BEBERAGES Co.,Ltd၊ A1 ဆောက်လုပ်ရေး၊ ပြင်ဦးလွင်အမျိုးသားကန်တော်ကြီး ဥယျာဉ်၊ တောင်ပေါ်ဒေသလမ်းဖောက်လုပ်ရေးကုမ္ပဏီ၊ MK Fashion၊ PANO MYANMAR YEMON Co.,Ltd.၊ ရွှေသပြေကုမ္ပဏီလီမိတက်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ Elite Tech Gnup of Companies၊ ပန်ဟုတ်ဒူဝါကုမ္ပဏီလီမိတက်၊ Happy land ခေတ်မီကစားကွင်း၊ Hotel Pyin Oo Lwin၊ Feel Restaurant၊ King & Queen၊ KBZ Bank၊ ရွှေနန်းထိုက်ဆောက်လုပ်ရေး၊ လပ်ကီးသောက်ရေသန့်၊ ပွိုင့်နေကြာစေ့၊ OAK BARREL၊ ယူနန်တရုတ်ဘုံကျောင်းနှင့်အလှူရှင်များက Co Sponsor များအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက်အရေးပါသည့် ငမိုးရိပ်ချောင်းသောင်တူးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် ရေစီးရေလာကောင်းမွန်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် ကာကွယ်ရေးနှင့် ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ပါဝင်ဆောင်ရွက်လျက်ရှိရာ ရေစီးရေလာကောင်းမွန်ရေးအတွက် အရေးပါသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ငမိုးရိပ်ချောင်းသောင်တူးလုပ်ငန်းကို ဝန်ထမ်းအင်အား၊ စက်ကိရိယာအင်အားများနှင့် နည်းပညာပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ငမိုးရိပ်ချောင်း သောင်တူးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းအဆင့်များအလိုက် အောက်ပါအပိုင်း လေးပိုင်းဖြစ်သည့်-

(၁) ဆင်ဖုံချောင်းအဝမှ အောက်ဘက် ၁၅၀၀မီတာ

(၂) ဆင်ဖုံချောင်းအဝမှ ကျော်လှော်ရိုးအထိ ၂၀၅၀မီတာ

(၃) ကျော်လှော်ရိုးမှ ငမိုးရိပ်ချောင်းရေတံခါးအထိ ၃၅၀၀မီတာ

(၄) ဆင်ဖုံချောင်းအောက်ဘက် အပိုင်း (၁) နေရာမှ အောက်ဘက် ၂၀၉၇မီတာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်းအလျား ၉၁၄၇ မီတာနှင့် မြေသားပမာဏ ၁၀၇၅၀၃၉ ကုဗမီတာ တူးဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်း ရေစီးရေလာကောင်းမွန်စေရန် ငမိုးရိပ်ချောင်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်းအတွက် စုစုပေါင်း ကျပ်သန်း ၆၅၀ခန့် နိုင်ငံတော်ကကုန်ကျစရိတ် ကျခံဆောင်ရွက်ခြင်း ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ရာတွင် ဆင်ဖုံချောင်းအဝမှ အောက်ဘက် ၁၅၀၀ မီတာအထိ အပိုင်း(၁)ကို ဗ-၆၀၄သောင်တူးရေယာဉ်ဖြင့် ၂၀၁၄ ခုနှစ် မတ်လမှ ဧပြီလအတွင်းတွင် ဆောင်ရွက်မည်ဖြစ်သည်။ ဆင်ဖုံချောင်းအဝမှ ကျော်လှော်ရိုးအထိ အပိုင်း(၂)ကို ဗ-၆၀၃သောင်းတူးရေယာဉ်ဖြင့် ၂၀၁၄ ခုနှစ် မတ်လမှ ဇူလိုင် ပထမပတ်အတွင်းတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ကျော်လှော်ရိုးမှ ငမိုးရိပ်ချောင်းရေတံခါးအထိ အပိုင်း(၃)ကို ဗ-၆၀၄ သောင်တူးရေယာဉ်နှင့် ဗ-၆၀၃ သောင်တူးရေယာဉ်တို့ပူးပေါင်း၍ ၂၀၁၄ ခုနှစ် မေလမှ စက်တင်ဘာလအတွင်းတွင် ဆောင်ရွက်မည်ဖြစ်ပြီး အပိုင်း (၄) သောင်တူးလုပ်ငန်းကိုပါ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

အပိုင်း(၁)တွင် သောင်တူးဖော်ခြင်းကို ဗ-၆၀၄ သောင်တူးရေယာဉ်ဖြင့် ၃-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ အပိုင်း(၂)တွင် သောင်တူးဖော်ခြင်းကို ဗ-၆၀၃ သောင်တူးရေယာဉ်ဖြင့် ၂၇-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၈-၄-၂၀၁၄ ရက်နေ့အထိ အပိုင်း(၁)တွင် ၆၄၉၀၇ ကုဗမီတာဖြင့် လုပ်ငန်းပမာဏ၏ ၅၀ ဒသမ ၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ အပိုင်း(၂)တွင် ၁၉၃၄၅ ကုဗမီတာဖြင့် လုပ်ငန်းပမာဏ၏ ရှစ်ရာခိုင်နှုန်းခန့်ကိုလည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့သည်။

ငမိုးရိပ်ချောင်းသောင်တူးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ၁၅-၃-၂၀၁၄ ရက်နေ့နှင့် ၈-၄-၂၀၁၄ ရက်နေ့တို့တွင် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းကော်မတီဝင်များကလည်းကောင်း၊ ၁၈-၃-၂၀၁၄ ရက်နေ့တွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း လုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးခဲ့ပါသည်။

သောင်တူးလုပ်ငန်းဆောင်ရွက်ရာတွင် ရေအနက်နည်းပါးသဖြင့် ဒီရေအတက်အကျပေါ်မူတည်ပြီး သောင်တူးလုပ်ငန်းဆောင်ရွက်ရခြင်း၊ တံတားများဖြတ်သန်းရာတွင် ရေစစ်ချိန်ကိုစောင့်၍ ချောင်းအတွင်း ဖြတ်သန်းရခြင်း၊ တူးဖော်ရသည့်မြေအမျိုးအစားမှာ နုန်းများဖြစ်သောကြောင့် တူးလိုင်းအတွင်းသို့ နုန်းများပြန်ကျဆင်းခြင်း၊ ကမ်းဘေးဝဲ/ယာ၌တူးစာများ စွန့်ပစ်ရာတွင် ညှိနှိုင်းရန်လိုအပ်ခြင်းနှင့်တူးစာစွန့်ပစ်ရန်နေရာအား ပြင်ဆင်ရခြင်း စသည့်အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

ငမိုးရိပ်ချောင်း သောင်တူးလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရေမြောင်းများနှင့်ရေနုတ်မြောင်းများမှ စီးဆင်းလာမည့်ရေများကို ငမိုးရိပ်ချောင်းမှတစ်ဆင့် အချိန်တိုအတွင်း ထုတ်နုတ်ပေးနိုင်မည်ဖြစ်သဖြင့် ရေကြီးရေလျှံမှု ကာကွယ်ရေးအတွက် များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ်ပါသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

သောက်သုံးရေကန်အချို့တွင် ရေလုံလောက်စွာရှိသဖြင့် ဒေသခံပြည်သူများ စိတ်လက်အေးချမ်းလျက်ရှိ

ကျောက်ပန်းတောင်း ဧပြီ ၁၃

မန္တလေးတိုင်းဒေသကြီးရှိ ကျေးလက်တောရွာများတွင် လွန်ခဲ့သည့်နှစ်များက ရာသီဥတုဖောက်ပြန်၍ မိုးလေဝသမှန်ကန်မှုမရှိခဲ့သဖြင့် ကျေးရွာအချို့တွင် ယမန်နှစ်နွေရာသီက သောက်သုံးရေ ပြတ်လပ်မှုများ ကြုံတွေ့ခဲ့ကြရာ နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့်လည်းကောင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များ၏ အကူအညီဖြင့်လည်းကောင်း၊ မိုးရေလှောင်ကန်ကြီးများ ပြုပြင်ခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်းများကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ယခုနှစ် မိုးနှောင်းရေဝင်ကောင်းခဲ့သဖြင့် ကျေးရွာအချို့ ရေလုံလောက်စွာရရှိခဲ့ရာ ကျောက်ပန်းတောင်းမြို့နယ် တလိုင်းကန်ကျေးရွာတွင် မိုးရေလှောင်ကန်များ ရေအပြည့်ရှိနေသဖြင့် ဒေသခံပြည်သူများ စိတ်လက်ချမ်းသာစွာ ရှိနေကြကြောင်း သိရသည်။

“ဒီနှစ်တော့ စက်ရေတွင်းကလည်း အောင်သွားပြီ၊ ကန်ရေကလည်း နောက်မိုးမီအောင် လုံလောက်တော့စိတ်ချမ်းသာရတာပေါ့ဗျာ။ စက်တွင်းကိုတောင် တစ်ပတ်ကိုတစ်ကြိမ်လောက်ပဲ မောင်းရပါတယ်။ မနှစ်ကတော့ ဒီအချိန်ဆို လူစာကခက်၊ နွားစာကခက်နဲ့ ရေရှားလို့ ဒုက္ခရောက်ကြတာတစ်မျိုးနဲ့ ရေလှူမယ့်အလှူရှင်ကို မျှော်ကြရတာပေါ့။ ဒီနှစ်ကတော့ နွားစာကလည်း မရှားလှဘူး။ ရေကလည်း ပေါနေတော့ အားလုံးစိတ်ချမ်းသာနေကြရတာပေါ့ဗျာ” ဟု တလိုင်းကန်ရွာမှ ဦးကျော်ဆွေက ပြောသည်။ အဆိုပါကျေးရွာတွင် ၂၀၁၃ ခုနှစ် စက်တင်ဘာလက တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် စက်ရေတွင်းတစ်တွင်းတူးဖော်အောင်မြင်ခဲ့သည့်အပြင် ရွာဝန်းကျင်တွင်ရှိသော သောက်ရေကန်၊ သုံးရေကန်များတွင်လည်း ရေလုံလောက်စွာရှိနေသဖြင့် တလိုင်းကန်ကျေးရွာအုပ်စုရှိ တလိုင်းကန်ကျေးရွာ၊ ငှါသရောက်ရွာ၊ ကျောင်းစုရွာ အစရှိသည့် ကျေးရွာသုံးရွာမှ လူဦးရေ ၂၁၀၀ ကျော်တို့မှ ယခုနှစ်နွေရာသီကို စိတ်အေးချမ်းစွာဖြင့် ဖြတ်သန်းကုန်လွန်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

နောင်ခမ်းကျေးရွာသောက်သုံးရေဖူလုံရေးဆောင်ရွက်

မောက်မယ် ဧပြီ ၁၃

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု နောင်ခမ်းကျေးရွာတွင် ရေပေးဝေရေးနှင့် စိမ့်စမ်းရေသွယ်ယူခြင်း သုံးမိုင်အကွာ ရေစုကန်ဆောက်လုပ်ပေးခြင်းလုပ်ငန်းကို ဧပြီ ၁၁ ရက်က စတင်ဆောင်ရွက်ပြီး မေလအကုန်တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်။

ရေပေးဝေရေးလုပ်ငန်းမှာ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သိန်း ၂၂၅ ကုန်ကျခံပြီး နောက်ခမ်းကျေးရွာအတွင်းရှိ လူနေအိမ်ပေါင်း ၅၄ အိမ်ကို ရေများဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ကျေးလက်နေပြည်သူ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ပံ့ပိုးကူညီမှုများ လိုအပ်နေခြင်းကြောင့် တာဝန်ရှိသူများအနေဖြင့် ထိုက်သင့်သလောက်စတင်ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်သည်။ ယခုလို ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ပြီးစီးပါက နောင်ခမ်းကျေးရွာ၏ သန့်ရှင်းသော သောက်သုံးရေရရှိရေးတွင် အဆင်ပြေချောမွေ့လာစေမည့်အပြင် ကျန်းမာရေးနှင့်ညီညွတ်သော လူ့ဘောင်သစ်ကိုလည်း တည်ဆောက်လာနိုင်မည်ဖြစ်ပြီး ကျေးရွာနေပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်နေကြောင်း သိရသည်။ **(၁၄၂)**

စက်ရေတွင်းတူးရန် ဇေယျပဒေသာဖောင်ဒေးရှင်း ချေးငွေပေးအပ်ပွဲကျင်းပ

ဟုမ္မလင်း ဧပြီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်၏ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇေယျပဒေသာဖောင်ဒေးရှင်းမှ ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် တက်သာကျေးရွာအုပ်စုနှင့် ခေါင်ခမ်းကျေးရွာအုပ်စုရှိစက်ရေတွင်းတူးဖော်ရန်ထုတ်ချေးငွေကျပ် ၅၆ သိန်းကို တောင်သူတစ်ဦးလျှင် ခုနစ်သိန်းနှုန်းဖြင့် တောင်သူရှစ်ဦးကို ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက် မွန်းတည့် ၁၂ နာရီက ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုထွေးတို့က ပေးအပ်ရာ တောင်သူများက လက်ခံယူကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးရုံးဝန်ထမ်းများ တောင်သူများတက်ရောက်ကြကြောင်း သိရသည်။

လင်းလင်း

ပြည်တွင်းသတင်း

ရေစကြိုမြို့နယ်တွင် သင်္ကြန်အတွင်း ဒုလ္လဘရဟန်းဝတ်သူများပြား

ရေစကြို မေ ၁၃

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း ဒုလ္လဘရဟန်းဝတ်သူ၊ တရားစခန်းဝင်သူများ ယမန်နှစ်ကထက် ပိုမိုများပြားလာကြသည်ဟု သိရသည်။ အထူးသဖြင့် ရေစကြိုမြို့နယ် မြို့ဦးမဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ် ဒုလ္လဘရဟန်းပြုသူ၊ တရားစခန်းဝင်သူများ များပြားလေ့ရှိသည်ဟုသိရသည်။

အဆိုပါ မြို့ဦးမဟာစည်သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ ၂၄ နှစ်ခန့်ရှိပြီဖြစ်၍ တစ်နှစ်လျှင် ၁၀ ရက်စခန်း ခြောက်ကြိမ်နှင့် တစ်လစခန်းတစ်ကြိမ် ဖွင့်လှစ်လေ့ရှိသည်ဟု သိရသည်။ ယခုကဲ့သို့ သင်္ကြန်ကာလအတွင်း တန်ခူးလဆန်း ၉ ရက်မှ နှစ်ဆန်း ၂ ရက်နေ့အထိ တရားစခန်းဖွင့်လှစ်ထားသည်ဟု သိရသည်။ ယခုအချိန်တွင် ရဟန်း ၁၀၃ ပါး၊ သာမဏေ အပါး ၁၂၀၊ သီလရှင် လေးပါး၊ အမျိုးသားယောဂီ ခုနစ်ဦး၊ အမျိုးသမီးယောဂီ ၁၀၀ ရှိ၍ ဝေယျာဝစ္စဝိုင်းကူ ကုသိုလ်ယူသူ ၆၅ ဦး ရှိသည်ဟု သိရသည်။

ရဟန်းသာမဏေများမှ နံနက် ၉ နာရီတွင် ရေစကြိုမြို့တွင်းရှိ မြို့ပေါ်ရပ်ကွက်များသို့ တစ်ရပ်ကွက်လျှင် နှစ်ရက်နှုန်းဖြင့် ဝတ်နည်းတော်နှင့်အညီ ဆွမ်းခံကြွလျက်ရှိရာ ရေစကြိုမြို့သူ မြို့သားများက ရဟန်းသံဃာများကို ဆွမ်းလောင်းလှူကြခြင်းဖြင့် သင်္ကြန်အတွင်း ကောင်းမှုကုသိုလ်များရလျက်ရှိသည်ဟု သိရသည်။

အိမွန်ဆွေ(ရေစကြို)

မြင်းမူမြို့နယ်အတွင်းရှိ စားကျက်မြေဧက ၁၀၀ ဒေသခံတောင်သူများသို့ ယာယီလုပ်ကိုင်ခွင့်ပြု

မြင်းမူ မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်ရှိ စားကျက်မြေဧက ၁၀၀ ကို ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကို မေ ၁၁ ရက်က ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဦးစိန်မောင်းက တောင်သူလယ်သမားများဘဝ စိုက်ပျိုးလုပ်ကိုင်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရေး၊ နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် စစ်ကိုင်းခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက တောင်သူများအတွက် ယခုမြေယာများကို ပုံစံ(၃)ဖြင့် ယာယီလုပ်ကိုင်ခွင့်ပြုပေးခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ယခုပေးအပ်သော ယာယီခွင့်ပြုမြေမှာ စားကျက်မြေမှ စိုက်ပျိုးမြေသို့ ပြောင်းလဲပေးအပ်ခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် တောင်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး သုံးဦးကို ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဦးစိန်မောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်တို့က ပေးအပ်ပြီး ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ရရှိသူများကိုယ်စား ကန်ဖျားကျေးရွာမှ တောင်သူဦးကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းအခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီမံခန့်ခွဲမှုကော်မတီဝင် ၃၂ ဦး၊ မြေယာလုပ်ကိုင်ခွင့်ရရှိသူ တောင်သူ ၅၃ ဦး တက်ရောက်ကြောင်း သိရသည်။

အောင်စိုးဇေ(iprd)

နေပူရှိန်မြင့်တက်ခြင်းနှင့် လုံခြုံရေးမြှင့်တင်ပေးမှုကြောင့် မဏ္ဍပ်ထိုင်မည့်သူ ဦးရေတိုးတက်

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့တော်အတွင်း သင်္ကြန်ကာလ ရေပက်ခံထွက်မည့်ဦးရေထက် မဏ္ဍပ်ထိုင်မည့် အရေအတွက်မှာ ပိုမိုများပြားလာကြောင်း မဏ္ဍပ်ဆောက်လုပ်သူများထံ သိရသည်။

“မဏ္ဍပ်ဈေးနှုန်းတွေက မြင့်ပါတယ်။ ဒါပေမယ့် ဒီနှစ်နွေက ခရမ်းလွန်ရောင်ခြည် အဆင့်တွေ သိပ်များတယ်။ ရေပက်ခံထွက်တဲ့အခါ အသားအရေ ပျက်စီးတယ်။ မဏ္ဍပ်တွေကလည်း တစ်နေရာတည်းမှာ စုပြုံနေတော့ တစ်နေကုန်နေမှ မြို့တစ်ဝက်တောင် မလည်ရဘူး။ ရေတောင်ကောင်းကောင်း မစိုရတာတွေရှိနေတယ်။

လုံခြုံရေးဆောင်ရွက်ပေး

“နောက်ပြီး ယာဉ်အန္တရာယ်လည်းရှိနေတော့ ရေပက်ခံထွက်ဖို့ထက် မဏ္ဍပ်မှာထိုင်တာကို ပိုပြီး စိတ်ဝင်စားကြပါတယ်။ မနှစ်က သင်္ကြန်က လုံခြုံရေးအားကောင်းတယ်။ ဒီနှစ်လည်း ပိုပြီးအဆင်ပြေအောင် သက်ဆိုင်ရာက လုံခြုံရေးတင်းတင်းကျပ်ကျပ် ဆောင်ရွက်ပေးနေတယ်။ မဏ္ဍပ်ဆောက်သူတွေကိုလည်း စည်းကမ်းချက်တွေ တိုးမြှင့်ထားလို့ မဏ္ဍပ်ထိုင်တဲ့သူ ပိုများလာတာပါ” ဟု ကမ္ဘာအေးဘုရားလမ်းရှိ မဏ္ဍပ်ဆောက်လုပ်သူတစ်ဦးဖြစ်သူ ကိုဖြိုးဝေက ပြောသည်။

ယခုနှစ်အတွက် မဏ္ဍပ်ဈေးနှုန်းများမှာ မနှစ်ကနှင့် နှိုင်းယှဉ်ပါက ငွေကျပ်တစ်သောင်းခန့် ဈေးမြင့်လာပြီး ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်းနှင့် ကန်တော်ကြီးကန်ပတ်လမ်းများရှိ မဏ္ဍပ်များတွင် ရေကစားမည်ဆိုပါက ဈေးနှုန်းများမှာ လေးရက်အပြည့်လျှင် ငွေကျပ် လေးသောင်းခွဲမှ ခြောက်သောင်းအထိဖြစ်ကြောင်း၊ မဏ္ဍပ်ကြီးတစ်ခုလျှင် လူဦးရေ ၃၀၀ ဝန်းကျင်အထိ တက်ရောက် ရေကစားနိုင်ရန် စီစဉ်ထားကြောင်း၊ ယခင်နှစ်များက မဏ္ဍပ်တွင် ရေကစားနိုင်ရန် လက်ကမ်းစာစောင်များဝေခြင်း၊ ပရိုမိုးရှင်းများပြုလုပ်ခြင်းဖြင့် သင်္ကြန်အကြိုနေ့ရောက်သည့်တိုင် မဏ္ဍပ်တွင် လူမပြည့်သော်လည်း ယခုနှစ်အတွင်း မဏ္ဍပ်ကြီးအများစု လက်မှတ်များ ဝယ်ယူရန် ခက်ခဲနေကြောင်း မဏ္ဍပ်ဆောက်လုပ်သူများထံမှ သိရသည်။

“စည်းကမ်းချက်တွေကလည်း ဒီနှစ်တော်တော်များတယ်။ ဒါပေမယ့် အေးအေးချမ်းချမ်းနဲ့ ပြီးဆုံးသွားဖို့ တာဝန်ခံရတာ ပင်ပန်းပါတယ်။ မနှစ်က မဏ္ဍပ်ဆောက်တာ ငွေကျပ်သိန်း ၂၇၀ လောက်ပဲ ကုန်ခဲ့တယ်။ ဒီနှစ်ကတော့ ငွေကျပ်သိန်း ၇၀၀ ကျော်နေပြီ၊ ရှုံးတာမြတ်တာထက် အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ အောင်မြင်ချင်လို့ပါ။ ပိုက်တစ်ပိုက်ကို ငါးသောင်းကျပ် သတ်မှတ်ထားပါတယ်။ ဒါပေမယ့် နေ့လယ်စာ စီစဉ်ပေးတာ၊ အချိုရည်စီစဉ်တာ၊ ဒီဂျေသမားငှားရတာ၊ လုံခြုံရေးငှားရတာနဲ့ ဒီဇယ်ခတွေနဲ့အပြင် ဒီနှစ်မှာ မဏ္ဍပ်တွေက ပါတီတွေပေးတာ၊ ပိုက်ဝယ်သူတွေကို ကလပ်မှာဆုံပြီး သင်္ကြန်မတိုင်ခင် တွေ့ဆုံတာ စတဲ့ ကုန်ကျစရိတ်တွေ ပေါင်းလိုက်ရင်တော့ မဏ္ဍပ်ဆောက်လို့ ကျန်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးပေါ့။ နောက်ဆုံးပြဿနာ တစ်စုံတစ်ခုဖြစ်လာခဲ့ရင် အားလုံးကို တာဝန်ယူဖြေရှင်းရမှာဖြစ်လို့ မဏ္ဍပ်ဆောက်ရတာ တစ်နှစ်ထက်တစ်နှစ် ခက်ခဲလာပါတယ်” ဟု ခြောက်နှစ်တိုင်တိုင် မဏ္ဍပ်ဆောက်လုပ်ခဲ့သူ မနီနီတူးမာက ပြောကြားသည်။

ခန့်မှန်း

ထို့အပြင် ရန်ကုန်မြို့တွင် လက်ရှိကျရောက်လျက်ရှိသည့် ခရမ်းလွန်ရောင်ခြည်မှာ ၁၃ ယူဗွီဝန်းကျင်ဖြစ်နေပြီး မြန်မာတစ်နိုင်ငံလုံးတွင် ၁၀ ယူဗွီမှ ၁၄ ယူဗွီအထိ မြင့်တက်လျက်ရှိခြင်းကြောင့် နေပူရှိန်အောက်တွင် အမိုးအကာမပါဘဲ နေထိုင်ခြင်းများ မပြုလုပ်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသဖြင့် မဏ္ဍပ်ထိုင်သူဦးရေ များပြားရခြင်းဖြစ်နိုင်ကြောင်း လူငယ်များက ခန့်မှန်းသည်။

မေဦးမိုး

လျှပ်စစ်သုံးလျှင် သတိမှုဉ်
ဝန်အားမမျှ မသုံးရ

အရှိန်ထိန်းရော်ဘာဘလောက်တုံးများ အသုံးပြုကာ ပူးပေါင်းအဖွဲ့များနှင့် ညပိုင်းတွင် စစ်ဆေးသွားမည်

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့တွင်း အရှိန်ပြင်းမောင်းနှင်နေကြသော ယာဉ်များအား စည်းကမ်းတကျ ဖြတ်သန်းသွားလာမောင်းနှင်နိုင်ကြစေရန်အတွက် Mobile အရှိန်ထိန်း Slow Down ရှစ်ပေအရှည် ရော်ဘာဘလောက်တုံးများအသုံးပြုကာ ညပိုင်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ Mobile အရှိန်ထိန်း Slow Down ၈ ပေအရှည် ရော်ဘာဘလောက်တုံးများကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ညပိုင်းပူးပေါင်းစစ်ဆေးရေးအဖွဲ့များအတွက် အစုံ ၂၀ စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး နေရာ ၁၀ နေရာအတွက် တစ်နေရာကို နှစ်ခုနှုန်းဖြင့် ထားရှိကာ အနီးကပ်စစ်ဆေးမည့်နေရာများနှင့် အလယ်ယာဉ်ကြော နေရာများတွင် အနေအထားကိုကြည့်ပြီး သတ်မှတ်နေရာများချထားကာ စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ဒုရဲမှူးကြီး လင်းထွဋ်က “ညပိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် သွားလာနေကြတဲ့ ယာဉ်တွေရှိနေပါတယ်။ ဒီယာဉ်တွေကို နေရာ ၁၀ နေရာမှာ တားဆီးစစ်ဆေးမယ်၊ စနစ်တကျ Team အဖွဲ့များဖွဲ့ပြီး ဖမ်းဆီးဖို့ရှိပါတယ်။ ယာဉ်စည်းကမ်းအရ ကျွန်တော်တို့က သင်္ကြန်ကာလမှာလည်း နားလို့မရပါဘူး။ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအရ ယာဉ်မောင်းနှင်သမျှကာလပတ်လုံးနှင့် ယာဉ်တွေရှိနေသမျှ ကျွန်တော်တို့ကလည်း ရှိနေကြမှာပါ။ သင်္ကြန်ကာလအတွင်းမှာလည်း ဖမ်းဆီးမှု လျှော့ပေါ့ပေးမယ်ဆိုပေမယ့် အများပြည်သူတွေအတွက် အနှောင့်အယှက်ဖြစ်စေတယ်ဆိုရင် အဲ့ဒီယာဉ်ကို အရေးယူသွားမှာပါ။ ကိုယ့်လွတ်လပ်ခွင့်က သူတစ်ပါးကိုထိခိုက်လို့ကတော့ မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေကို အများပြည်သူတွေအတွက် အသိပေးတင်ပြလိုက်တာပါ”ဟု ဆိုသည်။

လက်ရှိ ညအချိန် စည်းကမ်းမဲ့မောင်းနှင်နေကြသော ပြိုင်ကားများအပါအဝင် အခြားယာဉ်များအား နေရာ ၁၀ နေရာတွင် အဖွဲ့ ၁၀ ဖွဲ့ဖြင့် တားဆီးပိတ်ဆို့ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိနေရာ မေ ၁ ရက်မှ ၉ ရက်အထိ စည်းကမ်းမဲ့ပြိုင်ကား ၁၆ စီး အပါအဝင် စုစုပေါင်း ယာဉ်အစီးရေ ၁၅၀၇၁ စီး စစ်ဆေးအရေးယူထားပြီဖြစ်ကြောင်း သိရပြီး ညပိုင်း လှည့်ကင်းအဖွဲ့များဖြင့် စစ်ဆေးအရေးယူထားသော ယာဉ်များတွင် ခရီးသည်တင်ယာဉ်များမှ သတ်မှတ်မှတ်တိုင်မဟုတ်ဘဲ လူအတင်အချပြုလုပ်ခြင်း၊ ကိုယ်ပိုင်ယာဉ်များ သတ်မှတ်လိုင်စင်မရှိဘဲ ယာဉ်မောင်းနှင်ခြင်း၊ မဝင်ရသော လမ်းဝင်ခြင်း၊ ဘေးတံခါးများဖွင့်မောင်းနှင်ခြင်း၊ ဖြူနီကျားရပ်ခြင်း၊ မီးမစုံခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ မျဉ်းသေကို ဖြတ်မောင်းနှင်ခြင်း စသည်ဖြင့် စည်းကမ်းပျက်ယာဉ် အမှုပေါင်း ၁၇၇၃ မှု အရေးယူဆောင်ရွက်ထားရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ထုတ်ပြန်စာရင်းများအရ သိရသည်။

Mobile အရှိန်ထိန်း Slow Down ရော်ဘာဘလောက်တုံးများအသုံးပြုပုံအား ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းသရုပ်ပြကြစဉ်။

စိုးဝင်း(SP)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မဟာသင်္ကြန်နှင့် ယာဉ်အန္တရာယ်

ရန်ကုန် ဧပြီ ၁၃

နှစ်သစ်ကူး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကဲ့သို့ အာဆီယံနိုင်ငံများ၏ ဗုဒ္ဓဘာသာ ထေရဝါဒနိုင်ငံများဖြစ်ကြသော ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့တွင်လည်း ရေကစားပွဲတော် ကျင်းပမြဲဖြစ်ကြသည်။ ထို့အပြင် တရုတ်နိုင်ငံ ယူနန်ဒေသ၊ အိန္ဒိယ၊ မလေးရှားနှင့် စင်္ကာပူနိုင်ငံတို့တွင်လည်း နှစ်စဉ်ရေကစားကြမြဲဖြစ်သည်။ Wiki စွယ်စုံကျမ်းတွင်ပါရှိသည့် ရေပက်လောင်း(သင်္ကြန်) ကစားကြသည့် နိုင်ငံများစာရင်းနှင့် နေ့ရက်များကို မထသ(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်သောင်းက စာရင်းပြုစုရရှိချက်များကို မီဒီယာတွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါရှင်းလင်းပြောကြားချက်များအရ နိုင်ငံအလိုက် သင်္ကြန်ပွဲတော်များမှာ အခေါ်အဝေါ် ပြောင်းလဲသတ်မှတ်ထားရှိသည်ကို လေ့လာတွေ့ရှိရခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ သင်္ကြန်ပွဲတော်ကာလကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ချာလ်ချနန်းသမား (သင်္ကြန်ဒေသအခေါ်) ပွဲတော်ကို ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိလည်းကောင်း၊ လာအိုနိုင်ငံမှ ဆုမ်ခရမ်း(သင်္ကြန်ဒေသအခေါ်)ပွဲတော်ကို ဧပြီ ၁၂ ရက်မှ ၁၅ရက်အထိလည်းကောင်း၊ သီရိလင်္ကာနိုင်ငံမှ အောလုအရမ်ဒါ (သင်္ကြန်ဒေသအခေါ်) ပွဲတော်ကို ဧပြီ ၁၄ ရက်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံမှ ဆုမ်ခရမ်း (သင်္ကြန်ဒေသအခေါ်) ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ အိန္ဒိယ၊ စင်္ကာပူနှင့် မလေးရှားနိုင်ငံတို့မှ ပွတ်သင်းနု(သင်္ကြန်ဒေသအခေါ်) ပွဲတော်ကို ဧပြီ ၁၄ ရက်တွင်လည်းကောင်း အသီးသီး သတ်မှတ်ထားရှိကြောင်းသိရသည်။

မိမိတို့ မြန်မာနိုင်ငံတွင်လည်း ယခုနှစ်မဟာသင်္ကြန်ပွဲတော်ရက်အစပိုင်း ဖြစ်သည့် ဧပြီ ၁၃ ရက်သည် သင်္ကြန်အကြိုရက်ဖြစ်ပြီး ဧပြီ ၁၆ ရက်သည် သင်္ကြန်အတက်ရက်ဖြစ်သောကြောင့် မဟာသင်္ကြန်ပွဲတော်သည် လေးရက်ဖြစ်သည်။ သင်္ကြန်ရောက်လျှင် မြန်မာနိုင်ငံတစ်ဝန်းအများပြည်သူများ ပျော်ရွှင်ကြရပေသည်။ အစိုးရရုံးများ၊ ကုမ္ပဏီများ၊ အခြားသော လုပ်ငန်းများအားလုံး နီးပါးပိတ်၍ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

သင်္ကြန်ကာလများ၌ ခရီးသည်တင်မော်တော်ယာဉ်လုပ်သား (ဒရိုင်ဘာ၊ စပယ်ယာ) များသည် အရက်သေစာသောက်စားကြပြီး ယာဉ်အရှိန်ပြင်း မမောင်းနှင်ကြရန်နှင့် ယာဉ်စီးခ ပိုမိုကောက်ခံခြင်းမပြုကြရန်၊ အထူးသဖြင့် ယာဉ်တိုက်မှုမဖြစ်ပွားစေရန် သတိပေးလိုပါသည်။ သင်္ကြန်ကာလအတွင်း နှစ်စဉ်ခရီးသည်တင် မော်တော်ယာဉ်များ(ရန်ကုန်တိုင်းဒေသကြီးအတွင်း)၏ ယာဉ်တိုက်မှုဖြစ်ပွားမှုနှုန်း စာရင်းအရ ၂၀၁၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှု သုံးမှု၊ သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရသူ ခြောက်ဦး၊ ၂၀၁၁ ခုနှစ်တွင် ယာဉ်တိုက်မှုနှစ်မှု၊ သေဆုံးသူလေးဦး၊ ဒဏ်ရာရသူ ၄၄ ဦး၊ ၂၀၁၂ ခုနှစ်တွင် ယာဉ်တိုက်မှု တစ်မှု၊ သေဆုံးသုံးဦး၊ ဒဏ်ရာရရှိသူ ၁၀ ဦးနှင့် ၂၀၁၃ ခုနှစ်တွင် ယာဉ်တိုက်မှုခြောက်မှု၊ သေဆုံးသူ တစ်ဦးနှင့် ဒဏ်ရာရရှိသူ ၄၂ ဦး တို့ရှိနေကြောင်း မထသ(ဗဟို) က ပြီးခဲ့သည့် မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

သင်္ကြန်ကာလအတွင်း နှစ်စဉ် (အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ) ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှု၊ သေဆုံးမှုနှင့် ဒဏ်ရာရစာရင်းများအရ ၂၀၀၇ ခုနှစ်တွင် ယာဉ်တိုက်မှု ၂၀ ကြိမ်ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၅၇ ဦး၊ ၂၀၀၈ ခုနှစ်တွင် ယာဉ်တိုက်မှု ကိုးကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ လေးဦး၊ ဒဏ်ရာရသူ ၁၅ ဦး၊ ၂၀၀၉ ခုနှစ်တွင် ယာဉ်တိုက်မှု ၂၂ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ငါးဦး၊ ဒဏ်ရာရသူ ၄၅ ဦး၊ ၂၀၁၀ ခုနှစ်တွင် ယာဉ်တိုက်မှု ၂၀ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ငါးဦး၊ ဒဏ်ရာရသူ ၃၃ ဦး၊ ၂၀၁၁ ခုနှစ်တွင် ယာဉ်တိုက်မှု ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူငါးဦး၊ ဒဏ်ရာရသူ ၆၉ ဦး၊ ၂၀၁၂ ခုနှစ်တွင် သေဆုံးသူ လေးဦး၊ ဒဏ်ရာရသူ ၁၈၆ ဦးနှင့် ၂၀၁၃ ခုနှစ်တွင် ယာဉ်တိုက်မှု ၂၂၄ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၉ ဦး၊ ဒဏ်ရာရရှိသူ ၄၃၇ ဦးတို့ ရှိနေကြောင်း မထသ(ဗဟို)က ထုတ်ပြန်ထားသည်။

ဥပမာ-အိမ်နီးချင်းထိုင်းနိုင်ငံကို လေ့လာကြည့်မည်ဆိုလျှင် ထိုင်းနိုင်ငံမှ ဆုမ်ခရမ်း (သင်္ကြန်ဒေသအခေါ်) မဟာသင်္ကြန်ပွဲတော်ကို အကြိုနေ့မတိုင်မီကစပြီး နှစ်ဆန်း ၁ ရက်နေ့အထိ အန္တရာယ်ကြီးသည့် ခုနစ်ရက်ဟု သတ်မှတ်ခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးဗဟိုဌာနကို ဖွင့်လှစ်ပြီးပွဲတော်ကို ကြိုးကြပ်သည်။ ထိုင်းနိုင်ငံ၏ ဆုမ်ခရမ်း (သင်္ကြန်ဒေသအခေါ်) မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နှစ်စဉ်ယာဉ်တိုက်မှုကို ပြန်ကြည့်လျှင် ၂၀၀၇ ခုနှစ်က ယာဉ်တိုက်မှု ၄၃၇၄ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၆၁ဦး၊ ဒဏ်ရာရသူ ၄၈၀၅ဦး၊ ၂၀၀၈ ခုနှစ်က ယာဉ်တိုက်မှု၄၂၄၃မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၆၈ဦး၊ ဒဏ်ရာရသူ ၄၈၀၁ဦး၊ ၂၀၀၉ ခုနှစ်က ယာဉ်တိုက်မှု ၃၉၇၇ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၇၃၊ ဒဏ်ရာရသူ ၄၃၃၂ဦး၊ ၂၀၁၀ ပြည့်နှစ်က ယာဉ်တိုက်မှု ၃၅၈၆မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၆၁ဦး၊ ဒဏ်ရာရသူ ၃၈၀၂ ဦး၊ ၂၀၁၁ ခုနှစ်က ယာဉ်တိုက်မှု ၃၂၁၅မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၇၁ဦး၊ ဒဏ်ရာရသူ ၃၄၇၆ ဦး၊ ၂၀၁၂ ခုနှစ်က ယာဉ်တိုက်မှု ၃၁၂၉ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၂၀၊ ဒဏ်ရာရ ၃၃၂၀၊ ၂၀၁၃ ခုနှစ်က ယာဉ်တိုက်မှု ၂၈၂၈ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးမှု ၃၂၁ဦး၊ ဒဏ်ရာရသူ ၃၀၄၀ တို့ရှိနေကြောင်း အလွန်ပင်ကြောက်စရာကောင်းသော ကိန်းဂဏန်းများကို လေ့လာတွေ့ရှိရသည်။

ယခုနှစ် မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုနည်းပါးစေရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၊ ယာဉ်ထိန်းရဲများနှင့် မထသ(ဗဟို)တို့မှလည်း စီမံချက်များချမှတ် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို သိရသည်။ မဟာသင်္ကြန်ကာလတွင် ကားဖြင့်ရေပက်ခံသူများ၊ ရေပက်ခံကားများကို မောင်းကြသူများ၊ ဖျော်ဖြေရေးမဏ္ဍပ်များသို့ သွားရောက်ကြသူများ၊ ရေကစားကြသူများသည် အန္တရာယ်ကင်းအောင် ရေကစားကြရန်နှင့် ရေပက်ခံကြရန် လိုအပ်ပေသည်။ အပျော်လွန်ကဲရာမှ ဝမ်းနည်းစရာကောင်းသော အဖြစ်အပျက်များ မဖြစ်ပွားအောင်ကိုလည်း အထူးသတိပြုရန်လိုအပ်သည်။

စိုးဝင်း(SP)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၄-၂၀၁၄

ရွှေဈေးနှုန်း(ပြင်ပရွှေဈေး)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၇၄၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၃၃၀၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၂၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ်၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ်၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ်၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ်၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ်၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(လက်ကားဈေး)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၈၀၀-၄၂၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၁၀၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၈၀၀၀-၃၀၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၉၀၀၀-၂၇၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၇၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၇၅၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၃၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(ပြင်ပငွေကြေးလဲလှယ်နှုန်း)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၇၀-၉၈၀
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၇-၁၃၅၀
စင်္ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၉၀-၈၁၀
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၅-၃၀.၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၆-၁၆
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၇၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၀၀-၃၁၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။

တစ်ရွာလုံးမီးလင်းနိုင်ပြီဖြစ်၍ ဒေသခံများပျော်ရွှင်

သာစည် ဧပြီ ၁၃

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဟင်းခွတ်အိုင်ကျေးရွာအုပ်စု ဟင်းခွက်အိုင်ကျေးရွာတွင် ၃၃/၀.၄ ကေဗွီ ၁၁၅ ကေဗွီအေထရန်စဖော်မာ တစ်လုံးဖြင့် အိမ်ထောင်စု ၃၈၀ ကို ၄၀၀ ဗို့အားဖြင့် ကိုယ့်အားကိုယ်ကိုး မီးလင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလင်းရေးကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၈ နာရီခွဲက ကျေးရွာအခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပရာ သာစည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးသန်းစိုး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် ကျေးရွာမီးလင်းရေး ကော်မတီဝင် ဦးရဲလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး လက်ထောက်အင်ဂျင်နီယာ ဦးသန်းလှိုင်က လျှပ်စစ်မီးကို အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။ထို့နောက် ကျေးရွာပြည်သူများကိုယ်စားကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယခင်က မီးရရှိရေးအတွက် တစ်ပိုင်တစ်နိုင် ဆိုလာပြားများဖြင့် အသုံးပြုကြရပြီး ယခုအခါတွင် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ်သိန်းပေါင်း ၁၂၀၀ ဖြင့် လျှပ်စစ်မီးတစ်ရွာလုံး ရရှိပြီးဖြစ်၍ ဒေသခံပြည်သူများမှာ မိမိတို့၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်လာတော့မည် ဖြစ်သည့်အတွက် ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

ပုဂံလမ်းအဆင့်မြှင့်ရန် ကွန်ကရစ်တုံးများရောက်ရှိ

နွားထိုးကြီး ဧပြီ ၁၃

မန္တလေး-ပုဂံမီးရထားလမ်းပိုင်း နွားထိုးကြီးဘူတာနှင့် ချင်းရွာကြီးဘူတာလမ်းပိုင်း အဆင့်မြှင့်တင်ရန် ဧပြီ ၁၀ ရက်က မြန်မာ့မီးရထားအထူးရထားဖြင့် ကွန်ကရစ်ဇလီဖားတုံးတွဲများ တွဲပြည့်ရောက်ရှိလာသည်။

နွားထိုးကြီး ဘူတာလမ်းပိုင်း၌ သစ်သားဇလီဖားတုံးအစား ကွန်ကရစ်ဇလီဖားတုံးများ ပြောင်းလဲအဆင့်မြှင့်မည်ဟုဆိုသည်။ အလားတူ ရွာကြီးဘူတာ လမ်းပိုင်း၌လည်း ကွန်ကရစ်ဇလီဖားတုံး လဲလှယ်မည်ဟု ဆိုသည်။

အရှည် ၆၈မိုင် ပုဂံရထားလမ်းတွင် ကွန်ကရစ်ဇလီဖားတုံးနှင့် မီးရထားလမ်း ကျောက်ဖြည့်တင်းနိုင်ရန် မီးရထားလမ်းချော်ကျမှု၊ ရထားတိမ်းမှောက်မှု လွန်စွာနည်းပါးကြောင်း ဒေသခံရထားခရီးသည်တို့က ပြောပြသည်။

ဌေးမြင့်မောင်

သန်းဒွေးနှင့်ရောင်းရင်းများမှ

APR-17/25/30, MAY 2/9/12/16/23/30

Ph : 241863, 380141, 09-43043109

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ/ငွေဆောင်(နေ့စဉ်)

Ph: 209077, 209388, 09-73167000, 09-73168000

လူပျောက်ကြော်ငြာ

(Josep) ဦးဂျိုးဇက် (၄၅)နှစ်၊ ချင်းလူမျိုး ဆေးရုံမှထွက်သွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်မည်။ **ဖုန်း-၀၉-၂၅၀၀၆၂၆၅၉၊ ၀၉-၇၃၈၁၀၁၂၅၊ ၀၉-၄၃၁၀၆၆၈၂**

မေးမြန်း/စုံစမ်းခြင်းသည်းခံပါ

ကျွန်တော်၏သမီး မရီရီလွဲ့ (ဘ)ဦးထွန်းကြည် ၆/ထဝန(နိုင်)၀၀၄၄၀၅သည် ၎င်း၏ ခင်ပွန်း၊ သား၊ သမီးများနှင့်အတူနေထိုင်ပါသည်။ ကျွန်တော်၏နေအိမ်တွင် မနေထိုင်ပါ။ ၎င်းနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ စုံစမ်းခြင်းကိစ္စအရပ်ရပ်ကို ကျွန်တော်တို့အား မပြုလုပ်ပါရန်။ **ဖခင်-ဦးထွန်းကြည်နှင့်မိသားစုဝင်များ**

ရန်ကုန်မြို့တော်အတွင်း အတာသင်္ကြန်အကြိုနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်များတွင် စတုဒိသာ ကျွေးမွေးညှော်ခံလျက်ရှိရာ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)ရှိ ဈေးဆိုင်တစ်ဆိုင်မှ စတုဒိသာ အချိုရည် တည်ခင်းဧည့်ခံရာ၌ နိုင်ငံခြားသား ခရီးသွားဧည့်သည်များကပါ ဝင်ရောက်သုံးဆောင်နေကြသည်ကို တွေ့ရစဉ်။

စိုးဝင်း(SP)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရထားစီးခရီးသည် ကျန်ခဲ့သည့် ငွေသားကျပ် သိန်း ၂၀ လွှဲပြောင်းပေးအပ်

မြစ်ကြီးနား မေ ၁၃

မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက မန္တလေး-မြစ်ကြီးနား ရထားစီးခရီးသည်တစ်ဦးမေ့ကျန်ခဲ့သည့် ငွေကျပ်သိန်း ၂၀ အား ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို မြစ်ကြီးနားဘူတာ အမှတ်(၁)မီးရထားရဲတပ်ဖွဲ့ တပ်ခွဲမှူးရုံး၌ ကျင်းပခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် နံနက် ၄ နာရီခွဲက မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာသော အမှတ်(၃၇) အဆန် အမြန်ရထားတွင် အထက်တန်းတွဲ(၄) ခုံအမှတ် A.6 တွင် စီးနင်းလိုက်ပါလာသည့် ဦးသန်းအောင် (၆၀ နှစ်) စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နေသူသည် ကောလင်း ဘူတာအရောက်တွင် ဆင်းကျန်ခဲ့ပြီး မိမိပါရှိပစ္စည်းများကို ပြန်လည် စစ်ဆေးရာငွေကျပ် ၅၀၀၀ တန် အရွက် ၄၀၀ ငွေကျပ်သိန်း ၂၀ ပါရှိသည့် သားရေလွယ်အိတ်အညိုရောင်မှာ ရထားပေါ်တွင်ပါသွားသဖြင့် မီးရထားရဲတပ်ဖွဲ့ဝင်များအား အကူအညီတောင်းခံရာ မီးရထားတပ်ဖွဲ့ဝင်များ၏ ပေါင်းစပ်ကူညီမှုဖြင့် ငွေကျပ်သိန်း ၂၀ နှင့်အတူ ပါဝါမျက်မှန်၊ ခရီးသွားတစ်ကိုယ်ရေသုံးပစ္စည်းများအား ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ ခရီးသည်ကျန်ရှိသည့် ငွေသားနှင့်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲတွင် ပိုင်ရှင် ဦးသန်းအောင်မှာ ကျန်းမာရေးမကောင်း၍ ၎င်း၏တူတော်စပ်သူ ဦးအောင်စိုးလင်း (၃၀ နှစ်)ကောလင်းမြို့နေသူအား ပိုင်ရှင်၏ သဘောတူညီချက်အရ ငွေကျပ်သိန်း ၂၀ နှင့် အသုံးအဆောင်များအား တပ်ခွဲမှူး ဒုရဲမှူးသိန်းဇော်က ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဇ၂)**

သန်လျင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် မေ ၁၃

တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးအထူး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးများရောင်းချပေးနေကြောင်း သတင်းအရ မေ ၁၀ ရက် ညနေ ၃ နာရီခွဲက သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက် အုတ်ဖိုစု သဲလမ်းရှိ တင်ဝင်း(ခ) ဖာတွတ်ဘိုင်၏နေအိမ်သို့ မူးယစ်ဆေးဖမ်းဆီးခွင့်ဝရမ်းဖြင့် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြောင်း သိရသည်။

ထိုသို့ရှာဖွေခဲ့ကြရာ နေအိမ်အိပ်ခန်းအတွင်းရှိ စားပွဲခုံပေါ်၌ PARAJAT တံဆိပ်ပါ ကွမ်းစားဆေးဘူးအတွင်း ပလတ်စတစ်အိတ်ငယ်ဖြင့်ထုပ်လျက် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၊ အလေးချိန် ၁၅ ဂရမ်ခန့် တန်ဖိုးငွေကျပ် ၄၅၀၀၀၀ တို့နှင့် သံပိုက်ငယ်တပ်လျက် အစိမ်းရောင် ဂက်စ်မီးခြစ်နှစ်လုံး၊ စက္ကူရောရာ ငွေကျပ် ၁၂၀၀၀၀၊ စားပွဲခုံဘေးရှိ Gioronzo တံဆိပ်ပါ ကတ္တူပုံးအတွင်းမှ ဂက်စ်မီးခြစ် ၁၁ လုံး၊ စိတ်ကြွရူးသွပ်ဆေးပြားရှူရာတွင် အသုံးပြုသည့် ပိုက်တပ်လျက် သံဘူးနှစ်ဘူးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသည့်အတွက် တင်ဝင်း(ခ) ဖာတွတ်ဘိုင်အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဓာတ်အားခနှုန်းထားများ ပြင်ဆင်ကောက်ခံရန် ရှင်းလင်းဆွေးနွေး

မြို့သစ် မေ ၁၃

ပြည်သူများအမြဲသုံးစွဲနေကြသော လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် နှုန်းထားများပြင်ဆင်ကောက်ခံခြင်းအတွက် ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပပေးခြင်းကို မေ ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

နှုန်းထားပြင်ဆင်ကောက်ခံခြင်းအတွက်ရှင်းလင်းဆွေးနွေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ဦးက ဓာတ်အားခပြင်ဆင်ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။ ဆက်လက်ပြီး ဓာတ်အားနှုန်းထားများ ပြင်ဆင်ကောက်ခံခြင်းနှင့်ပတ်သက်၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ရပ်မိရပ်ဖများ အထောက်အကူပြုအဖွဲ့များနှင့် ပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇော်ဇော်(iprd)

ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦး သေ၊ နှစ်ဦးဒဏ်ရာရ

ကသာ မေ ၁၃

ကသာမြို့နယ် ဗန်းမော်မြို့မရဲစခန်း၏မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ဇလုံတောင်ကျောက်မဏ္ဍပ်အနီး တောင်အဆင်းတွင် GMC ကားတစ်စီး ဘရိတ်ပေါက်၍ ချောက်ထဲထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် ညနေ ၆ နာရီခွဲက ယာဉ်မောင်း မောင်ရှိုင်းမောင်းနှင်လာသည့် GMC ခြောက်လုံးထိုး(နံပါတ်မပါ)ဘုန်းကြီးကျောင်းပိုင် (လိုင်စင်စိစစ်ဆဲ) ကားသည် သိမ်ကျောင်းဆောက်လုပ်ရန် အလျားနှစ်တောင်ခန့်ရှိ ကျောက်တိုင်ရှစ်လုံးအား တင်ဆောင်၍ မောင်းနှင်လာစဉ် ဇလုံတောင်ကျောက်မဏ္ဍပ်အနီး တောင်အဆင်းတွင် ဘရိတ်ပေါက်ပြီး ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ ကားပေါ်တွင် လုပ်အားပေးလိုက်ပါလာသူ သူရအောင်(၁၃ နှစ်) ခမိုးရွာ ဗန်းမော်မြို့နယ်နေသူမှာ ကားအောက်တွင်ပိမိ၍ သေဆုံးခဲ့ပြီး မဌေးဌေး(၁၈နှစ်) မြနန္ဒာရပ်ကွက် ဗန်းမော်မြို့နှင့် ဦးဖိုးကျော်(၄၁ နှစ်) ကပို့ယ ဗန်းမော်မြို့နေသူတို့မှာ ဒဏ်ရာများရရှိခဲ့ပြီး သေဆုံးသူနှင့် ဒဏ်ရာရသူများကို ဗန်းမော်ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ရှိုင်းအောင် (၂၆ နှစ်) ပြင်ဦးလွင်မြို့နေသူကို ခေတ္တစခန်းမှူး ဒုရဲအုပ်ရဲဝင်းဇော်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

ဆိုင်ကယ်တိမ်းမှောက်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ကျောက်တံခါး မေ ၁၃

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းတွင် ဒုရဲအုပ်ကျော်ကျော်ခိုင် တာဝန်ကျတာဝန်မှူးဆောင်ရွက်နေစဉ် ရဲစခန်း၏မြောက်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း အလယ်ကျွန်းကျေးရွာအနီး တိုလိုတံတားအကွေ့တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် ည ၈ နာရီခန့်က ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၆/၆ နှင့် ၁၁၆/၇ အကြားတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မျိုးထိုက်(၃၀ နှစ်) ခေတ္တရာ(၆)လမ်း ကွင်းမြောက်ရပ်ကွက် ကျောက်တံခါးမြို့နေသူ မောင်းနှင်လာသည့် KENBO 110 အနက်ရောင် လိုင်စင်မဲ့ဆိုင်ကယ်နှင့် တစ်လမ်းတည်းနေ ကုလား (ခ)မြင့်ဇော်ဦး (၄၉ နှစ်) မောင်းနှင်လာသည့် XONBO 110 အနက်ရောင် လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီး အပြိုင်မောင်းနှင်လာစဉ် တစ်စီးနှင့် တစ်စီးထိမိ၍ တိုလိုတံတားအကွေ့တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ မျိုးထိုက်မှာ မျက်နှာကြေမွဒဏ်ရာများရရှိပြီး နေရာ၌ သေဆုံးခဲ့၍ ကုလား(ခ) မြင့်ဇော်ဦးမှာ ဒဏ်ရာများရရှိပြီး သေဆုံးသူနှင့် ဒဏ်ရာရှိသူတို့ကို ကျောက်တံခါးဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အရေးယူ

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဒုရဲအုပ်ကျော်ကျော်ခိုင်က တိုင်တန်း၍ ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မဆင်မခြင်မောင်းနှင်သူ မျိုးထိုက်(သေဆုံး)နှင့် ကုလား(ခ)မြင့်ဇော်ဦးတို့ကို အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

မြန်မာမိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း

Mobile Top Up ၂၀ %

ထပ်ပိုးဝန်ဆောင်မှုအထူးအစီအစဉ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM, WCDMA နှင့် MECTel 800 MHz Sim Card သုံးစွဲသည့် မိုဘိုင်းလ်ဖုန်းများတွင် Myanmar Mobile Money System ဖြင့် Mobile Air Time Top Up ပြုလုပ်ခြင်းအား သင်္ကြန်ကာလ အထူးမေတ္တာလက်ဆောင် ၂၀ % ထပ်ပိုးဝန်ဆောင်မှုကို ၁၂-၄-၂၀၁၄ရက်မှ ၂၁-၄-၂၀၁၄ရက်အထိ အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဝမ်းမြောက်ဖွယ် သတင်းကောင်းပါးအပ်ပါသည်။

GOLDEN STAR ခရီးသွားလုပ်ငန်း

SCANIA အထူးကားများဖြင့်

❖ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

❖ ငွေဆောင်(နေ့စဉ်) ကားစီးလုံးငှားသည်။

Ph:209200 430480 544383 703448

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(အရှေ့)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်၂၅၄ မြေကွက်တည်နေရာအမှတ်၂၅၄၊ (၉)ရပ်ကွက်၊ ဒဂုံ(အရှေ့)မြို့နယ် ဗိုလ်မှူးဝင်းလွင် အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးဝင်းလွင်ကွယ်လွန်သဖြင့် ဒေါ်မြမြမော် ၁၂/အလန(နိုင်)၀၂၁၈၉၂က တရားဝင်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်းကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်-၁)၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ မြေကွက်အမှတ် ၄၅၁၊ မြေအကျယ်အဝန်းအလျားပေ(၆၀×အနံ၁၂၀) ၇၂၀၀စတုရန်းပေ၊ ဧရိယာ ၀ ဒသမ ၁၆၅ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးရဲဝင်း ၁၂/သဃက(နိုင်)၁၈၂၇၁၂ အမည်ပေါက်တည်ရှိသော မြေကွက်ဖြစ်ပြီး အဆိုပါမြေနှင့်အဆောက်အအုံကို ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေအဆောက်အအုံနှင့်ပတ်သက်၍ တရားဝင်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မြေငှားဂရန်မူရင်းနှင့်တကွ ခိုင်လုံသောဆက်စပ်စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်(ဘဏ်)B.A, R.L (စဉ်-၄၉၀၃) — **တရားလွှတ်တော်ရှေ့နေနှင့် မြန်မာ့စီးပွားရေးဘဏ်ရှေ့နေ**

ဒေါ်ခင်နှင်းရည် B.A,R.L(စဉ်-၄၆၆၂) — **တရားလွှတ်တော်ရှေ့နေ**

တိုက်အမှတ် ၂၊ အခန်း ၀၁၇၊ နှင်းဆီလမ်း၊ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၁

ဒေါ်စန်းစန်းအေး **နှင့်** ၁။ မောင်စိန်မြင့်

၂။ ဦးမိုးကျော်အောင်

၃။ ဦးထွန်းထွန်းဝင်း

၄။ ဒေါ်ခင်နှင်းဝေ

၅။ ဦးလှမြင့်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကွက်သစ်စံပြရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ ခုနစ်လွှာ၊ အမှတ် ၃၄နေ ဦးမိုးကျော်အောင် (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှင်းသာအဆင့်မြင့်အိမ်ရာ၊ တိုက် (ဘီ/၆)၊ အခန်းအမှတ် ၃၀၁နေ ဦးထွန်းထွန်းဝင်း (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **မြေကွက်အား တရားလိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၉ရက် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်မြသိန်း)
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၄၈/သပြေတောင်ရှေ့၊ မြေကွက်/ဦးပိုင်အမှတ် (၅၉/၃)၊ ဧရိယာ ၀ဒသမ၁၇၈ဧကရှိ ဦးကျော်သန်း(ပါ)၂ အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးချစ်အောင် ၈/ခမန(နိုင်)၀၀၆၆၁၃ (ဘ) ဦးပြုံးက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ဘိုင်ယန်တို့ကျော်ဖြတ်မယ့် ဂျာမန်ပိုကယ်ဖလားအကြိုဗိုလ်လုပွဲ

မိုးမြင့်လင်းလက်

ဒီတစ်ပတ်မှာတော့ ဂျာမန်ပိုကယ်ဖလား အကြိုဗိုလ်လုပွဲစဉ်တွေက မေ ၁၆ ရက်နဲ့ ၁၇ ရက်တွေမှာ အသင့်စောင့်ကြိုနေပြန်ပါတယ်။ အကြိုဗိုလ်လုပွဲဖြစ်တာနဲ့အညီ ခြေကုန်ထုတ်ကြမယ့် အနေအထားဖြစ်တာမို့ ပရိသတ်တွေအတွက် စိတ်ကျေနပ်စရာ ပွဲစဉ်တွေအဖြစ် ခံစားကြရဦးမှာ ဖြစ်ပါတယ်။

ဒေါ့မွန်နှင့် ဝုဖ်ဘတ်

ဒီနှစ် ဘွန်ဒက်လီဂါဖလားကို လက်လွှတ်ခဲ့ရတဲ့ ဒေါ့မွန်ဟာ ဂျာမန်ပိုကယ်ဖလားကို ပစ်မှတ်ထားနေတာမို့ ဒီပွဲမှာ အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ ဒေါ့မွန်ဟာ ဝုဖ်ဘတ်နဲ့ နောက်ဆုံးသုံးကြိမ်ဆုံတွေ့မှု ကြည့်ရင်တစ်ပွဲသာသရေကစားနိုင်ခဲ့ပြီး ကျန်နှစ်ပွဲ ရှုံးထားပါတယ်။ ခြေစွမ်းပိုင်းမှာ ဒေါ့မွန်တို့ ကြိုးစားအားထုတ်မှုကောင်းနေပြီး စုဖွဲ့မှုပိုင်းမှာလည်း ဝုဖ်ဘတ်တို့ထက် နားလည်မှုနဲ့ ကျစ်လျစ်မှုပိုရှိနေပါတယ်။ နေရာစုံမှာ စိတ်ဓာတ်ပြင်းထန်တဲ့ကစားသမားတွေကြောင့် ဝုဖ်ဘတ်တို့ အခက်တွေ့နိုင်ပါတယ်။ ဝုဖ်ဘတ်ဟာ ဒေါ့မွန်ကို ဘယ်လိုကစားရမလဲဆိုတာ သိနေပြီး ဒေါ့မွန်ရဲ့ အားနည်းချက်ကို ပွဲတိုင်းမှာ ရှာဖွေထိုးဖောက်ကစားနိုင်တဲ့ စွမ်းရည်ရှိနေပါတယ်။ ဝုဖ်ဘတ်ရဲ့ တိုက်စစ်မှူးတွေက အဆုံးသတ်ကောင်းမွန်ပြီး ပြိုင်ဘက်ခံစစ်ကြောင်းကို အခက်အခဲတွေကြားက ဖြတ်ကျော်နိုင်သူတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲဟာ ဒေါ့မွန်တို့ အိမ်ကွင်းဆိုပေမယ့် ပွဲကျပ်ဖြစ်ပြီး ဝုဖ်ဘတ်တို့အတွက်ကြိုးစားရင် အခြေအနေကောင်းနဲ့ ကြုံတွေ့နိုင်ပါတယ်။

ဘိုင်ယန်မြူးနစ်နှင့် ကိုင်ဇာစလော့တန်

ဒီနှစ်ဘောလုံးရာသီမှာ လက်လှမ်းမီသမျှ ဖလားတွေကို သိမ်းယူဖို့ ကြိုးစားနေတဲ့ ဘိုင်ယန်မြူးနစ်ဟာ အခု ဂျာမန်ပိုကယ်ဖလားကိုလည်း အရယူပါလိမ့်မယ်။ ပြိုင်ဘက် ကိုင်ဇာစလော့တန်ဟာ ဂျာမန်ပိုကယ်ဖလားမှတ်တမ်းမှာ အစဉ်အလာရှိတဲ့အသင်း ဖြစ်ပေမယ့် အခုပွဲမှာ ဘိုင်ယန်မြူးနစ်နဲ့ ဆုံတွေ့မှုကြောင့် မျှော်မှန်းချက်တွေ ပျက်စီးရမယ့် အနေအထားပါပဲ။ ဘိုင်ယန်မြူးနစ်နဲ့ ကိုင်ဇာစလော့တန်တို့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲမှာ ကိုင်ဇာစလော့တန်တို့က တစ်ပွဲမျှ မနိုင်ခဲ့ပါဘူး။

ချန်ပီယံလိဂ်ကြောင့် ပွဲပန်းနေပေမယ့် ဘိုင်ယန်မြူးနစ်ဟာ အခုပွဲကို အလေးအနက်ထားပြီး ကစားပါလိမ့်မယ်။

ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာကတော့ ဂျာမန်ပိုကယ်ဖလားကို ရအောင်ယူမယ်လို့ ပြောကြားထားတာမို့ ဘိုင်ယန်အဖွဲ့သားတွေရဲ့ စွမ်းအားနဲ့ ဒီပွဲမှာသက်သေပြပြီး ကျော်ဖြတ်ပါလိမ့်မယ်။ ။

ဒိုင်လူကြီးများပေးသောအမှတ်ဖြင့် မန်နီပတ်ကွီယိုက အမေရိကန်သားဘရက်ဒလေအား အနိုင်ယူ

ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီ ပက်ကွီယိုက အမေရိကန်သား ဘရက်ဒလေအား လက်စ်ဗီးဂတ်မြို့၌ အမှတ်ဖြင့် အနိုင်ယူပြီး WBO ဝယ်တာဝိတ်တန်းချန်ပီယံခါးပတ်ကို ဆွတ်ခူးသွားခဲ့သည်။

အသက် ၃၅ နှစ်ရှိ ပတ်ကွီယိုသည် ဘရက်ဒလေအား ၂၀၁၂ ခုနှစ်က အငြင်းပွားဖွယ် အမှတ်ဖြင့် ရှုံးနိမ့်သွားခဲ့သည်။ "ကျွန်တော့်ရဲ့ လက်ဝှေ့ခရီးစဉ်ကို ရှေ့ခရီးဆက်ဖို့ ဒီညမှာပဲ သက်သေပြလိုက်နိုင်ပါပြီ" ဟု ၆၃ ပွဲတွင် ၅၆ ပွဲအနိုင်ရသည့် ပတ်ကွီယိုက ပြောသည်။ "ကျွန်တော် သူ့ကို ပြန်လည်ထိုးသတ်ဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒီပွဲမှာတော့ ရှုံးသွားပါပြီ၊ ဒါပေမယ့် ပြိုင်ပွဲကတော့ မပြီးသေးပါဘူး"ဟု အသက် ၃၀ အရွယ် ဘရက်ဒလေကဆိုသည်။ ဒိုင်လူကြီးများဖြစ်ကြသည့် မက်ကဖေးနှင့် မိုက်ကယ်ပါနစ်တို့က ပတ်ကွီယိုအား ၁၁၆-၁၁၂ ဖြင့် အနိုင်ပေးခဲ့သည်။ သို့ရာတွင် ဒိုင်လူကြီး ဂရင်းထရောဘရစ်ကမူ ၁၁၈-၁၁၀ ဖြင့် အနိုင်ပေးခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာလိဂ်ဘောလုံးအနိုင်/အရှုံးများ

သီဟ

စပိန်လာလီဂါ ပွဲစဉ်(၃၃)				
ဆဲလ်တာဗီဂို	၂	-	၂	ဆိုစီဒက်
ဗီလာရီးရဲလ်	၁	-	၀	လီဗန်တေး
ဂရန်နာဒါ	၁	-	၀	ဘာစီလိုနာ
ရီးရဲလ်မက်ဒရစ်	၄	-	၀	အဲလ်မာရီးယား
အီတလီစီးရီးအေ ပွဲစဉ်(၃၃)				
ဆက်ဆူအိုလို	၁	-	၁	ကာဂလီရာ
ရိုးမား	၃	-	၁	အတ္တလန္တာ

လီဗာပူး မန်စီးတီးကိုနိုင်

လီဗာပူး မေ ၁၃

ပရီမီယာလိဂ်ပွဲစဉ် (၃၄)အဖြစ် လီဗာပူးကွင်း၌ လီဗာပူးနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားရာ လီဗာပူးက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအတွက် အဖွင့်ဂိုးကို ပွဲအစ ခြောက်မိနစ်မှာပင် စတားလင်းက သွင်းယူပေးခဲ့သည်။ ၂၆ မိနစ်တွင် စကာတယ်က ဒုတိယဂိုးသွင်းယူပေးပြီး ပထမပိုင်းတွင် လီဗာပူးက နှစ်ဂိုးအသာဖြင့် ဦးဆောင်ထားသည်။ ဒုတိယပိုင်းတွင် မန်စီးတီးက ပြန်လည်ဖိကစားခဲ့ပြီး ၅၇ မိနစ်တွင် ဆေးလ်ဗားက ပထမဂိုးသွင်းယူပေးပြီး ၆၂ မိနစ်တွင် ဆေးလ်ဗားကန်သွင်းသော ဘောလုံးမှာ လီဗာပူးနောက်တန်းလူ ဂျွန်ဆင်နှင့်ထိ၍ ဂိုးဝင်သွားခဲ့သည်။ ၇၈ မိနစ်တွင် လီဗာပူးမှ ကော်တင်ဟိုက အနိုင်ဂိုးသွင်းယူပေးပြီး သုံးဂိုး-နှစ်ဂိုးဖြင့် လီဗာပူးတို့နိုင်ခဲ့သည်။

ချန်ပီယံဆု ရည်မှန်းနေသော လီဗာပူးတို့ ယခုနိုင်ပွဲကြောင့် ချန်ပီယံဖြစ်ရန် နီးစပ်လာခဲ့သည်။

ဂါးရက်ဘေးလ် ၁၉ ဂိုးမြောက် သွင်းယူ

စပိန်လာလီဂါပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်က အယ်လ်မာရီးယားကို လေးဂိုးပြတ်ဖြင့် နိုင်ခဲ့သည်။ ယင်းပွဲတွင် ဂါးရက်ဘေးလ်က ယခုနှစ်အပြီးတွင် ၁၉ ဂိုးမြောက် သွင်းယူပေးသည်။

ယင်းပွဲတွင် ရီးရဲမက်ဒရစ်တို့ အနိုင်ရလိုက်၍ အက်သလက်တီကိုနှင့် အမှတ်တူ ဦးဆောင်နေသည်။ ရီးရဲမက်ဒရစ်တို့ ယခုနှစ် စပိန်လာလီဂါတွင် စီရိုနယ်ဒို မပါဘဲ ခြောက်ပွဲမြောက်အဖြစ် အနိုင်ရလိုက်ခြင်း ဖြစ်သည်။

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲများမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	အမှတ် (၁)
၁။ **လိုအပ်သော ကျောက်အမျိုးအစား**	၁၅၀၀၀ ကျင်း
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်**	၂၇-၄-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်**	၂၈-၄-၂၀၁၄ ရက်၊ ၉း၃၀ နာရီ
၄။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ**	ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လင်းခေးမြို့။ ဖုန်း-၀၈၁-၈၇၀၁၂

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

KBZ Industries Ltd.,

ကျောက်မီးသွေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ KBZ Industries Ltd., တောင်ကြီး (ပင်းပက်ဒေသ)ရှိ တစ်ရက် တန်၁၀၀၀ကျ ကမ္ဘောဇ ဘိလပ်မြေစက်ရုံအတွက် ကျောက်မီးသွေးများအား စက်ရုံအရောက်နေ့စဉ် တန် ၁၀၀ စဉ်ဆက်မပြတ် ထုတ်လုပ်ပေးသွင်းရေးလုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်။

၂။ ၂၂-၄-၂၀၁၄ ရက်မှစ၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်မေးမြန်း စုံစမ်းနိုင်ပါသည်-

KBZ Industries Ltd

အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ Strand Condo (ဒု)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈

ပျောက်ဆုံးခြင်း

ကျွန်တော်၏ သွင်းကုန်လိုင်စင်အမှတ် ISP IDV 8 13-14 53155(17-02-14) ပျောက်ဆုံးသွားသဖြင့် ကိုမြင့်ဝေ ဖုန်း-၇၃၂၂၃၇၆၆ သို့ အကြောင်းကြားပေးပါရန်။

မီးသတ်ပြ

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
ဒုတိယဗိုလ်မှူးကြီးအောင်ဝင်း (ငြိမ်း)ကမ္ဘာ့ရတနာဘဏ်လီမိတက်၊ စီမံရေးရာဌာန၊ရုံးချုပ်- ဒေါ်ခိုင်မာတို့၏သား

ဗိုလ်ကြီးလင်းထိန်ဝင်း

M.B.,B.S (D.S.M.A)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ
(ဦးမြင့်နိုင်)-ဒေါ်နွဲ့နွဲ့ရီတို့၏သမီးငယ်

မသီတာနိုင်

B.A (Myanmar)

တို့၏ ၁-၄-၂၀၁၄ ရက် (အင်္ဂါနေ့)တွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးသည့်အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး-ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာငြိမ်းအားလည်းကောင်း၊ ၅-၄-၂၀၁၄ ရက် (စနေနေ့)တွင် Yuzana Garden Hotel၌ ကျင်းပပြုလုပ်သည့် **မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)နှင့် ဇနီးဒေါ်ခင်နှင်းဝေအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုးအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသောမိဘဆရာသမားဖြစ်သူ ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)**နှင့် နှမငယ် ဒေါ်သီသီထွန်းအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၏ဇနီး ဒေါ်နီနီအားလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်အားလည်းကောင်း၊ ကမ္ဘာ့ရတနာဘဏ်မှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) အားလည်းကောင်း၊ ပါမောက္ခ ဒေါက်တာဦးသန်းအေးနှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်အုံးချစ်တို့အားလည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မေတ္တာဖြင့်လက်ဖွဲ့ပေးပို့သည့် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်ခင်အောင်မြင့်နှင့်ဇနီး၊ စစ်ရာထူးခန့်ချုပ် သရေစည်သူဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး၊ တပ်အင်အား ပြန်လည်ဖြည့်တင်းရေးညွှန်ကြားရေးမှူးဗိုလ်ချုပ်ငွေသိန်းနှင့်ဇနီးအားလည်းကောင်း၊ စစ်တက္ကသိုလ် အပတ်စဉ်(၁၆)၊(၁၇)၊(၁၈)မှ နောင်တော်ကြီးများ၊ အမေ့သား(၂၀)မှ သူငယ်ချင်းများနှင့် ဇနီးများအားလည်းကောင်း၊ အခြားသောစစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိ မိတ်သင်္ဂဟများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပံ့ပိုးကြပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် **ကမ္ဘာ့ရတနာဘဏ် စီမံရေးရာမိသားစုများအားလည်းကောင်း၊** မေတ္တာဖြင့်ကူညီဆောင်ရွက်ပေးသော အခမ်းအနားမှူး ဦးကျော်သက်လင်း MRTV အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော အကယ်ဒမီငြိမ်းငြိမ်းအိနှင့် The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ သတို့သားအရံ ဗိုလ်ကြီးသီဟလင်း၊ ဗိုလ်ကြီးမျိုးကျော်သူ၊ သတို့သမီးအရံ မသင်းသင်းအေး၊ မချယ်ရီမေပြည့်စုံ၊ မင်္ဂလာပန်းကြဲပေးပါသော မကြည်ဖြူသျှင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင် မယွန်းပြည့်ရွှေရည်၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မမေမြတ်မွန်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်၊ လက်ဝတ်ရတနာ၊ မှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးကို ဆောင်ရွက်ပေးပါသော Aroma Zulu Studio နှင့် Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် အခမ်းအနားတွင် ကြိုဆိုဧည့်ခံနေရာချထားမှု လစ်ဟင်းချို့ယွင်းချက်များရှိပါက ခွင့်လွှတ်ပေးစေလိုပါကြောင်း။

နှစ်ဖက်မိဘများ
နှင့်
ဗိုလ်ကြီးလင်းထိန်ဝင်း-မသီတာနိုင်

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းပြီးစီးမှုအခြေအနေများအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

၁၁။ **ဂြိုဟ်တုမြေပြင်ဆက်သွယ်ရေးစခန်းတွင် အော်တိုကြိုးဖုန်းသုံးလုံးရှိပြီး နှစ်လုံးမှာ ပျက်စီးနေခြင်း၊ ဌာနဆိုင်ရာများ Fax ဖုန်းလုပ်ငန်းလိုအပ်ချက်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်အရ အော်တိုကြိုးဖုန်းအလုံး ၂၀၀ ချထားပေးပါရန်ကိစ္စနှင့်ပတ်သက်၍** ချွတ်ယွင်းဂြိုဟ်တုစက်အား ရန်ကုန်မြို့သို့သွားရောက်ပြုပြင်ခဲ့ရာ (၁၅-၁၁- ၂၀၁၃)ရက်နေ့တွင် ဆက်သွယ်မှုအားလုံးကောင်းမွန်စွာရရှိပါသည်။

၁၂။ **လက်ရှိအသုံးပြုနေသော CDMA စနစ်မှာ IP Star လိုင်းဖြင့် ချိတ်ဆက်အသုံးပြုနေရသဖြင့် ဆက်သွယ်မှုခက်ခဲခြင်း၊ လိုင်းကြည်လင်ပြတ်သားမှု မရှိခြင်းတို့ဖြင့် ကြုံတွေ့နေရသဖြင့် ဆက်သွယ်မှုလွယ်ကူ ကြည်လင် ပြတ်သားစွာ ဆက်သွယ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်ကိစ္စနှင့် ပတ်သက်၍** (၁၂-၁၂-၂၀၁၃)ရက် ၁၁ နာရီ အချိန်တွင် IP Star Link မှ ဖိုင်ဘာအသုံးပြု E1 Link သို့ ပြောင်းလဲပြီးစီး၍ ဆက်သွယ်မှု ကောင်းမွန်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၁၃။ **ပျော်ဘွယ်မြို့ပေါ်ရှိ တယ်လီဖုန်း(ကြိုးဖုန်း)များ သုံးစွဲသူများအနေဖြင့် လမ်းဘေးရှိ ဖုန်းတိုင်များတွင် ဖုန်းကြိုးများမှာ ငှက်သိုက်သဖွယ် ရှုပ်ထွေးနေခြင်း၊ ကြိုးဖုန်းလိုင်းများ ပူးနေခြင်းတို့ကြောင့် ဖုန်းခေါ်ဆိုခများမှာမိမိမပြောဆိုရဘဲကုန်ကျနေခြင်း၊ ဖုန်းခေါ်ဆိုခ (BilL) အား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် သွားရောက် တောင်းခံရာတွင်လည်း မိတ္ထီလာမြို့သို့စေလွှတ်ခြင်း၊ မိတ္ထီလာမြို့မှလည်းမန္တလေးမြို့သို့စေလွှတ်ခြင်း၊ မန္တလေးမြို့တွင်လည်း အလွယ်တကူကြည့်ရှု၍မရခြင်းတို့အပေါ် ဆောင်ရွက်ပေးနိုင်ပါရန်ကိစ္စနှင့်ပတ်သက်၍**ပျော်ဘွယ်မြို့ မြို့တွင်းကေဘယ်လ်ပြုပြင်ခြင်းလုပ်ငန်းများ၊ တိုင်စိုက်ခြင်းလုပ်ငန်းများအား ၅-၁၂-၂၀၁၃ ရက်နေ့တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၄။ **မိုဘိုင်းဖုန်းများအနေဖြင့်လည်း ဆက်သွယ်ရေးဇရိယာတိုင်နည်းပါးမှုကြောင့် ဆက်သွယ်ရေးမှာ ခဏခဏဆက်သွယ်မှု ပြင်ပရောက်ရှိနေခြင်း၊ ဖုန်းလိုင်း မအားခြင်းများ ကြုံတွေ့နေရပါသဖြင့် အခက်အခဲများ ဖြေရှင်းနိုင်ရန် အတွက် ဆက်သွယ်ရေး ဇရိယာတိုင်များ တိုးချဲ့တည်ဆောက်ပေးနိုင်ပါရန် ကိစ္စနှင့်ပတ်သက်၍**ကျောက်ဆည်မြို့မြို့တွင်းကေဘယ်လ်ပြုပြင်ခြင်းလုပ်ငန်းများ၊ တိုင်စိုက်ခြင်းများအား (၅-၁၂-၂၀၁၃) ရက်တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ရန်ကုန်-မန္တလေးလမ်းနှင့်ညောင်လေးပင်-ပုဇွန်မြောက် လမ်းဆုံအား ပြုပြင်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍** ဟိုက်စတား ကုမ္ပဏီမှ ရန်ကုန်- မန္တလေးလမ်းနှင့် မဒေါက်-ကလေးလမ်းဆုံရာတွင် တြိဂံအားဖျက်၍ ၄င်းလမ်းကွေ့ကို ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ရန်ကုန်-မန္တလေးလမ်း မိုင် (၉၈/၀)နှင့် (၁၀၈/၀)ကြား နိုင်လွန်ကတ္တရာလှိုင်းများဖြစ်ပေါ်နေမှုအားပြုပြင်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍** ဟိုက်စတား ကုမ္ပဏီမှ ရန်ကုန်-မန္တလေးလမ်းမိုင် (၉၈/၀)နှင့် (၁၀၈/၀)ကြား နိုင်လွန်ကတ္တရာလှိုင်းများဖြစ်ပေါ်နေမှုကို အပြီးသတ်ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ညောင်လေးပင်မြို့တွင်းလမ်း လမ်းပခုံးနိမ့်ကျနေမှုကို ပြုပြင်ပေးရန်ကိစ္စနှင့် ပတ်သက်၍**ညောင်လေးပင်မြို့တွင်း မိုင်တိုင် (၉၇/၁)မှ(၉၇/၆)ထိ၅ဖာလုံကိုတစ် ဖက်သုံးပေစီနှင့် မိုင်တိုင် (၉၇/၆)မှ (၉၈/၀)ထိ နှစ်ဖာလုံကို တစ်ဖက် ၁၀ပေစီ၊ ပြွန်တန်ဆာမြို့တွင်းမိုင်တိုင် (၉၂/၃)မှ(၉၃/၀)ထိ ငါးဖာလုံကို တစ်ဖက်သုံးပေစီ နိုင်လွန်ကတ္တရာခင်း၍ လမ်းချဲ့ခြင်းလုပ်ငန်းကို၂၀၁၃ခုနှစ် ဒီဇင်ဘာလတွင် အပြီးဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **လက်ရှိမြို့နယ်၏လမ်းဇရိယာဖြစ်သော မိုင်တိုင်အမှတ် (၁၀၈/၆) မှ ၁၂၉/၁အတွင်း ပေါက်ပြဲနေသောနေရာများကို အချိန်နှင့်တစ်ပြေးညီပြုပြင်ဆောင်ရွက်ပေးနိုင်ပါက လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စွာသွားနိုင်မည်ဖြစ်ကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍**လက်ရှိမြို့နယ်၏ လမ်းဇရိယာဖြစ်သော မိုင်တိုင်အမှတ် (၁၀၈/၆)မှ (၁၂၉/၁)အတွင်း ပေါက်ပြဲနေသောနေရာများကို ကတ္တရာယိုဖာထေးခြင်း၊ Double Seal ခင်းခြင်း ဆောင်ရွက်နေပါသည်။ ကျန်နေရာများကိုလည်း ဆက်လက်ဆောင်ရွက်ပါမည်ဖြစ်ကြောင်းနှင့် ပေါက်ပြဲနေသောလမ်းများကိုပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **ကျုံပျော်-အင်းမ-သုံးခွလမ်းအား လက်ရှိ ကျောက်ကြမ်းလမ်းမှ ကျောက်ချော(သို့)ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** ကျုံပျော်-အင်းမ-သုံးခွလမ်းအား စီမံချက်တွင် ကျောက်လမ်းပေါက်ဖာခြင်း ၂၈၆၉၆ စ/ပေ ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းအားလုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ **တလုတ္တော်-လေးမျက်နှာလမ်း မိုင်တိုင် (၉/၂)မှ (၁၁/၀)အထိ လက်ရှိ (၁၂)ပေ အကျယ်လမ်းအား (၁၈)ပေ အကျယ်ကတ္တရာလမ်းသို့ တိုးမြှင့်၍ အဆင့်မြှင့်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍** တလုတ္တော်-လေးမျက်နှာလမ်းအား ၂၀၁၃-၂၀၁၄ စီမံချက်တွင် အမာခံလမ်းမှ ကတ္တရာလမ်းအဆင့်ခင်းခြင်းလုပ်ငန်း ၁ မိုင် ၆ ဖာလုံနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများအား အောက်တိုဘာလကုန်တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ **လမ်းတံတားအသုံးပြုခ ကောက်ခံသည့် ဂိတ်များတွင် ဂိတ်အနီးအနားသို့ သွားပြန်မည့် အုတ်၊ သဲ၊ ကျောက်ကားများ ကတ္တားပေါ်တက်ရန်မလိုဘဲ သွားလာခွင့်ပြုသင့်ကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ဂိတ်နှင့် ၁မိုင်၊ ၂မိုင်ကွာသို့ ဆောက်လုပ်ရေး ပစ္စည်းတင်၍ ရွာသို့သယ်ယူပို့ ဆောင်နေသောကားများအားစိစစ်ပြီး ကုန်တန်ချိန် အဆမတန်တင်ဆောင်ခြင်းမရှိပါက ကတ္တားချိန်တွယ်မှု မပြုစေဘဲ ပုံမှန်လမ်းတံတားအသုံးပြုခပေးဆောင်၍သာ သွားလာခွင့်ပေးလျက်ရှိနေပြီဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၈။ **စေတုတ္တရာ-စလင်းလမ်းအပိုင်း စေတုတ္တရာမှကံပြားအထိ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးနိုင်ပါရန် တင်ပြချက်အား** ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စလင်း-စေတုတ္တရာလမ်းမိုင် (၂၅/၀-၂၇/၀) အတွင်း ၁ မိုင် ၃ ဖာလုံမှာ ကျောက်ချောလမ်းခင်းပြီးဖြစ်ပါသည်။ (၂၀/၀-၂၅/၀) အတွင်း မြေသား တာပေါင်ချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးဖြစ်၍ ကတ္တရာလမ်းခင်းလုပ်ငန်းမှာ ၁ မိုင် ၇ ဖာလုံ ဆောင်ရွက်ပြီးဖြစ်ပါသည်။ မိုင် (၃၆/၄-၃၇/၀) စေတုတ္တရာမြို့တွင်းလမ်းပိုင်း ၁၈ ပေ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ၃. ၅ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းများ (၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၃

မြန်မာ့နှစ်သစ်ကူး အကြိုအဖြစ် ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းများ၏ (၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို ကုလသမဂ္ဂအဖွဲ့ ကိုးဖွဲ့ခန့်မှ ဝန်ထမ်း ၅၀ ကျော် ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

"စုပေါင်းသွေးလှူဒါန်းပွဲမှာ UN က ဒေသခံဝန်ထမ်းတွေ သာမက နိုင်ငံခြားသား ဝန်ထမ်းတွေလည်း ပါဝင်ပါတယ်။ စုပေါင်းသွေးလှူဒါန်းတာက (၅)ကြိမ်၊ မြန်မာ့နှစ်သစ်ကူးအတွက် စုပေါင်းသွေးလှူဒါန်းတာကတော့(၂)ကြိမ်မြောက်ရှိပါပြီ။ အရင်နှစ် လှူတုန်းကတော့ လူ ၅၀ မပြည့်ဘူး။ အခုတော့ စာရင်းမပေးဖြစ်တဲ့ ဝန်ထမ်းတွေလည်း လာတာတွေ့ရတယ်။ ဒါကြောင့် ဒီနှစ် လူ ၅၀ ကျော်သွားပြီး ပိုများလာပါတယ်။ UN အဖွဲ့တစ်ခုတိုင်းမှာ ဝန်ထမ်းအဖွဲ့အစည်းတွေဆိုတာ ရှိတယ်။ အဲဒီမှာ ဝန်ထမ်းအစည်းအရုံးတွေ ရှိတယ်။ ဝန်ထမ်းအစည်းအရုံးကတာဝန်ခံတွေအချင်းချင်း စည်းရုံးပြီး ညှိနှိုင်းလုပ်ဆောင်ဖြစ်ကြတာဖြစ်ပါတယ်" ဟုUNDP မှ ဦးညီညီအောင်က ပြောကြားသည်။

အဆိုပါ ကုလသမဂ္ဂ၏ စုပေါင်းသွေးလှူဒါန်းပွဲတွင် UN-OPS မှ လှူဒါန်းသူ ၁၉ ဦးခန့်ရှိကြောင်း သိရသည်။ WFP, UNICEF,UNDP,IOL, UNH-CR စသည့် အဖွဲ့အစည်းများမှ ဝန်ထမ်းများက လှူဒါန်းခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂနေ့ဖြစ်သည့် အောက်တိုဘာ ၂၄ ရက်၌လည်း စုပေါင်းသွေးလှူဒါန်းသွားမည်ဟု သိရသည်။

မြတ်စန္ဒီသင်းဇော်

ကျေးရွာစာကြည့်တိုက်များသို့ DVB-T2 SET TOP BOX များပေးအပ်

ထန်းတပင် ဧပြီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော DVB-T2 SET TOP BOX များကို တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်း ၁၃၀၈ လုံးရရှိခဲ့သည်။ အဆိုပါ DVB-T2 SET TOP BOX များအား မတ် ၃၁ ရက် ညနေ ၄ နာရီက မြို့နယ် အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမတွင်ရပ်ကွက်၊ ကျေးရွာများမှကိုယ်စားလှယ်များသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြသက်မောင်က ပေးအပ်ခဲ့ပြီး ဧပြီ ၁၀ ရက် နံနက် ၁ နာရီတွင် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၁၉)**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ကြေးမုံရပ်၊ မြေကွက်/ဦးပိုင်အမှတ် (၄ဃ)၊ ဧရိယာ ၀.၁၁၃ဧကရှိ ဦးစန်းကိုအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးစန်းကို၉/လဝန(နိုင်)၀၁၇၇၉၁ (ဘ)ဦးလှစိန်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန်၊ မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဥယျာဉ်စုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၈၇/ဥယျာဉ်စု၊ မြေကွက်/ဦးပိုင်အမှတ် (၈၁ခ/၁)၊ ဧရိယာ ၀.၁၁၃မဝ၈၂ဧကရှိ ဦးသိန်းမောင် အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်ခင်မာလာ ၁၂/ကမရ(နိုင်) ၀၄၅၀၄၁(ဘ)ဦးထွန်းမောင်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး မြေငှားဂရန် အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၀၁)၊ ဦးပိုင်အမှတ်(၁၁)(ခဲစင်း) ၇၁×၇၂ကြား၊ ၃၄×၃၅ လမ်းကြားရှိ ဦးကစ္စန အမည်ပေါက် ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဦးကစ္စန ကွယ်လွန်၍ အမွေစားအမွေခံသား ဦးလိုက်ော်နမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၁၂/၁၉၅၄)ဖြင့် ဝယ်ယူခဲ့သူ ဦးလခိရမ်ဇန်(ခ)ဦးအောင်သိန်း(ခ)ဦးလောကီရန်စန်နှင့်ဇနီးဖြစ်သူ ဒေါ်ပူတူးတို့ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၂၂/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော သား/သမီးများဖြစ်သည့်(ဦးမောင်မောင်)ကွယ်လွန်၍၏ဇနီး ဒေါ်နော်လော်နစီ(ခ)နော်လော်တမီ၊ ဦးဝင်းမောင်(ခ)ဦးမဝမ်းကစ္စနား၊ ဒေါ်တင်တင်မူ(ခ)ဒေါ်စန္ဒဒေဗီ သုံးဦးအနက် ဒေါ်နော်လော်နစီ(ခ)နော်လော်တမီနှင့် ဒေါ်တင်တင်မူ(ခ)ဒေါ်စန္ဒဒေဗီတို့မှ စွန့်လွှတ်စာချုပ် အမှတ်(၁၂၃/၂၀၁၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးဝင်းမောင်(ခ)ဦးမဝမ်းကစ္စနား ၉/မရတ(နိုင်)၀၇၄၂၈၃က အမှုတွဲအမှတ် ၀၀၁၂/ဘ(ခွဲ/ပြောင်း)/၂၀၁၄-၂၀၁၅ဖြင့် ဘ(ခွဲ/ပြောင်း)လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆၊ မြေကွက်အမှတ် ၁၀၆၂/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၆၂/ခ၊ ကျောက်မျက်ရတနာလမ်း၊ ၅၆ရပ်ကွက်၊ ဒဂုံတောင် ဒေါ်မြသန်း DBN-၀၀၂၀၃၁ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်မြသန်းထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်တင်တင်ဦး ၁၂/သဃက(နိုင်)၁၀၈၆၈၇ က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်၆၀မြေငှားစာချုပ် ဂရန်သစ်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၈၊ မြေကွက်အမှတ် ၂၀၅(ခ)၊ မြေကွက်တည်နေရာအမှတ် ၂၀၅(ခ)၊ သံချပ်ဝန် ဦးမြူလမ်း၊ ရွှေပြည်သာမြို့နယ် လင်(မ်)ကင်တီး(ခ)မခင်ကြည် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် လင်(မ်)ကင်တီး(ခ)မခင်ကြည် ကွယ်လွန်သဖြင့် လူဝင်းကြူ(ခ)ဦးဝင်းကြူ ၁၂/ကမတ(နိုင်) ၀၅၆၇၃၉ ထံမှအမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူဦးခင်မောင်ဝင်း ၁၁/တကန(နိုင်)၀၀၁၅၇၃ က မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၄ကံဘဲ့၊ မြေကွက်အမှတ် ၈/ဃ၊ မြေကွက်တည်နေရာ အမှတ်၆၅/D-1၊ နဂါးရုံကျောင်းလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါက်တာသိန်းအောင်၊ ဒေါ်သန်းစိန် အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ)မြေအား အမည်ပေါက် ဒေါ်သန်းစိန် (၆-၃-၂၀၁၄)တွင် ကွယ်လွန်သဖြင့် ဒေါက်တာသိန်းအောင် ၁၂/မရက (နိုင်)၀၇၅၆၃၁က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့်ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၂၊မြေကွက်အမှတ်၇၆၉၊မြေကွက်တည်နေရာအမှတ် ၇၆၉၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက် ဦးခင်မောင် KPU-၀၀၄၃၈၄ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်မောင် ကွယ်လွန်သဖြင့် ဒေါ်လှမေ ၁၂/ကမရ(နိုင်)၀၂၄၇၃၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၅၃၇/ခ၊ မြေကွက်တည်နေရာအမှတ် ၅၃၇/ခ၊ အနော်မာ ၁၃ လမ်းရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ် (ဦးလှထွန်း) အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှထွန်း(ဖခင်) နှင့် ဒေါ်မြကြိုင်(မိခင်)တို့ အသီးသီး ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးဌေးသိန်း ၁၂/သကတ(နိုင်)၀၉၇၈၀၄ ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၄၆၇၂/၁၄ (၁၇-၂-၁၄)ရသူ ဦးကျော်ကျော်ထွန်း ၁၂/သကတ(နိုင်)၁၃၁၁၀၆မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၄ကံဘဲ့၊ မြေကွက်အမှတ် ၈/စ၊ ၈/ဆလမ်း၊ မြေကွက်တည်နေရာအမှတ် ၆၅/D၊ နဂါးရုံကျောင်းလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါက်တာသိန်းအောင်၊ ဒေါ်သန်းစိန် အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ)မြေအား အမည်ပေါက် ဒေါ်သန်းစိန် ၆-၃-၂၀၁၄တွင် ကွယ်လွန်သဖြင့် ဒေါက်တာသိန်းအောင် ၁၂/မရက (နိုင်)၀၇၅၆၃၁က တစ်ဦးတည်းသော ခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့်ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့်အပြိုင် တည်ဆောက်ပြီးစီးခဲ့သည့် ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းဖွင့်

နေပြည်တော် ဧပြီ ၁၃

နေပြည်တော်ကောင်စီ နယ်မြေ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး နှင့်အပြိုင် တည်ဆောက်ပြီးစီးခဲ့သည့် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၀ရက် ညနေ ၄နာရီက နေပြည်တော်ဥတ္တရ ခရိုင် ဥတ္တရသီရိမြို့နယ် မိုင်တိုင် အမှတ်(၂၂၀/၅)၌ကျင်းပရာ ဆောက် လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နေပြည်တော် ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ နေပြည်တော် ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ယာယီမဏ္ဍပ်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၅၀၀ဖြင့် အမြန်လမ်းမကြီးဘေးရှိကျေးရွာများ မှ ကျေးလက်နေပြည်သူများ သွားလာ မှု လွယ်ကူစေရန် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းကို ဖောက်လုပ်ခြင်း၊ အမြန်လမ်းမကြီးအားအန္တရာယ်ကင်း ရှင်းစွာ ရာသီမရွေး အလွယ်တကူ သွားလာဖြတ်ကူးနိုင်ရန် Underpass ကိုးခုတွင်ကျောက်ခင်းခြင်းလုပ်ငန်း များ ဆောင်ရွက်ခြင်း၊ ကျောက်စီ ရေမြောင်း တည်ဆောက်ခြင်း၊ ကျောက်စီ မြေထိန်းနံရံဆောင်ရွက် ခြင်း၊ ကျေးရွာချင်းဆက်ကုန်ထုတ် လမ်းအတွက် ရေထုတ်ပြွန်များတည် ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဒေသခံ ကျေးရွာ၂၅ရွာမှကျေးလက်နေပြည်သူ များအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှု စီးပွားဘဝများအတွက် ရာသီမရွေး အဆင်ပြေလွယ်ကူချောမွေ့စွာ သွား လာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီ နယ်မြေ အတွင်းရှိ အမြန်လမ်းကြီးဝဲ/ယာ ကျေးရွာများသွားလာဆက်သွယ်ရေး ကောင်းမွန်းစေရန် နှစ်စဉ် ဘဏ္ဍာ နှစ်များတွင် ထည့်သွင်းရေးဆွဲသွားပြီး ကျန်ရှိနေသည့် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းပိုင်းများကို ဆက်လက် ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူဗဟိုပြု ပြည်သူအခြေခံသည့် ပြည်သူတို့၏ အဓိက လိုလားချက် သည် တည်ငြိမ်အေးချမ်းခြင်းနှင့်တရား ဥပဒေစိုးမိုးရေးဖြစ်ပြီး လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ် ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ နေပြည် တော် ဆောက်လုပ်ရေးအင်ဂျင်နီယာ မှူးကြီး ဦးတင်ကြည်တို့က ကျေးရွာ ချင်းဆက် ကုန်ထုတ်လမ်းဖောက်လုပ် ခြင်းနှင့် စပ်လျဉ်း၍မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းခဲ့သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများသည် ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးနှင့် အပြိုင် ဖောက်လုပ်ထားသည့် ကျေးရွာချင်း ဆက်ကုန်ထုတ်လမ်းကို ကြည့်ရှုစစ် ဆေးကြပြီး ဘုရားတောင်းကျေးရွာသို့ ရောက်ရှိ၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သည့်ကျေးရွာချင်း ဆက်ကုန်ထုတ်လမ်းသည် ကျောက် ရော မြေရိုစာလမ်းဖြစ်ကာ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးလမ်း အကျယ်ပေ ၄၀၀အတွင်းထည့်သွင်း တည်ဆောက်ထားခြင်းဖြစ်ပြီး လမ်း တာပေါင်သား အကျယ် ၂၄ပေ၊ လမ်း သားအကျယ် ၁၆ ပေနှင့် ရေထုတ်ပြွန် များပါဝင်ပြီး ဒက္ခိဏသီရိမြို့နယ်တွင် လမ်းအရှည် ၅ မိုင် ၃ဖာလုံ၊ ဥတ္တရ သီရိမြို့နယ်တွင် ၉ မိုင် ၁ဖာလုံ၊ လယ်ဝေးမြို့နယ်တွင် ၇ မိုင် ၄ ဖာလုံ နှင့် တပ်ကုန်းမြို့နယ်တွင် ၉မိုင် စုစုပေါင်း ၃၁ မိုင်ကိုဖောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရ သည်။ **(ခရိုင်ပြန်/ဆက်)**

ဆိုင်နီးချင်း အမျိုးသမီးများ စကားများရာမှ ဓားထိုးမှုဖြစ် တစ်ဦးသေဆုံး

ဖြူး ဧပြီ ၁၃

ဈေးရောင်းနေသော ဆိုင်နီးချင်းအမျိုးသမီးများ စကားများရာမှ ဓားနှင့် ထိုးသဖြင့် ဓားထိုးခံရသော အမျိုးသမီးတစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံးမှု တစ်ခုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၀ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းပိုင်နယ်မြေ ညောင်ပင်သာစည်ပင်သာယာ ဈေးမြောက်ဘက်တန်းတွင် ဆိုင်ချင်းကပ်လျက် ဈေးရောင်းနေကြသော မခိုင်သဇင်ဝင်း(၂၃ နှစ်) ဇေယျာသီရိ ၅ လမ်း ညောင်ပင်သာရွာ၊ မဌေး(၄၅ နှစ်) (စက်ချုပ်) ရွာမ ၄ လမ်း ညောင်ပင်သာရွာနေနှင့် ဆိုင်နီးချင်းကပ်လျက် ဒေါ်တင်ရီ (ဈေးရောင်း) ဇေယျာသီရိ ၅ လမ်း ညောင်ပင်သာရွာနေနှင့်မောင်ဖြစ်သူ ရဲဝင်းနိုင် (ခ)အာလူး(၃၀ နှစ်) ညောင်ပင်သာရွာနေသူနှင့် အစ်မဒေါ်တင်ရီ အကြော်သွားဝယ်နေစဉ် တစ်ဖက်ဘေးဆိုင်ခန်းမှ မစန်းမြင့်၊ မဌေးတို့နှင့် အလယ်တွင် မိုးကာထားသော အကာအရံကိစ္စနှင့်ပတ်သက်၍ စကားများနေကြရာ အစ်မဖြစ်သူဒေါ်တင်ရီ အကြော်ဝယ်သွားရာမှ ပြန်ရောက်စဉ် ဘာဖြစ်နေကြတာလဲဟု မေးမြန်းရာ ဒေါ်တင်ရီအား မစန်းမြင့်က ဝင်ရောက်လုံးထွေးပြီး မဌေးက ဓားဦးချွန်ဖြင့် လေးငါး ချက်ခန့်ထိုးရာ လဲကျသွား၍ မောင်ဖြစ်သူ အာလူးက သွားရောက် ပွေ့ယူစဉ် မဌေးကဓားဖြင့်တစ်ချက်ထိုး၍ ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသူ ဒေါ်တင်ရီနှင့် အာလူး(ခ)ရဲဝင်းနိုင်တို့အား ညောင်ပင် သာတိုက်နယ်ဆေးရုံပို့ပေးစဉ် ဒေါ်တင်ရီမှာ ရရှိဒဏ်ရာဖြင့် သေဆုံးသွားပြီး အာလူးမှာ ဆေးရုံတွင်ဆေးကုသမှုခံယူနေရသည်။ အမှုကို ညောင်ပင်သာရဲစခန်း စခန်းမှူးရဲအုပ်စိုးလွင်က ပြစ်မှုကျူးလွန်သူ မဌေးနှင့် မစန်းမြင့်တို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

သံပန်းသံတံခါးလုပ်စဉ် ဓာတ်လိုက်သေဆုံး

တာချီလိတ် ဧပြီ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝေ့လေ့လန်ကျေးရွာ မြန်မာရောမွန်ကုမ္ပဏီ၏ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်အနီး လူတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့နယ် ဝမ်ပုံနယ်မြေရဲစခန်း၌ ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီခွဲက ဒုရဲအုပ်ချမ်းသာ တာဝန်မှူး တာဝန်ထမ်းဆောင်နေစဉ် မြန်မာရောမွန်ကုမ္ပဏီ၏ လမ်းအသုံးပြုခကောက်ခံရေးဂိတ်အနီး အမျိုးသား တစ်ဦးဓာတ်လိုက်သေဆုံးကြောင်း ဝင်းဇော်မိုး သံပန်းသံတံခါးလုပ်ငန်း ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေသူ၏ သတင်းပေးချက်အရ ဝမ်ပုံ နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်စိုးညွန့်အောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မောင်မောင်စိုး ဦးစီးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဝင်းနိုင်စိုး (၃၄နှစ်) သံပန်းသံတံခါးလုပ်ငန်း ရွှေသူဌေးကုန်းဘုန်းကြီးကျောင်း ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေသူဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး သံပန်းသံတံခါးလုပ်စဉ် ၎င်းကြိုးမှ ဓာတ်လိုက်၍ ဝဲ/ယာဘက်လက်များတွင် ဒဏ်ရာများ ရရှိ သေဆုံးနေသည်ကို တွေ့ရှိသဖြင့် ဆေးစာဖြင့် တာချီလိတ် ပြည်သူ့ဆေးရုံသို့ပေးပို့ခဲ့ပြီး သေဆုံးခြင်းနှင့် ပတ်သက်၍ အမှုဖွင့်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ငါးနှစ်ကျော်ကာလအတွင်း မြန်မာအလုပ်သမား ၇၀၀၀ ကျော် ထိုင်းကပြန်ပို့

တာချီလိတ် ဧပြီ ၁၃

တာချီလိတ်ရှိ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ဧပြီ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ် ရေး အဖွဲ့ဝင်များဖြစ်သည့် မကဖ(၈) မှ ဦးသိန်းမောင်ဦးစီး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးဦးဝင်းအောင်၊ လူကုန် ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ် မင်းဇော်နှင့်ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ လဝက ဦးစီးအရာရှိ Sae siton၊ မယ်ဆိုင် ခရိုင်လဝကမှူး Kanlayar Phommalin၊ မယ်ဆိုင်ခရိုင် ဒုလဝကမှူး Sadar yansukyan တို့မှ တရားမဝင် မြန်မာအလုပ်သမား အမျိုးသား ၂၁ ဦးနှင့် အမျိုးသမီး ၁၄ ဦးတို့ကို လာရောက်လွှဲပြောင်းပေးခဲ့ ကြောင်း သိရသည်။ လွှဲပြောင်းပေး သည့် မြန်မာနိုင်ငံသား ၃၅ ဦးတို့အား မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ် မုနိကျောင်းဝင်းအတွင်း၌ အခြေပြု ပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင် ရောက်ခြင်း၊ နေထိုင်ခွင့် ကတ်ပြား များမရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီး ခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူး ခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ် သမား၃၅ဦးအား မြို့နယ်အုပ်ချုပ် ရေးမှူးအစီအစဉ်အရ ၎င်းတို့၏ မိဘဆွေမျိုးများထံ ခံဝန်ဖြင့် မွန်းလွဲ ၂ နာရီခွဲက အပ်နှံပေးခဲ့ကြောင်း သိရ သည်။ အဆိုပါလွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများမှာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ၃ရက်မှ ၂၀၁၄ခုနှစ် ဧပြီ ၁၁ ရက်ထိအမျိုးသား၅၁၈၃ဦး၊ အမျိုးသမီး ၁၈၁၈ ဦး စုစုပေါင်း ၇၀၀၁ ဦးရှိ ကြောင်းသိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံခြားထောက်ပံ့လှူဒါန်းငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အခြေခံပညာမူလတန်းကျောင်း (၁၀)ကျောင်း ဆောက်လုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၄-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၅-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် (၄၂)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် (၄၂)၊ နေပြည်တော်

နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်စပ်ဒေသများရှိ ကျေးရွာများ မီးလင်းရေးအတွက် အရည်အသွေးကောင်းမွန်သော ဆိုလာ စနစ်တပ်ဆင်နိုင်ရေး ဘက်ထရီနှင့်ဆက်စပ်ပစ္စည်းများအပါအဝင် မြန်မာကျပ်ငွေဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၄-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၅-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် (၄၂)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် (၄၂)၊ နေပြည်တော်

နေ့စား၊ လပေးမူလတန်းပြ ဆရာ ဆရာမ ရာထူးခန့်ထားရေးအတွက်

လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကရင်ပြည်နယ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စားလပေး မူလတန်းပြဆရာ ဆရာမရာထူးများတွင် ခန့်ထားနိုင်ရန် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Ph. D ဘွဲ့ရသူများ အသက် (၄၀)နှင့်အောက်
(ဂ) MA/M.Sc ဘွဲ့ရသူများ အသက် (၃၅)နှစ်နှင့်အောက်
(ဃ) B.A/B.Sc ဘွဲ့ရသူများ အသက် (၃၀)နှင့်အောက်
(င) တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် လုပ်ငန်းလိုအပ်ချက်အရ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နဝမတန်းအောင်မြင်သူများ [အသက် (၂၅)နှစ်နှင့် အောက်]

၂။ မူလတန်းပြ ဆရာ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ကရင်ပြည်နယ်အတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်း လက်မှတ်ရရှိပြီးပါက မူလတန်းပြ ဆရာ ဆရာမအဖြစ် ခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့)ဘွဲ့ရထောက်ခံစာနှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၄ ခုနှစ် ဇွန် ၁ ရက်ဖြင့် တွက်ချက်သည်။)

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ တွင် ၁၂-၄-၂၀၁၄ ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏ လျှောက်လွှာများကို ၂-၅- ၂၀၁၄ ရက် ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ မိမိတို့ဖြေဆိုလိုသော မြို့နယ်ရှိ မြို့နယ် ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့ လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ၉-၅-၂၀၁၄ ရက်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်းဖြေဆိုရမည်။

၆။ ၁၄-၅-၂၀၁၄ရက်တွင် ရေးဖြေအောင်စာရင်း ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၁၇-၅-၂၀၁၄ ရက် ၀၉း၀၀ နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများတွင် လူတွေ့ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ပြည်နယ်/ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄)ရပ်ကွက်၊ အင်းဝလမ်း၊ အိမ်အမှတ် (၄၈၂/က) ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၅၄၊ မြေကွက်အမှတ် (၄၈၂/က)၊ အလျား ၂၃ပေ× အနံ ပေ ၆၀ ရှိ ဒေါ်အုံးတင် ၁၂/သဃက(နိုင်)၀၅၉၈၅၆ အမည်ပေါက် မြေကွက်အား လက်ရှိနေထိုင်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်း အဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်ထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီလာခိုင်	**ဦးစန်းမောင်**	**ဦးသန်းစိုးထွန်း**
LL.B, D.B.L, WIPO, D.L.P(Switzerland)	**LL.B, D.B.L**	**LL.B, D.B.L, WIPO, D.L.P (Switzerland)**
(စဉ်-၃၂၇၀၄)	**(စဉ်-၃၁၇၃၄)**	**(စဉ်-၈၁၇၀)**

အထက်တန်းရှေ့နေများ တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၆ ပထမထပ်၊ အခန်း ၁၇၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၃၉၆၈

အလည်ဗီဇာဖြင့် ထိုင်းနှင့် မလေးရှားသို့ အလုပ်သမားတင်ပို့

ဗန်ကောက် ဧပြီ ၁၃

မြန်မာနိုင်ငံမှ မြန်မာအလုပ်သမားများ ပြည်ပသို့ တင်ပို့နေသည့် အေဂျင်စီပွဲစားများသည် သာမန်နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့ဗီဇာ) များဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ အလုပ်သမားများ တင်ပို့နေကြကြောင်း ရန်ကုန်အခြေစိုက် အေဂျင်စီတစ်ခုမှ ဒါရိုက်တာတစ်ဦးက ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Associationin Thailand)သို့ ဆက်သွယ်ပြောကြားကြောင်း MAT အဖွဲ့မှ သိရသည်။

ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအတော်များများသည် ပြည်ပအလုပ်သမားခေါ်စာ Demand Latter များရရှိကြခြင်း၊ အလုပ်သမားဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့် လိုအပ်သည့်သင်တန်းများ ပို့ချရခြင်းများအပြင် အခြားအသေးစိတ်လိုအပ်ချက် အများအပြားတို့ကို လုပ်ဆောင်ရလေ့ရှိကြသဖြင့် ဗီဇာပတ်စ်ပို့ပွဲစားများဖြင့် မြန်ဆန်သည့် နည်းလမ်းကို အသုံးပြုနေကြခြင်းဖြစ်ကြောင်း သိရသည်။

အေဂျင်စီ ဒါရိုက်တာတစ်ဦးက "ပွဲစားကလည်း ဆူလွယ်နပ်လွယ် ငွေရတဲ့အလုပ်၊ နိုင်ငံခြားကိုသွားချင်တဲ့ အလုပ်သမားတွေကလည်း ဟိုဘက်နိုင်ငံတွေကို လွယ်လွယ်ကူကူရောက်သွားရင်ပြီးပြီ၊ လူတွေက ပတ်စ်ပို့လုပ်ဖို့၊ ဗီဇာလုပ်ဖို့ မတတ်ဘူးလေ၊ အေဂျင်စီတွေဆိုတော့ ဟိုဘက်မှာလည်း သူတို့ကိုယ်စားလှယ် ပွဲစားတွေရှိနေတော့ ရောက်တာနဲ့ အလုပ်ကဝင်လို့ရတယ်။ နှစ်လဗီဇာကုန်သွားတာနဲ့ အဲဒီအလုပ်သမားဟာ တရားဝင်နေထိုင်ခွင့်ကုန်ပြီပေါ့။ ပြည်ပကိုရောက်နေတဲ့ မြန်မာတွေကို သက်ဆိုင်ရာမြန်မာသံရုံးက အလုပ်လုပ်ခွင့်စာအုပ်အဖြစ် ပြောင်းပေးနိုင်ရင်တစ်မျိုးလေ။ ခုဟာက ပွဲစားတွေချမ်းသာပြီး အလုပ်သမားတွေ ဒုက္ခရောက်ကြဦးမှာပဲ" ဟု ပြောခဲ့သည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြသ၍ ရန်ကုန်၊ တာချီလိတ်နှင့် မြိတ်မြို့တို့တွင် သာမန်နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)များ ထုတ်ပေးလျက်ရှိသည်။ သက်ဆိုင်ရာနိုင်ငံသို့ ဝင်ရောက်ခွင့် ဗီဇာလုပ်ရာတွင် ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများ (အိမ်နှင့် ရွှေ့ပြောင်းမရသည့်ပစ္စည်းများ) နှင့် လေယာဉ်လက်မှတ်တို့ကို ပူးတွဲ၍ တင်ပြကြရသည်။ ပတ်စပို့ဗီဇာပွဲစားများအား ငွေကျပ်တစ်သိန်းပေးချေလိုက်ပါကမည်သည့် အထောက်အထားမျှမလိုဘဲ တစ်ညအိပ်ကြာပြီး နောက်နေ့တွင် ပြည်ဝင်ခွင့်ဗီဇာ လွယ်ကူစွာရရှိကြောင်း ကိုယ်တိုင်လုပ်ဖူးသူများက ဆိုသည်။

ကော့သောင်းနယ်စပ်မှ မြန်မာတာဝန်ရှိသူတစ်ဦးက "အနီရောင်ပတ်စ်ပို့နဲ့ ထိုင်းဘက်ကို သွားလို့ရတယ်ဆိုပြီး အလုပ်သမားတွေလာနေကြတယ်။ ပွဲစားတွေက အမြတ်သိန်းချီယူပြီး စာအုပ်လုပ်ပေးလိုက်တာ၊ အလုပ်သမားတွေက စာအုပ်ရတာနဲ့ နိုင်ငံခြားသွားလို့ရတယ်လို့ ထင်နေကြတာ။ ဗီဇာမပါတော့ အဲဒီစာအုပ်က အသက်မရှိဘူးလေ။ ဒါကို အလုပ်သမားတွေမသိကြဘူး။ ပွဲစားတွေက မသိနားမလည်တဲ့ အလုပ်သမားတွေကို လိမ်နေကြတယ်။ ရန်ကုန်မြို့ ရန်ကင်းစင်တာနားက ပတ်စ်ပို့ထုတ်ပေးတဲ့ရုံးကို သွားကြည့်၊ တစ်နေ့တစ်နေ့ လူရာပေါင်းများစွာ လုပ်နေကြတယ်လေ" ဟု ပြောခဲ့သည်။

> **ပွဲစားတွေချမ်းသာပြီး အလုပ်သမားတွေ ဒုက္ခရောက်ကြဦးမှာပဲ....**

ပြီးခဲ့သည့်လက ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်မြို့သို့ ကုမ္ပဏီအမည်ခံ၍ မြဝတီမှပွဲစားလင်မယားနှစ်ဦးက အလည်ဗီဇာဖြင့် အလုပ်သမား ၃၀ တင်ပို့ခဲ့ကြောင်း MAT အဖွဲ့မှသိရသည်။ အလုပ်သမား ၁၄ ဦးမှာ ထမင်းစားစရာမရှိ၍ MAT အဖွဲ့က သွားရောက်လှူဒါန်းပြီးနောက် ပွဲစားများက ထိုင်းလဝက အချုပ်ကားဖြင့်အဖမ်းပြကာ မြဝတီသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "အလည်ဗီဇာနဲ့ပို့ထားတဲ့ အလုပ်သမားတွေ ထိုင်းမှာအတော်များနေပါပြီ။ မဟာချိုင်မှာ PP.Group ဆိုတဲ့အမည်နဲ့ ထိုင်းရဲအရာရှိတွေက ရဲကတ်ဆိုတာထုတ်ပေးပြီးတော့ အလုပ်သမားတစ်ဦး တစ်လကို ဘတ် ၅၀၀၊ ဘတ် ၁၀၀၀မျိုးယူပြီး လုပ်ပေးထားကြတယ်လေ။ ကန်ချနဘူရီနာနတ်သီးစက်ရုံမှာဆိုရင် တရားမဝင် အလုပ်သမားတွေဆိုပြီးတော့ တစ်လကို ဘတ် ၁၀၀၀ စီယူပြီးတော့ VV.Group ဆိုတဲ့ ကတ်ဆိုပြီးတော့ လုပ်ထားကြတယ်။ ပြည်ပမှာ သန်းချီရှိတဲ့အလုပ်သမားတွေ အတွက်ရော၊ ပြည်ပကို ထွက်နေကြတဲ့ အလုပ်သမားတွေအတွက်ပါ စနစ်တကျ သုတေသနလုပ်ပြီး ပြင်ဆင်ဖို့ အရေးတကြီး လိုအပ်နေပါပြီ"ဟု ပြောခဲ့သည်။

လက်ရှိ ထိုင်းနိုင်ငံတွင် ထိုင်းအစိုးရသည် နာမည်ကြီး ထိုင်းတက္ကသိုလ်များမှ ပါမောက္ခများအား ထိုက်ထိုက်တန်တန်ပေး၍ ဥပဒေ၊ ဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် အလုပ်သမားအရေးများကို နှစ်ကာလတစ်ခုသတ်မှတ်၍ (ဥပမာသုံးနှစ်တစ်ကြိမ်) သုတေသနပြုလုပ်လေ့ရှိသည်။ ထိုပညာရှင်များ တွေ့ရှိချက်အား အလေးအနက်ထားဂရုပြု၍ ပြင်ဆင်သင့်သည်များကို ပြင်ဆင်လေ့ရှိသည်။ ထို့ကြောင့်ပင် ယခုထိုင်းနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်နေခြင်းဖြစ်သည်။

တည်ထောင်ထား

ထိုင်းတောင်ပိုင်း ဖန်ငအခြေစိုက် ပညာရေးဖောင်ဒေးရှင်း FED ဒါရိုက်တာ ဦးထူးချစ်က "ကျွန်တော်တို့ဖောင်ဒေးရှင်းမှာ ထိုင်းနဲ့မြန်မာဝန်ထမ်းပေါင်း ၈၀ ကျော်ရှိတယ်။ ကျောင်းသား ကျောင်းသူပေါင်း ၅၀၀ ကျော်ရှိတယ်။ ကျွန်တော်ဒီအဖွဲ့ကို ၂၀၀၃ ဆူနာမီဖြစ်ပြီးကတည်းက တည်ထောင်ထားတာပါ။ ကျွန်တော်တို့မှာ အလုပ်သမားတွေနဲ့ပတ်သက်ပြီး တစ်စုံတစ်ခု အတိုင်းအတာအထိ အတွေ့အကြုံတွေရှိနေတယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် ကျွန်တော်တို့အတွေ့အကြုံကို အလကားပေးပါတယ်။ ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ပါ။ "မြန်မာနိုင်ငံ တာဝန်ရှိသူတွေကို ကျွန်တော်တို့ကျောင်းကို လာကြည့်ဖို့ လူကိုယ်တိုင်လည်း ဖိတ်ဖူးပါတယ်။ စာနဲ့ပေနဲ့လည်း ဖိတ်ဖူးပါတယ်"ဟု ရင်ဖွင့်ပြောကြားသည်။

စိုးဝင်း(SP)

ချမ်းမြေ့ပါလ လူမှုကူညီရေးအသင်းအတွက် ကားတစ်စီးနှင့် အလှူငွေလှူဒါန်း

မြစ်ငယ် ဧပြီ ၁၃

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာ နန္ဒဝန်ကွက်သစ်ရပ်နေ ကားအလှူရှင် ဦးထွန်းမောင်-ဒေါ်သုန် သားသမီးမြေးတစ်စုက Super Custom ကားတစ်စီးနှင့် အလှူငွေများ ချမ်းမြေ့ပါလ လူမှုကူညီရေးအသင်းအား ပေးအပ်လှူဒါန်းပွဲကို မင်းကျောင်းစာသင်တိုက် ဥယျာဉ်တော်ကျေးရွာ၌ ဧပြီ ၁၀ရက် နံနက် ၁၀ နာရီ က ကျင်းပခဲ့သည်။

ထိုသို့ လှူဒါန်းမှုအစုစုတို့အတွက် စေတနာရှင်၊ အလှူရှင်မိသားစုကို ချမ်းမြေ့ပါလ လူမှုကူညီရေးအသင်းနာယက ဆရာတော်နှင့် ဒေါက်တာမြင့်ဆွေတို့က ကျေးဇူးတင်စကားပြောကြားပြီး အတွင်းရေးမှူး ဦးတင်အုန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ဥယျာဉ်တော်ကျေးရွာ ချမ်းမြေ့ပါလလူမှုကူညီရေးအသင်းမှ ပဓာနနာယက ဆရာတော်ကလည်း တရားရေအေးချိုးမြှင့်ပြီး ရေစက်ချခဲ့ကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

ရခိုင်အမျိုးသားညီလာခံကျင်းပမည်

ကျောက်ဖြူ ဧပြီ ၁၃

ရခိုင်အမျိုးသားညီလာခံကို ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ငါးရက်တိုင်တိုင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါညီလာခံသို့ ရခိုင်လူမျိုးများနှင့် သက်ဆိုင်သော နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မြို့နယ်ကိုယ်စားလှယ်များ၊ သမိုင်းပညာရှင်များ၊ စာပေပညာရှင်များ စသည့် ကိုယ်စားလှယ်များ တက်ရောက်ကာ ရခိုင်ပြည်နယ်၏ လုံခြုံရေး၊ ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို အကြံပြု ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

လေးဝတီထွန်းစောခိုင်

ပညာရေးဝန်ကြီးဌာန
အမှတ်(၂) အခြေခံပညာဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး
မုံရွာမြို့

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး လက်အောက်ရှိ မြို့နယ်များတွင် ကျောင်းအဆောက်အအုံများဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီ/အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၁-၄-၂၀၁၄ ရက်
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် - ၁၁-၅-၂၀၁၄ ရက်၊ ညနေ ၄း၃၀ နာရီ

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၂၉၄၈၊ ၂၂၉၈၉၊ ၂၂၉၅၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးကော်မတီ

တနင်္သာရီတိုင်းဒေသကြီး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကွပ်ကဲမှုအောက်ရှိ အထူးအဖွဲ့များနှင့်ခရိုင်အဖွဲ့များတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် ကတ္တရာများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

ပစ္စည်းအမျိုးအစား		**အရေအတွက်**
ကတ္တရာ (၈၀/၁၀၀)		၄၉၁၁.၇၅ တန်
တင်ဒါရောင်းချမည့်ရက်	-	၂၂-၄-၂၀၁၄ ရက် (အင်္ဂါနေ့) (၁၀း၀၀)နာရီ
တင်ဒါလျှောက်လွှာပိတ်မည့်ရက်	-	၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	-	၁၂း၀၀နာရီ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်	-	၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့)
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန်	-	၁၃း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာမှူးကြီးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
ဖုန်း-၀၅၉-၂၁၁၁၄၊ ၀၅၉-၂၃၅၇၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ မင်းရဲကျော်စွာ ၈ လမ်း၊ အမှတ် ၂/၂၃၉ဟုခေါ်တွင်သော မြေအကျယ်ပေ (၂၀×၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပေ(၁၅×၃၀)ခန့်နေအိမ်တစ်လုံးနှင့်လျှပ်စစ်မီတာ၊ ရေတိုင်ကင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးစိုးမြင့်ဂရန်အမည်ပေါက်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဒေါ်လှလှဦး ၁၂/စခန((နိုင်)၀၅၇၃၄၁၊ ဒေါ်ညွန့်ရီ ၁၂/သကတ(နိုင်)၁၀၆၉၀၅၊ ဦးစိုးအေး MYGN-၀၁၆၉၃၇၊ ဒေါ်စန်းစန်းမြင့် ၁၂/လသယ(နိုင်)၀၂၆၉၅၄၊ ဦးမြင့်ဆွေ MYGN-၀၂၁၂၃၁၊ ဦးမျိုးမြင့် MYGN-၀၃၄၃၁၃၊ ဒေါ်မြင့်မြင့်စိန် MYGN-၀၂၃၂၃၂တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်၊ ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စပ်ဆိုင်သူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ဟန်	**ဒေါ်ဆွေဇင်ဦး**	**ဒေါ်အေးအေးသန်း**
LL.B	**LL.B**	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၈၃၀၁)	**(စဉ်-၃၆၆၄၇)**	**(စဉ်-၃၅၁၅၈)**
ဖုန်း-၀၉-၇၃၀၀၇၁၇၃	**ဖုန်း-၀၉-၄၂၀၀၈၈၉၈၃**	**ဖုန်း-၀၉-၄၂၀၀၂၅၂၀၆**

ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကျော်စိုးမိုး ၁၀/မလမ(နိုင်)၁၉၃၆၈၁ ၏ ပတ်စပို့ No.M 010856 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၄၂၅၂၆၆၄၄၉ ကို ဆက်သွယ်အကြောင်းကြားပေးပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂ ရွာကောက်၊ မြေကွက်/ဦးပိုင်အမှတ် (၇ᵇ)၊ ဧရိယာ ၀ ဒသမ ၀၉၉၈ကေရှိ ဦးမျိုးမြင့်အောင်ပါ-၂အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးကျော်တင့်(အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ) ၉/ပမန(နိုင်)၀၅၇၇၁၆(ဘ)ဦးထွန်းရင်လေးမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၅၀၀၈ (3B/5008) ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၃၇၇ (8B/8377) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4c/6677 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၁၆၈၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အားကစားဆောင်းပါးနှင့်ဆောင်ရွက်ချက်

အမှတ်ပေးပြိုင်ပွဲတစ်ပွဲ၏ အရေးအကြီးဆုံးသောတာဝန်မှာ မည်သည့်အချက်ဖြစ်သနည်းဟုမေးလျှင် မည်သို့ဖြေကြမည်နည်း။ အဆိုပါ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော ကလပ်အသင်းများအနေဖြင့် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ အောင်မြင်မှုရရှိရန်ဟု ဖြေဆိုကြမည်လော။ သို့တည်းမဟုတ် အဆိုပါ အမှတ်ပေးပြိုင်ပွဲအပေါ် ပရိသတ်စိတ်ဝင်စားမှုမြင့်မားလာပြီး စီးပွားရေးအရ အကျိုးဖြစ်ထွန်းရမည်ဟု ဖြေဆိုကြမည်လော။ အရှင်းဆိုရသော် အမှတ်ပေးပြိုင်ပွဲတစ်ပွဲသည် နိုင်ငံ့လက်ရွေးစင်အသင်းအပေါ် မည်မျှအထိ ကျောထောက်နောက်ခံပြုပေးနိုင်သနည်းဆိုသည်မှာ အဆိုပါ အမှတ်ပေးပြိုင်ပွဲ၏ အဓိကအကျဆုံးတာဝန်ဖြစ်သည်ဟု ဆိုချင်မိသည်။

လင်းဆက်

မြင်တာလေးတော့ ပြောချင်တယ်

ပြောရလျှင် ကလပ်အသင်းများအနေဖြင့် အောင်မြင်မှုကို ဖွေရှာရန်မှာ လက်ရွေးစင်အသင်းကြီးများထက် အခွင့်အလမ်းပိုများသည်ဟု ဆိုနိုင်သည်။ ကလပ်အသင်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းစနစ်အတွင်းမှ မိမိအသင်း၏ လိုအပ်သောနေရာ၊ လိုအပ်သောအရည်အသွေးပိုင်းများအတွက် ပြည်ပကစားသမားများနှင့် အစားထိုးဖြည့်ဆည်းနိုင်ခွင့်ရှိသော်လည်း လက်ရွေးစင်အသင်းမှာမူ ထိုသို့သောအခွင့်အရေးမျိုးမရှိပေ။ မိမိအသင်းတွင် တိုက်စစ်မှူးကောင်း ရှားပါးနေသောကြောင့် အခြားဒေသမှ တိုက်စစ်မှူးကောင်းတစ်ဦးအား ခဏတာခေါ်ယူသုံးစွဲပိုင်ခွင့်မရှိ။ မိမိအသင်းတွင် လိုအပ်သည့် အရည်အသွေးကို ခနအင်အားဖြင့် အချိန်တိုအတွင်း ကုစား၍ မရနိုင်။ မိမိတွင်ရှိသည့် အရည်အသွေးနှင့် မိမိတွင်ရှိသော အစုအဖွဲ့ အင်အားအပေါ်တွင်သာ အခြေခံ၍ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရသည်ချည်းဖြစ်သည်။

ထို့ကြောင့်ပင် လက်ရွေးစင်အသင်းများသည် ကလပ်အသင်းများအပေါ်တွင် အမှီသဟဲပြုနေရသည်ဟုဆိုသော် လွန်အံ့မထင်ပေ။ အရှင်းဆိုရသော် မိမိဒေသ၏ အဆင့်အမြင့်ဆုံးသော အမှတ်ပေးပြိုင်ပွဲမှ ပြိုင်ပွဲဝင်ကလပ်များအနေဖြင့် မိမိ လက်ရွေးစင်အသင်းအတွက် အားကိုးအားထားပြုနိုင်လောက်သော လက်ရွေးစင်အဆင့်ကစားသမားများကို အစဉ်အဆက် မွေးထုတ်ပေးနိုင်ရန် လိုအပ်ပေသည်။ သို့မှသာ လက်ရွေးစင်အသင်းအနေဖြင့် ပြိုင်ပွဲကြီးများတွင် ရသင့်ရထိုက်သည့် အောင်မြင်မှုများ၊ မျှော်မှန်းထားသည့် အောင်မြင်မှုများကို ရရှိနိုင်ပေလိမ့်မည်။ သို့မဟုတ်ပါက အမှတ်ပေးပြိုင်ပွဲတစ်ပွဲ အနေဖြင့် မည်မျှပင် အောင်မြင်စေကာမူ ထိုအမှတ်ပေးပြိုင်ပွဲ အနေဖြင့် လက်ရွေးစင်အသင်းကို ကျောထောက်နောက်ခံ မပြုပေးနိုင်သမျှ ကာလပတ်လုံး အဆိုပါ အမှတ်ပေးပြိုင်ပွဲသည် အလုံးစုံပြည့်စုံသည်ဟု ဆို၍မရပေ။ ဤနေရာတွင် အလျဉ်းသင့်၍ ပရီမီယာလိဂ်နှင့် စပိန်လီဂါတို့၏ အနေအထားကို နှိုင်းယှဉ်ပြချင်မိသည်။

အထူးသဖြင့် စပိန်လီဂါသည် ပရီမီယာလိဂ်လောက် အကြိတ်အနယ်မရှိဟု ဆိုကြသည်။ ပရီမီယာလိဂ်တွင် အမှတ်ပေးချန်ပီယံဖြစ်ရန် အသင်း ငါးသင်းခန့် အကြိတ်အနယ် ယှဉ်ပြိုင်နေရသည့်အချိန်တွင် လာလီဂါတွင် အသင်းသုံးသင်းခန့်သာ ချန်ပီယံဆု လုယူနေရသည်။ ဆိုချင်သည်မှာ အမှတ်ပေးပြိုင်ပွဲနှစ်ခု၏ အရည်အသွေးပိုင်းဖြစ်သည်။ အရှင်းဆိုရသော် ပရီမီယာလိဂ်သည် ခနအင်အားအရ ပိုတောင့်တင်းသည်။ ပြိုင်ပွဲဝင်အသင်း ၂၀ တွင် ငွေသုံးစွဲနိုင်သည့် အသင်းများစွာရှိသည်။

ထို့ကြောင့်ပင် ပရီမီယာလိဂ်ကလပ်အများစုသည် အပြောင်းအရွှေ့ကာလတွင် ပြည်ပကစားသမားခေါ်ယူမှုများအား အခြားဒေသမှ အသင်းများထက်ပို၍ လုပ်ဆောင်နိုင်သည်။ ထိုသို့သောအကျိုးဆက်သည် ပြိုင်ပွဲအတွင်း အသင်းအချင်းချင်းခြေစွမ်းကွာဟမှု ကျဉ်းမြောင်းသွားစေကာ ပြိုင်ပွဲကို အကြိတ်အနယ် ရှိစေသည်မှာ မှန်သည်။ သို့သော် ပြည်ပကစားသမားများ ခေါ်ယူမှု များပြားခြင်းနှင့်အတူ ဒေသခံကစားသမားများအား အသင်းတွင် နေရာပေးနိုင်မှု လျော့ကျလာသကဲ့သို့ မွေးထုတ်မှုအပိုင်းတွင်လည်း လျော့ရဲလာခြင်းနှင့်အတူ ပရီမီယာလိဂ်၏ အောင်မြင်မှုသည် အင်္ဂလန် လက်ရွေးစင်အသင်းကြီးကို မည်သို့မျှ အထောက်အပံ့မပြုပေးနိုင်သောအခြေအနေသို့ ရောက်ရှိခဲ့ရသည်။

စပိန်လီဂါပြိုင်ပွဲတွင်မူ ခနအင်အားကွာခြားမှုအပိုင်း မြင့်မားသည်။ ငွေသုံးစွဲနိုင်သည့်အသင်းမှာ အနည်းစုသာရှိပြီး ငွေမသုံးစွဲနိုင်သော အသင်းများမှာ အများစုဖြစ်သည်။ ထို့ကြောင့်ပင် ငွေသုံးစွဲနိုင်သော အသင်းအချို့က ထိပ်တန်း ကစားသမားများကို ငွေပုံပေး ခေါ်ယူခဲ့သော်လည်း ငွေမသုံးစွဲနိုင်သည့် အသင်းအများစုမှာ လူငယ်မွေးမြူရေးအပေါ်တွင်သာ အခြေတည်၍ ဒေသခံကစားသမားများကို မွေးထုတ်ပေးနေပေရာ စပိန်လက်ရွေးစင်အသင်းကြီးသည် အင်္ဂလန်လက်ရွေးစင်အသင်းထက် အောင်မြင်မှုများ ပို၍ရယူလာနိုင်သည်ကို သာဓကတစ်ခုအဖြစ် မြင်မိသည်။

ဆိုရသော်စာရေးသူတို့၏ မြန်မာနေရှင်နယ်လိဂ်သည် ၂၀၀၉ ခုနှစ်ကစတင် အခြေတည်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ရေတွက်ကြည့်ပါမူ စာရေးသူတို့၏ မြန်မာနေရှင်နယ်လိဂ်သည် သက်တမ်းအရ နုနယ်သေးသည်မှာမှန်သည်။ ထိုသို့သော သက်တမ်းတိုအတွင်း၌ပင် AFC Cup ပြိုင်ပွဲအတွင်း၌ မြန်မာကလပ်အသင်းများ အထိုက်အလျောက် ခြေစွမ်းပြလာနိုင်ခဲ့သည်မှာ ချီးကျူးရမည့်အချက်ဖြစ်သည်။ သို့သော် ဆိုခဲ့ပြီးသကဲ့သို့ ကလပ်အသင်းများချည်းသာ အောင်မြင်နေရန်နှင့်မလုံလောက်ပေ။ အဆိုပါ ကလပ်အသင်းများ၏ အောင်မြင်မှုသည် လက်ရွေးစင်အသင်းကြီးအတွက်ပါ အားကိုးအားထားပြုနိုင်ရန် လိုအပ်ပေသည်။

ဆိုရသော် စာရေးသူတို့အနေဖြင့် ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် စာရေးသူတို့၏ လက်ရွေးစင်အသင်းကြီးအား များစွာမျှော်လင့်မိခဲ့သည်။ စာရေးသူတို့အနေဖြင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ စတင်ကျင်းပနေချိန်၌ မြန်မာဘောလုံးလောက အပြောင်းအလဲစတင်ပြီဟု လက်ခံယုံကြည်ခဲ့ကြသည်။ သို့သော် ထိုမြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကြီး စတင်ကျင်းပခဲ့သည့် အချိန်မှစ၍ လက်ရွေးစင်အသင်းသည် စာရေးသူတို့ မျှော်မှန်းထားသည့် အောင်မြင်မှုမျိုး တစ်ကြိမ်မှမရခဲ့ပေ။ ယုတ်စွအဆုံး ကိုယ့်နိုင်ငံ ကိုယ့်ကွင်းတွင် ယှဉ်ပြိုင်ရသည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်း၌ပင် အရှက်ရဖွယ် အရှုံးနှင့် ပြိုင်ပွဲက ထွက်ခဲ့ရသည်။

အဘယ့်ကြောင့်နည်း။ စာရေးသူတို့အနေဖြင့် တစ်ကြိမ်အရှုံးကို ရင်ဝယ်ပိုက်ထားမည်မဟုတ်။ သို့သော် အထပ်ထပ်အခါခါ ထပ်မံရှုံးနိမ့်မှုကို မလိုလားသည်က အမှန်ဖြစ်သည်။ ထိုသို့မဖြစ်ရန်မှာလည်း ပြောခဲ့ပြီးသကဲ့သို့ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများအပေါ်တွင် ပို၍တည်မှီနေသည်။ ယနေ့အချိန်တွင် ပြည်ပကစားသမားခေါ်ယူမှုကို ကန့်သတ်ထားသည်ကမှန်သည်။ ထိုအချက်သည် အနာဂတ်အတွက် ကောင်းမွန်သောလားရာဟုဆို၍ရသည်။ ပြည်ပကစားသမားများကို လိုသလောက် ခေါ်ယူခွင့်မရရှိခြင်းကြောင့် လိုအပ်သည့် အရည်အသွေးပိုင်းအတွက် ဒေသခံကစားသမားများကို မဖြစ်မနေ မွေးထုတ်ပေးရပေတော့မည်။ **စာမျက်နှာ ၁၉ သို့**

> လက်ရွေးစင်အသင်းအတွက် ကလပ်အသင်းများအနေဖြင့် ထိမိသောပံ့ပိုးမှုမျိုး လုပ်ဆောင်နိုင်မှသာ တာဝန်ကျေသော အမှတ်ပေးပြိုင်ပွဲတစ်ရပ် ဖြစ်လာမည်ဖြစ်သကဲ့သို့ လက်ရွေးစင်အသင်းအတွက် အားကိုးနိုင်လောက်သော ကစားသမားကောင်းများကို မွေးထုတ်ပေးနိုင်ရန်မှာ အဓိကတာဝန်ဖြစ်

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော်ထွန်းအောင်လှိုင်(ခ)ကိုထွေး ၁၀/မဒန(နိုင်)၀၀၂၈၉၃နှင့် ကျွန်မ မအိအိသိန်း ၁၂/ဒဂမ(နိုင်)၀၁၃၉၀၃တို့သည် ၇-၄-၂၀၁၄ ရက်တွင် လားရှိုးမြို့နယ်၊ ခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဒေါ်မျိုးမာလာခင်ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ထွန်းအောင်လှိုင်(ခ)ကိုထွေး-မအိအိသိန်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၈၂၀၀ Toyota Mark II S/L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်အေး ၁၂/မဂဒ(နိုင်)၀၀၈၄၁၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/1080 HYUNDAI H1 (STAREX) Mini Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မင်းဦး ၁၂/ဥကတ(နိုင်) ၁၃၄၃၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သီဟဇော် CDC-၈၂၈၁၀ ၏ BST-(4 Tickets) လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

ဖုန်း-၀၉-၅၁၃၄၅၈၅

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၇၃

ကွယ်လွန်သူ ဦးသူရစော၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

၁။ ဦးသီဟစော

၂။ ဒေါ်ကေသီစော **လျှောက်သူများ**

ရန်ကုန်မြို့ အလုံမြို့နယ်၊ သဇင်လမ်း၊ အမှတ် ၃၉/ခ နေ ဦးသီဟစောက ကွယ်လွန်သူ ဦးသူရစော၏ အစ်ကိုဖြစ်သည်ဟူ၍လည်းကောင်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား ၁လမ်း၊ အမှတ် ၇နေ ဒေါ်ကေသီစောက ကွယ်လွန်သူ ဦးသူရစော၏ အစ်မဖြစ်သည်ဟူ၍ လည်းကောင်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား ၁ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ် ၇၀/ဈ နေ ၄င်းကွယ်လွန်သူ ဦးသူရစောမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရလက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက် ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးသူရစောမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ်မေ ၅ရက် (၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၇ရက်) တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဦးသီဟစောနှင့် ဒေါ်ကေသီစောတို့၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်စာရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဧပြီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးလွင်)

ခရိုင်တရားသူကြီး

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

နေပြည်တော် ရွှေမြင့်မိုရ်မိသားစုမှ

အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း

ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသောနှစ်သစ်ကူးမင်္ဂလာအခါသမယမှာ သုခချမ်းသာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း နေပြည်တော်တိုင်းဌာနရှိ ရွှေမြင့်မိုရ်အအေးခန်း အဆင့်မြင့် တရုတ်-မြန်မာ စားသောက်ဆိုင်(ရွှေမြင့်မိုရ်မိသားစု)မှ ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

နေ့စဉ်ရက်ဆက် အဆက်မပျက် ကြွရောက်အားပေးချီးမြှင့်ခဲ့ကြသော ဧည့်သည်တော်လူကြီးမင်းများနှင့် ရပ်ဝေးရပ်နီးမှ လာရောက်အားပေးခဲ့ကြသော ဘုရားဖူးမိတ်ဆွေ သူတော်စဉ်ကောင်းများအား ရွှေမြင့်မိုရ်မိသားစုမှ အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

အလှူမင်္ဂလာပွဲများအတွက် တရုတ်စာ၊ မြန်မာစာ နံနက်စာများအား အထူးအော်ဒါလက်ခံပါသည်။

ဖုန်း-၀၆၇-၂၂၈၇၄၊ ၀၉-၄၀၃၇၁၆၀၈၂

စာမျက်နှာ ၁၈မှ

ထိုအချက်သည် လက်ရွေးစင်အသင်းအတွက် မျှော်လင့်ချက်ဟု ဆိုရမည်။

သို့သော် ထိုသတ်မှတ်ချက်သည် ကောင်းမွန်သည်မှာ မှန်သော်လည်း ထိထိမိမိအသုံးချရန် လိုအပ်ပေသည်။ စာရေးသူအနေဖြင့် စိတ်ထဲတွင် မတင်မကျ ဖြစ်နေသောအကြောင်း အခြင်းအရာတစ်ခု ရှိသည်။ ဆိုချင်မိသည်မှာ မြန်မာနေရှင်နယ်လိဂ် စတင်ကျင်းပရာ၌ ကမ္ဘောဇကစားသမား စိုးမင်းဦးသည် ပထမဦးဆုံးနှစ်၌ ဂိုးသွင်းဘုရင်ဆု ရယူနိုင်ခဲ့သည်။ ထိုသို့ မြန်မာကစားသမားတစ်ဦးတစ်ယောက်က ဂိုးသွင်းဘုရင်ဆုကို ရယူနိုင်သည်မှာ အဆိုပါအကြိမ်သည် ယနေ့အချိန်အထိ ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ဖြစ်သည်။ ကျန်နှစ်များတွင် ပြည်ပ ကစားသမားများကသာ ဂိုးသွင်းဘုရင်ဆုများကို ရယူခဲ့ကြသည်ချည်း ဖြစ်သည်။

အရှင်းဆိုရသော် ပထမဦးဆုံးအကြိမ်တွင် စိုးမင်းဦးသည် ဂိုးသွင်းဘုရင်ဖြစ်ခဲ့သော်လည်း ဒုတိယနှစ်တွင် ထိပ်ဆုံးဂိုးသွင်းရှင် ငါးဦးအနက် မြန်မာကစားသမားအဖြစ် ကျော်ဇေယျာဝင်းနှင့်ရန်ပိုင်တို့သာ ပါဝင်နိုင်ခဲ့သည်။ တတိယအကြိမ်တွင် ဂိုးသွင်းအများဆုံး ငါးဦးအနက် စိုးမင်းဦးတစ်ဦးသာပါဝင်ခဲ့ပြီး စိုးမင်းဦးသည်လည်း အဆင့် (၅) သာရရှိခဲ့သည်။ စတုတ္ထအကြိမ်တွင် ထိပ်ဆုံး ရှစ်ဦးအထိ မြန်မာဘောလုံးသမားတစ်ဦးမှ မပါဝင်ခဲ့ပေ။ ပဉ္စမအကြိမ်တွင်လည်း ထိပ်ဆုံး ၁၀ ဦးစာရင်းတွင် စိုးမင်းဦးတစ်ဦးသာပါဝင်ခဲ့ကာ ယခုကျင်းပနေသည့်ပြိုင်ပွဲတွင်လည်း ဖွန်ဆီကာ၊ ကိတ်၊ ဆီဆာ၊ အီမာဆင်၊ ချီကွာဇူစသည့် ပြည်ပကစားသမားများကသာ ဂိုးအများဆုံး သွင်းသူစာရင်းတွင် ဦးဆောင်နေကြသည်။

ဆိုချင်သည်မှာ မြန်မာကစားသမားများအနေဖြင့် မြန်မာနေရှင်နယ်လိဂ်တွင် ပြည်ပကစားသမားများကို ရင်ပေါင်မတန်းနိုင်ပြီလော။ လက်ရှိအချိန်တွင် မြန်မာတို့၏ အဓိက တိုက်စစ်မှူးအဖြစ် ယူဆခြင်းခံထားရသော ကျော်ကိုကိုသည်ပင်လျှင် ယခုနှစ်၌ ဂိုးသွင်းအများဆုံး ငါးဦးစာရင်းတွင် မပါဝင်သေးပေ။ ထိုအချက်သည် သာမန်ဟုဆိုနိုင်သော်လည်း တွေးလျှင် ကျယ်ပြန့်လွန်းသည်။ ထိုအချက်ကို အချိန်မီ ပြုပြင်နိုင်စွမ်းမရှိဘဲ ယင်းကဲ့သို့ပင် ပြည်ပကစားသမားအပေါ်တွင်သာ ရေရှည်မှီခိုသွားရမည်ဆိုပါက လက်ရွေးစင်အသင်းအတွက် မည်သို့မျှအထောက်အပံ့ဖြစ်လာမည်မဟုတ်ပေ။

ယနေ့အချိန်တွင် မြန်မာနေရှင်နယ်လိဂ်တွင် မြန်မာကစားသမားများ ဂိုးသွင်းစွမ်းရည် ကျဆင်းနေသော အချက်တစ်ခုတည်းနှင့် မြန်မာနေရှင်နယ်လိဂ် စတင်ကျင်းပသည့် ၂၀၀၉ ခုနှစ်မှစ၍ ယနေ့အချိန်အထိ မြန်မာအသင်းကစားခဲ့သော ပြိုင်ပွဲကြီးများ၌ မြန်မာအသင်းရရှိခဲ့သော ဂိုးသွင်းနှုန်းကိုသာ နှိုင်းယှဉ်ကြည့်သင့်သည်။ ၂၀၀၉ ခုနှစ် လာအိုဆီးဂိမ်းတွင် မြန်မာအသင်းက တစ်ဂိုးထက်ပိုသွင်းနိုင်သောပွဲ တစ်ပွဲသာရှိခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၃ ဆီးဂိမ်းတွင်လည်း မြန်မာအသင်းသည် အရေးပါသော အင်ဒိုနီးရှားနှင့်ပွဲတွင် တစ်ဂိုးမျှပင်မသွင်းနိုင်ခဲ့ပေ။

၂၀၁၂ ဆူဇူကီးပြိုင်ပွဲတွင်ဆိုလျှင် မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက် တစ်ဂိုးသာ သွင်းနိုင်ခဲ့သည်။ ၂၀၁၀ ဆူဇူကီးပြိုင်ပွဲတွင်လည်း မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက် နှစ်ဂိုးသာ သွင်းနိုင်ခဲ့သည်။ ယင်းမှာသာမန်ဟု ယူဆထားသော အခြေအနေတစ်ရပ်ကို ချပြခဲ့ခြင်းဖြစ်သည်။ အရှင်းဆုံးပြောရရင် လက်ရွေးစင်အသင်းအတွက် ကလပ်အသင်းများအနေဖြင့် ထိမိသော ပံ့ပိုးမှုမျိုးလုပ်ဆောင်နိုင်မှသာ တာဝန်ကျေသော အမှတ်ပေးပြိုင်ပွဲတစ်ရပ်ဖြစ်လာမည် ဖြစ်သကဲ့သို့ လက်ရွေးစင်အသင်းအတွက် အားကိုးနိုင်လောက်သော ကစားသမားကောင်းများကို မွေးထုတ်ပေးနိုင်ရန်မှာ အဓိကတာဝန်ဖြစ်သည်။ ဆိုချင်သည်မှာ လက်ရွေးစင်အသင်း၏ ကျောထောက်နောက်ခံကောင်းအဖြစ် နေရှင်နယ်လိဂ်ကို မြင်လိုခြင်းပင်။

မြန်မာနေရှင်နယ်လိဂ်အနေဖြင့် လက်ရွေးစင် အသင်းကြီးအတွက် အနာဂတ်အောင်မြင်မှုကို မျှော်မှန်း၍ ပစ္စုပ္ပန်၏ အားနည်းချက်များကို နည်းလမ်းမှန်မှန်နှင့် မြန်မြန်ဆန်ဆန် ပြုပြင်ရန် လိုအပ်နေပြီဟု ယူဆမိပါကြောင်း စေတနာကောင်းဖြင့် သုံးသပ်တင်ပြလိုက်ပါသည်။

ဝဲကြီးတံတားမိုးဦးမကျမီ ရေတိုးမှုဒဏ်ကြိုတင်ကာကွယ်ရန်လို

နေပြည်တော် ဧပြီ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝင်ပြန်ကျေးရွာမှ ဆင်သေချောင်းကို ဖြတ်၍ဆောက်လုပ်ထားသော ဝဲကြီးတံတားသည် ကျေးရွာချင်းဆက် တံတားတစ်ခုဖြစ်သည်။ **(အပေါ်ပုံ)**

ဝဲကြီးတံတားကို ဖြတ်ကျော်၍ ဆင်ဖြူကျွန်း တရားရိပ်သာသို့ သွားရောက် တရားစခန်းဝင်နိုင်ပြီး ကျောင်းကုန်း၊ ကန်ဇွန်းအင်း၊ ပုဇွန်ဆိတ်၊ ကျွန်းတောရွာများကိုဖြတ်၍ ဗုဒ္ဓဂယာသို့ အချိန်တိုတောင်းစွာဖြင့် သွားရောက်ဖူးမြော်နိုင်သော လမ်းတိုဖြတ်လမ်းတစ်ခုဖြစ်သည်။

ဝဲကြီးတံတား၏ အနီးပတ်ဝန်းကျင်ကျေးရွာများမှလည်း ဒေသထွက်ကုန် ကောက်ပဲသီးနှံများကို တပ်ကုန်းမြို့သို့ သွားရောက်ပို့ဆောင်ရောင်းဝယ်ရာတွင် အဓိကကျသည့် တံတားတစ်ခုဖြစ်ပြီး ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ နေ့စဉ်ဖြတ်ကျော်သွားလာနေကြရသည့် တံတားတစ်စင်းလည်း ဖြစ်သည်။

မိုးဦးကာလ မိုးရွာသည်နှင့်ဆင်သေချောင်း၏ ရေစီးသန်မှုကြောင့် နှစ်စဉ် ရေစီးရာအောက်သို့ တံတားပျက်စီးမျောပါ၍ဆင်သေချောင်းအား တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ကူးဖြတ်ရာတွင် ဝါးဖောင်၊ လှေများကို အသုံးပြုကူးကြရသဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်း အသက်အန္တရာယ်နှင့် ရင်းပြီးကူးနေကြရသည့်အတွက် ဝဲကြီးတံတားကို မိုးဦးမကျမီ ရေတိုးမှုမှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
မြင့်သန်း(အောက်စီဂျင်)

မီးဆော့ရာမှ နွားထိုးကြီးမြို့တွင် မီးလောင်မှုဖြစ်

နွားထိုးကြီး ဧပြီ ၁၃

နှစ်နှစ်အရွယ် ကလေးက မိခင်အိမ်သာတက်စဉ် ဖရောင်းတိုင်မီးဆော့ ကစားရာမှ မီးလောင်မှုတစ်ခု ဧပြီ ၆ ရက် ည ၈ နာရီက နွားထိုးကြီးမြို့ အမှတ်(၄)ရပ်ကွက် ကျော်စိုးမင်း၏ သုံးပင်နှစ်ခန်း ထန်းရွက်မိုး၊ ထန်းရွက်ကာနေအိမ် မီးလောင်ခဲ့သည်။

အမှတ် (၄) ရပ်ကွက်သားအချို့က ကျန်နေအိမ်နှစ်လုံး မီးမကူးရန် တစ်လုံးဖျက်လိုက်ရကြောင်း သိရသည်။

နွားထိုးကြီးမြို့ပေါ်တွင် မီးလန့်မှု၊ မီးလောင်မှုသုံးကြိမ်ရှိနေသော်လည်း မီးသတ်ကားကို သုံးစွဲခြင်းမရှိ။ အရန်မီးသတ်တပ်ဖွဲ့မပါဘဲ သန္နေမီးသတ်များနှင့်မနိုင် မနင်းဖြစ်နေရကြောင်း၊ မီးသတ်ကားလေးစီး၊ သန္နေမီးသတ် ၁၀ ဦးသာရှိကြောင်း မြို့ခံတို့က ပြောသည်။

ဖွေးမြင့်မောင်

ပူပြင်းသောရာသီဥတုဖြစ်၍ မီးဘေးသရုပ်ပြဆောင်ရွက်

မြို့သစ် ဧပြီ ၁၃

ပူပြင်းခြောက်သွေ့သော အချိန်အခါဖြစ်နေသည့်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနက လူစည်ကားရာနေရာဖြစ်သည့် မြို့သစ်မြို့မဈေးကြီးအတွင်း မီးသတ်ဦးစီးဌာနက မီးငြိမ်းသတ်ခြင်းသရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုများကို မြို့မဈေးကြီးအတွင်းမီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် သရုပ်ပြလေ့ကျင့်နေမှုများကို ဧပြီ ၁၀ ရက် ညနေ ၄ နာရီခွဲက ကျင်းပဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသောင်းတင်နှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ဆောင်ရွက်နေမှုများကို မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်သူ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့သစ်မြို့မရဲစခန်း ဒုတိယရဲမှူးကံပိုနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများနှင့် ပြည်သူများက စိတ်ဝင်တစားကြည့်ရှုခဲ့ကြောင်းသိရသည်။

ဇော်ဇော်(ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဘီလပ်မြေ(၃၈၅၀၀၀)အိတ်ကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၄-၂၀၁၄ ရက် (၁၆:၀၀) နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘဏ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

ဦးအောင်ဇော်ထွန်း(ခ)ဦးခင်မောင်လွင် ၁၂/ဥကတ(နိုင်)၁၃၁၇၀၅ နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၃၁/၃၃ရှိ Best Luck Co.,Ltd. ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်၁၉၁ လွင်တာယာဆိုင်မှ လူကြီးမင်း ဦးအောင်ဇော်ထွန်း(ခ)ဦးခင်မောင်လွင်က ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော Best Luck Co.,Ltd. ထံသို့ JK တံဆိပ်တာယာဖိုးငွေ ကျပ် ၃၄၀၅၀၀၀ိ/ကို ပေးရန် ကျန်ရှိနေပါသည်။ လူကြီးမင်းအား ဖုန်းဖြင့်သော်လည်း ကောင်း တရားဝင်နို့တစ်စာ ပေးပို့၍သော်လည်းကောင်း ဆက်သွယ်ခဲ့သော်လည်း လူကြီးမင်းမှ တစ်စုံတစ်ရာအကြောင်းပြန်ကြားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ လူကြီးမင်းမှ ကျွန်ုပ်တို့၏မိတ်ဆွေ Best Luck Co.,Ltd. သို့ပေးရန် ကျန်ရှိနေသော တာယာဖိုးငွေကျပ် ၃၄၀၅၀၀၀ိ/-ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်တွေ့ဆုံညှိနှိုင်းပေးအပ်ရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားမကြောင်းအရဖြစ်စေ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်တင်တင်လှိုင် LL.B တရားလွှတ်တော်ရှေ့နေ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၄၀၁၈၄၊ ၀၉-၇၃၀၇၁၇၉၂၊ ၀၉-၂၅၀၆၄၉၇၉၉

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၆၉၊ မြေကွက်တည်နေရာအမှတ် ၆၉၊ မင်းရဲကျော်ထင်လမ်း၊ ရွှေပြည်သာ ဦးလှသန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှသန်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးလှဦး ၁၂/အစန(နိုင်)၁၃၂၄၇၁မှ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တင်ပြထားသော ပါမစ်တွင် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်မပါရှိ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

လူပျောက်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ သီတာလမ်း၊ အိမ်အမှတ် ၂၉၊ ဦးဝင်းနိုင် ၁၂/မဂဒ(နိုင်)၀၅၃၉၃၂၏ဇနီး မသင်းသင်း ၁၂/မဂဒ(နိုင်)၁၁၇၄၇၇သည် ၁၀-၃-၂၀၁၄ ရက်တွင် လူမှုရေးကိစ္စ စကားများရန်ဖြစ်၍ အိမ်မှထွက်ခွာသွားပြီး ယနေ့တိုင် ပျောက်ဆုံးနေပါသည်။ အဆိုပါ မသင်းသင်းခိုင်သည် ငွေကျပ် ၁၇၀၀၀၀၀ိ/ (ငွေကျပ်ဆယ့်ခုနစ်သိန်းတိတိ) ယူဆောင်သွားပြီး ပျောက်ဆုံးနေပါသည်။သွေးဆောင်လက်ခံထားသူအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းနိုင်(ခင်ပွန်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/ 3613 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/ 3514 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၈၁၈၀ Honda C90, Custom CMS, M/Cယာဉ်လက်ဝယ်ရှိသူဒေါ်ဝေဝေအောင်၁/မကတ(နေ)၀၀၀၇၈၈၈(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**

(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၇၅၅၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ၄ ရပ်ကွက်၊ ၁၀လမ်း၊ အိမ်အမှတ် ၁၀နေ (ဦးဖိုးမျှင်)-ဒေါ်နှင်းဆီတို့၏သား ဦးဝင်းစိန် ၁၄/ညတန(နိုင်)၀၅၁၈၇၃နှင့် ဦးအောင်ဆန်း ၁၄/ညတန(နိုင်)၀၅၁၈၇၄သည် မိခင်နှင့် ညီ၊ ညီမများအားရန်သူသဖွယ်ပြုမူ၍ စိတ်ဆင်းရဲအောင်နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းတို့နှစ်ဦးနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်နှင်းဆီ ၁၄/ညတန(နိုင်)၀၉၁၉၁၆

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တစ်ချိန်က ချိုးကောက်စရာ အစာမရှိတဲ့ မြေကြီးက အခုတော့ ရွှေအသီးတွေသီးနေပြီ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသသည် စိုက်ပျိုးမြေရှိသော်လည်း စိုက်ပျိုးရေမရှိ၍ မစိုက်ပျိုးနိုင်ခဲ့ပေ။ မိုးတစ်သီးကို အဓိကထားစိုက်ပျိုးကြသော်လည်း မိုးဦး၊ မိုးလယ်၊ မိုးနှောင်းအားလုံးကောင်းမှ အကျိုးအမြတ်ရကြသည်။ သို့သော်ရာသီဥတုမကောင်းသည့်နှစ်က များများမို့ ဒေသခံများ၏ဘဝတွေက မလှမပဖြစ်ခဲ့ရသည့်ကာလတွေက ဆယ်စုနှစ်ပေါင်းများစွာကို ဖြတ်သန်းခဲ့ကြရသည်။

ထိုထိုသော ဆယ်စုနှစ်များစွာကာလ ဖြတ်သန်းရာတွင် ရေစကြိုမြို့နယ်အတွင်းက ဝါယာ၊ သာစည်ဒေသကျေးရွာအုပ်စုငါးအုပ်စုလည်း ပါဝင်သည်။ လယ်ယာ၊ ကိုင်းကျွန်းမြေတွေရှိသော်လည်း စိုက်ပျိုးရေမရှိသည့်အတွက် စိုက်ချင်တိုင်းစိုက်၍မရဘဲ ချိုးငှက်များပင် သောက်စရာရေနှင့် ကောက်စရာအစာမရှိတဲ့ ဒေသတစ်ခု၏ ဖွံ့ဖြိုးမှုတွေနှေးကွေးခဲ့ကြရသည်။

ဤသို့သော အပူပိုင်းမိုးနည်းဒေသ မကွေးတိုင်းဒေသကြီးတွင် တပ်မတော်အစိုးရလက်ထက်က လျှပ်စစ်မြစ်ရေတင် ၃၂ ခုကို ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသဝမ်းစာဖူလုံစေရန်ရည်ရွယ်၍ တည်ဆောက်ပေးခဲ့သည်။ ထိုထဲတွင် ရေစကြိုမြို့နယ်အတွင်းက လျှပ်စစ်မြစ်ရေတင်

မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေပေးဝေထား။

ခုနစ်ခုလည်း အပါအဝင်ဖြစ်သည်။

ထိုလျှပ်စစ်မြစ်ရေတင် ခုနစ်ခုသည် ဆယ်စုနှစ်များစွာ ဖွံ့ဖြိုးမှုနှေးကွေးခဲ့သည့် ဝါယာ-သာစည်ဒေသတွင် နိုင်ငံတော်မှ ငွေကျပ်သန်း ၆၁၁ ဒသမ ၈၅ သန်း၊ U$ ၀ ဒသမ ၁၄၉ သန်း၊ RBM ၀ ဒသမ ၀၀၁ သန်း သုံးစွဲ၍ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို စတင်၍ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ပြီးစီးပြီး ရေစတင်ပေးဝေနိုင်ခဲ့သဖြင့် ကွင်းပေါင်း ၁၄ ကွင်းမှ လယ် ၅၅၉ ဧက၊ ယာ-၁၂၂၃ ဧက၊ ကိုင်း ၁၁၈ ဧကကို ရာသီအလိုက် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ တစ်နှစ်ပြီးတစ်နှစ် ယာမှလယ်ပြောင်းကြိုးပမ်းစိုက်ပျိုးခဲ့ရာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မိုးစပါး ၂၅၃၆ ဧက၊ ဆောင်းသီးနှံ ကုလားပဲနှင့် မတ်ပဲ ဧက ၂၅၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့သည်။

၂၀၁၄-၂၀၁၅ခုနှစ်တွင် အကျိုးတူတောင်သူပညာပေး ပုလဲသွယ်အထူးအထွက်တိုး တစ်ကွင်းတစ်စပ်တည်း စံပြစိုက်ကွင်းဧက ၅၀အပါအဝင် နွေစပါး ဧက ၂၅၀၊ နွေနှမ်း ဧက ၅၀၊ ပဲတီစိမ်းဧက ၇၀၀ကျော် စိုက်ပျိုးနိုင်ခဲ့ကြပြီဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတွေလည်း မြင့်မား၊ ဒေသဝမ်းစာ ဖူလုံမှုကိုလည်း အထောက်အကူပြု၊ နိုင်ငံတော်၏ ရိက္ခာလည်းတိုးတက် ထိုထိုသော အကျိုးဆက်တွေသည် ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်အကျိုးကြောင့်ဖြစ်သည်။

ယခင်ယခင်က ချိုးသောက်စရာရေနှင့် ချိုးကောက်စရာအစာမရှိတဲ့ မြေကြီးက အခုတော့ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိနေပြီဖြစ်၍ သီးနှံစိုက်စွမ်းအားလည်း မြင့်မားလာပြီး နွေတစ်သီး၊ ဆောင်းတစ်သီး၊ မိုးတစ်သီးနှင့်အတူ သီးထပ်သီးညှပ်ပါ စိုက်ပျိုးနိုင်ခြင်းကြောင့် ရွှေအသီးတွေ သီးနေပြီဖြစ်ပါကြောင်း ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏အောင်မြင်မှုကို မှတ်တမ်းပြုရေးသားအပ်ပါသည်။

ဖေထွဏ်းဇော်(ရေစကြို)

မော်တော်ယာဉ်စက်ချွတ်ယွင်း၍ လမ်းပိတ်ဆို့ခြင်းကို ယာဉ်ဆွဲကားများဖြင့် ဖြေရှင်းမည်

ရန်ကုန် ဧပြီ ၁၃

သင်္ကြန်ရက်များအတွင်း မဏ္ဍပ်ကြီးများ အများဆုံးတည်ရှိရာနေရာများနှင့် မော်တော်ယာဉ်ပိတ်ဆို့နိုင်ဖွယ်ရှိသည့် နေရာကြီးငါးနေရာတွင် ယာဉ်ဆွဲကားတစ်စီးစီ ထားရှိပေးသွားပြီး ယာဉ်ကြောပိတ်ဆို့မှုကို ပြေလည်အောင် ဆောင်ရွက်ပေးမည်ဟု ရန်ကုန်တိုင်းဒေသကြီး အမှတ် (၂)ယာဉ်ထိန်းရဲ တပ်ဖွဲ့ခွဲမှူးရုံးမှ သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သိမ်ဖြူတင်းနစ်ကွင်း၊ မဟာဗန္ဓုလပန်းခြံ၊ ကုက္ကိုင်းလမ်းဆုံ၊ မြေနီကုန်းလမ်းဆုံနှင့် ပါရမီမီးပွိုင့်တို့တွင် အဆိုပါ ယာဉ်ဆွဲကားများထားရှိပေးမည်ဖြစ်ပြီး သင်္ကြန်ကာလအတွင်း စက်ချွတ်ယွင်းကာ ရပ်တန့်ပိတ်ဆို့နေသည့် မော်တော်ယာဉ်များကို ဆွဲယူဖယ်ရှားပေးသွားမည် ဖြစ်သည်။

ယာဉ်ဆွဲကားများဖြင့် ဝင်ရောက်ရန်ခက်ခဲပါကလည်း ကရိန်းယာဉ်များဖြင့် အပေါ်မှဆွဲယူဖယ်ရှားပေးနိုင်ရန် စီစဉ်ထားကြောင်း အဆိုပါ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ သိရသည်။

ခင်လေးမြင့်အောင်

သတင်းတိုများ

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်း

ကရင်ပြည်နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်၊ တိုင်းရင်းသားလူငယ်လေးများ အသက်မွေးမှုပညာတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သော ပန်းရန်၊ လက်သမား၊ သံချည်သံကွေး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲကို ဧပြီ ၁၁ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ အမက(၁၂)ကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဆင်း အမှာစကားပြောကြားပြီးနောက် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက အမှာစကားပြောကြားကာ ပန်းရန်နှင့်လက်သမား ကျွမ်းကျင်ဆုများပေးအပ်ရာ ဆုရရှိသူများကလက်ခံသည်။ ထို့နောက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက အမက(၁၂)အခြေခံပညာမူလတန်းကျောင်းအတွက် လှူဒါန်းငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းကို ရက်သတ္တငါးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပြီး သင်တန်းသို့ တိုင်းရင်းသားလူငယ် ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ နေမျိုးလွင်(ပြန်/ဆက်)

နှစ်သစ်အကြို သက်ကြီးရွယ်အိုများအား ကန်တော့လက်ဆောင်များ ပေးအပ်

ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာ(၁) ရပ်ကွက် လူငယ်ဘုံဆွမ်းလောင်းအသင်းမှ အသင်းဝင်များ၏ ပေါင်းစုအားဖြင့် ပထမဆုံးအကြိမ် အိမ်တိုင်ရာရောက် သက်ကြီးဘိုးဘွားကန်တော့ခြင်းကို ဧပြီ ၉ ရက် နံနက် ၈ နာရီက စတင်ကာ ညနေ ၅ နာရီအထိ ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အို ၅၅ ဦးထံ အရောက်သွားကာ ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် လိုက်လံကန်တော့ခဲ့ကြောင်း သိရသည်။ အိမ်တိုင်ရာရောက် လိုက်လံကန်တော့နိုင်ရန်အတွက် အသင်းမှ ရန်ပုံငွေများကို အသုံးပြုခြင်းမဟုတ်ဘဲ အသင်းဝင်များ၏ နှစ်သစ်ကူးပေါင်းစုအားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် အသင်းဥက္ကဋ္ဌက မုန့်ပုံး ၁၀၀ နှင့်အတူ အလှူငွေများကို မတည်ပေးခဲ့ကြောင်း သိရသည်။ အသက်အကြီးဆုံး အဘွားချိန်းကို ဦးရဲထွန်း-ဒေါ်မိုးမိုးဦး မိသားစုက သီးသန့်အလှူငွေကျပ် ငါးသောင်းနှင့် လှူဖွယ်များကိုလည်း အဆိုပါ အခမ်းအနားတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။ ဝေဖြိုးအောင်

ထန်းတပင်မြို့နယ်တွင် မိုးရာသီစိုက်ပျိုးနိုင်ရန် မျိုးစေ့ပျိုးပင်များ စိုက်ပျိုး

မိုးရာသီတွင် ကျွန်းသစ်၊ သစ်မာပင်၊ အရိပ်ရပင်၊ ဆေးဖက်ဝင်အပင်များ စိုက်ပျိုးနိုင်ရန် သစ်စေ့များဖြင့် ပျိုးပင်ပေါက်ရရှိရေးအတွက် ဧပြီ ၁၀ ရက် ညနေ ၄ နာရီက ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မျိုးစေ့များစိုက်ပျိုးခြင်းကို သစ်တောဦးစီးဌာန ပျိုးပင်ခြံ၌ကျင်းပရာ မျိုးစေ့ပျိုးပင်ပေါင်း ၂၅၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (၀၁၉)

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က+ခ၊ မြေကွက်အမှတ်၈၅၄၊ မြေကွက်တည်နေရာ (ဦးဟုတ်ရွှေ) အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက်ခင်ပွန်းဦးဟုတ်ရွှေကွယ်လွန်သဖြင့် ဒေါ်တင်လှ ၁၂/လမန(နိုင်)၀၀၉၂၀၃ က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၈၊ မြေကွက်အမှတ်၄၇၄၊ မြေကွက်တည်နေရာအမှတ် ၄၇၄၊ နဝရတ်လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဦးခင်မောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်မောင် (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်နွဲ့နွဲ့ ၁၂/သကတ(နိုင်)၆၅၂၃၄၆ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် မြေကွက်အမှတ် ၂၄၊ သိမ်ကြီးလမ်း၊ တိုက်အမှတ် ၇၅၊ ခြေရင်းအခန်း၊ အထပ်တတိယထပ်ရှိ ၁၂½'၊ ၅၀' တိုက်ခန်းအား ဒေါ်မူမူမြင့် ၁၂/ကမတ(နိုင်)၀၁၈၀၆၂ မှ ဝယ်ယူပိုင်ဆိုင်ထားပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ ၄င်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ဒေါ်လုဆိုင် ၁/မကန(နိုင်)၀၂၄၁၈၁ မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လုဆိုင်
၁/မကန(နိုင်)၀၂၄၁၈၁

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ သုခလမ်း၊ အမှတ် ၈၀ဟုခေါ်တွင်သော နေအိမ်များနှင့်တကွ ယင်းနေအိမ်များတည်ရှိရာ ပေ(၅၄×၁၀၀)စတုရန်းပေ အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူဖြစ်သော ဒေါ်လှရီ ၁၂/မရက(နိုင်)၀၇၄၈၆၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော်	**ဦးမျိုးသူရအောင်**	**ဦးဝေယံဦး**
LL.B (စဥ်-၄၃၁၄၁)	**(စဥ်-၄၂၂၁၀)**	**(စဥ်-၄၂၂၂၇)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေများ**	

အမှတ် ၄၆/ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၈၂၆/က၊ မြေကွက်တည်နေရာအမှတ် ၈၂၆/က၊ ရန်ပြေ ၂လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးသောင်းညွှန့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းညွှန့်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်စိုး ၁၂/သကတ(နိုင်)၀၁၄၀၀၆ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၀၉/၁၄ (၁၈-၂-၁၄)ဖြင့်ရသူ ဦးဝင်းနိုင် ၁၂/သကတ(နိုင်)၁၃၃၈၆၂ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်းကွက် အမှတ်၁၅၀၊ မြေကွက်အမှတ်၁၅၈၁၊ မြေကွက်တည်နေရာ အမှတ်၁၅၈၁၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဦးခင်မောင်ရီ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်မောင်ရီ ၁၂/တမန(နိုင်)၀၁၁၂၂၃ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယ/ဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက် အမှတ် ၅၃၂/စီ ကာ၊ မြေကွက်အမှတ် ၉၁/၅၄-B၊ မြေကွက်တည်နေရာအမှတ် ၂၆၂၊ မဉ္ဇူလမ်း၊ ကာယရပ်ကွက်၊ ငယ်စာရင်းအမည်ပေါက် ဒေါ်စန်းစန်းအေး ၁၂/မဂဒ(နိုင်)၀၉၅၄၈၈ ကိုယ်တိုင်က မိမိပိုင်ခြံမြေဖြစ်သည်မှာ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ ကာယ/ဉာဏရပ်ကွက် မြေဂရန်ချထားပေးရေးအထောက်အကူပြုအဖွဲ့မှ ထောက်ခံချက်တို့ကိုတင်ပြ၍ နှစ် ၆၀ဂရန် မြေငှားစာချုပ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄၁/ကံဘဲ့၊မြေကွက်အမှတ် ၃/၁၅၉၊ မြေကွက်တည်နေရာအမှတ် ၇၅/ခ၊ သဇင်ဖြူလမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးမြရွှေ ၁၂/ရကန(နိုင်)၀၂၈၇၅၃ အမည်ပေါက် တစ်နှစ်ယာယီမြေအား အမည်ပေါက် ဦးမြရွှေထံမှ ၁၃-၂-၂၀၁၄ ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ကေသီလှ ၁၂/မရက (နိုင်)၀၀၂၃၉၈က နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၀၊ မြေကွက်အမှတ် ၂၅၈၊ မြေကွက်တည်နေရာအမှတ် ၂၅၈၊(၃၀)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးမြင့်ဌေး L/RGN-၀၀၁၃၇၀၊ ၁၂/အလန(နိုင်) ၀၃၈၁၀၀ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဌေး ကွယ်လွန်သဖြင့် ဒေါ်ရင်ရင်ထွန်း ၁၂/အလန(နိုင်)၀၁၈၃၅၂ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆အိပ်ချ်၊ မြေကွက်အမှတ် ၆၆အိပ်ချ်/၂၊ မြေကွက်တည်နေရာအမှတ် ၅၁၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်[ဒေါ်တင်လှဝင်း(ခ) ဒေါ်တင်လှ၊ ဦးစောဝင်း၊ ဦးအေးဝင်း(ခ) ဦးညီညီ၊ ဒေါ်ခင်မြဝင်း(ခ) ဒေါ်ချောချော၊ ဦးစိန်ဝင်း(ခ)ဦးနီထွေး၊ ဦးထွေးဝင်း] အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်တင်လှဝင်း(ခ)ဒေါ်တင်လှ (မိခင်)၊ ဦးညွန့်လှိုင်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဦးခိုင်ဝင်း ၁၂/ဗဟန(နိုင်)၀၅၅၁၂၄၊ ဒေါ်တင်မိုးလှိုင် ၁၂/ဗဟန(နိုင်)၀၁၇၃၁၂ တို့က သားသမီးအရင်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ကျန်ပူးတွဲအမည်ပေါက်များနှင့်အတူ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၉/၈၀၇၀ Win Win Myanmar M/B ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီမော် ၁၂/မဂဒ(နိုင်)၀၆၁၄၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားမရုံး၌

၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၄၉

ဒေါ်တင်ဇာဝင်း **နှင့်** ဒေါ်နွယ်နီထွန်း

တရားလို **တရားပြိုင်**

အောင်မြေသာဇံမြို့နယ်၊ အကွက် ၂၂၊ ထန်းတောရပ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ ဒေါ်နွယ်နီထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကပဋိညာဉ်အတိုင်း အရောင်းအဝယ်ပြုလုပ်သည့်မြေနှင့်အဆောက်အအုံအား လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) ကာလတန်ဖိုးငွေကျပ်သိန်း ၂၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မေ ၂၄ရက် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့်ဆိုင်သောစာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် မတ် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
ဒုတိယခရိုင်တရားသူကြီး (၁)
မန္တလေးခရိုင်တရားရုံး

၄-၂-၂၀၁၄ရက်စွဲပါ တရားလွှတ်တော်ရှေ့နေ ဦးမြင့်စိုး၏အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က-၃)လမ်းရှိ သာသနာ့ဟိတကာရီ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာချက်အပေါ်

ပြန်လည်ရှင်းလင်းကြေညာခြင်း

သာသနာ့ဟိတကာရီပရိယတ္တိစာသင်တိုက် အမှတ်(၆)ဘုန်းတော်ကြီးပညာသင်ကြားရေး (မူလတန်းလွန်) ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမနှင့် အကျိုးတော်ဆောင်အဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

သာသနာ့ဟိတကာရီစာသင်တိုက်၏ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ ၂၉-၄-၁၉၉၃ ခုနှစ်ကစတင်၍ အင်းစိန်မြို့နယ်၊ သစ်လုံးသိုလှောင်ရေးဌာနစု၊ ပြည်ပရောင်းဝယ်ရေးသစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း၏ လှူဒါန်းထားသော ပေ(၂၀၀×၇၀) မြေကွက်ပေါ်တွင်သာ တည်ရှိနေခြင်းဖြစ်ပြီး ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး၏ သာသနာ့နယ်မြေအတွင်း ကျူးကျော်ဆောက်လုပ်ထားခြင်း လုံးဝမဟုတ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

၄င်းအပြင် နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်များ၏ ၁၀-၇-၂၀၁၂ ရက်စွဲပါ စာအမှတ် ညှိနှိုင်း/၁၅-မှတ်တမ်း/၄/သာ-မဟာန၏ ဆုံးဖြတ်ချက်ပါ ညှိနှိုင်းသဘောတူညီချက် (၅)ချက်တွင်လည်း အဆောက်အအုံများအား တိုးချဲ့ပြုပြင်မွမ်းမံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အသစ်ထပ်မံဆောက်လုပ်ခြင်းတို့ကို တားမြစ်ထားမှုမရှိခဲ့သည့်အပြင် ညှိနှိုင်းသဘောတူညီချက် အပိုဒ်(ဃ)၌ ဘ/က ကျောင်းတည်ရှိနေမှုကို ဘုရားကြီးဂေါပကအဖွဲ့က ကျေနပ်လက်ခံပါသည်ဟု ဝန်ခံကတိပြုပါသည်ဟု သဘောတူညီချက်လည်း ရှိပြီးဖြစ်ပါသည်။ ထို့အပြင် ဘ/က ကျောင်းတိုက်တည်ရှိရာနေရာမှာ ဖောင်တော်ဦးဘုရားကြီး၏ တံတိုင်းအပြင်ဘက်တွင် တည်ရှိနေပါ၍ ကျူးကျော်ခြင်းလုံးဝမဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းတင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)
အမှတ် ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၆၁၀၊ မြေအတိုင်းအတာ ပေ(၄၀×၆၀)ဦးသိန်းအောင်အမည်ပေါက်ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်စပယ်လွင် ၁၄/ပသန(နိုင်)၀၁၀၃၃၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားစာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
(ဦးမျိုးမြင့်) BA, HGP, RL ဥပဒေအကျိုးဆောင်နှင့်ဥပဒေအကြံပေး
အမှတ် ၁၅၊ ရွှေနှင်းဆီ ၃လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၅၀၅၄၀၇၈

မရင်လီ ၁၃/လရန(နိုင်)၁၀၀၄၆၇ သိရှိစေရန်ကြေညာခြင်း

၁-၄-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာပါ ဖြေရှင်းပေးပါရန်နှင့် ပတ်သက်၍ ဒေါ်လာ ၃၂၀၀၀ကို ဇမ္ဗူရတနာကုမ္ပဏီသို့ပေးသွင်းပြီးဖြစ်ရာ၌ ၇-၄-၂၀၁၄ ရက် မရင်လီထံသို့ ၃၁-၃-၂၀၀၈ ရက်တွင် ၄င်းကိုယ်တိုင်လက်မှတ်ရေးထိုးပြီး သုံးစွဲခွင့်ပြုထားသည့် ဖြေရှင်းစာပို့ခဲ့ပြီး ဖြေရှင်းပြီးဖြစ်ကြောင်း၊ မရင်လီမှာ သစ်စေး၊ သစ်လုံး ၄၅၇ တန်ရရှိအောင် ဆောင်ရွက်ခဲ့သည့်အပေါ် ချုပ်ဆိုထားသော အကျိုးတူစာများအရ ပေးရန်ကျန်ရှိသောငွေအား အမြန်ရှင်းပေးပါရန် ကြေညာအပ်ပါသည်။

ဦးလှမြင့် ၁၂/မဂဒ(နိုင်)၀၅၂၂၈၀
ဖုန်း-၀၉-၇၃၂၀၃၁၆၅

ပျောက်ဆုံးကြောင်း

ကျွန်မ မသစ်သစ်ဆွေ ၁၃/တကန(နိုင်)၁၄၂၇၅၁၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၆၂၃၉၉၉

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအိုက်လူ ၁၃/မပတ(နိုင်)၀၂၅၆၃၃၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၉၈၇၆၄၀

ပျောက်ဆုံးကြောင်း

လဲချားမြို့၊ အမှတ် (၃) ရပ်ကွက်နေ ဦးစိုင်းစိန်ခေး၏ ပတ်စ်ပို့ P-၆၂၈၃၇၉သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၈၁-၃၂၃၂

ပျောက်ဆုံးကြောင်း

ကျွန်မ မမြသက်ခိုင် ၁၃/တကန(နိုင်)၂၅၄၄၁၉၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၈၁-၂၁၂၁၄၅၇

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၂၆၅၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါသဖြင့် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

ကန့်ကွက်နိုင်ပါသည်

